# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**သူတော်ကောင်းတရားမှ မဆုတ်ယုတ်**

တရားလျှင် မွေ့လျော်ရာရှိသော၊ တရား၌ မွေ့လျော်တတ်သော၊ တရားကို အဖန်ဖန်ကြံစည်တတ်သော၊ တရားကို အဖန်ဖန်အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်။

ဘိက္ခုဝဂ် (ဓမ္မပဒ-၃၆၄)


၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက် | ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၂)၊ အမှတ်(၃၅၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ခရီးသွားလုပ်ငန်းကို စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများတွင် အရေးပါသည့်လုပ်ငန်းအဖြစ် အလေးထားဆောင်ရွက်သကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများလည်း ပြည်တွင်း၊ ပြည်ပခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်နေ

# တည်ငြိမ်အေးချမ်းမှုရှိခြင်းသည် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေသောကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်သွားကြရမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

နေပြည်တော် စက်တင်ဘာ ၂၇

၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (ဗဟိုဌာန-၂)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များနှင့် ပုဂ္ဂလိက ခရီးသွားအဖွဲ့အစည်း ကိုယ်စားလှယ်များ၊ ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အဖွဲ့ဝင်နိုင်ငံများတွင်ပြုလုပ်လျက်ရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ် စက်တင်ဘာ ၂၇ ရက်၌ ကမ္ဘာတစ်ဝန်းမှ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အဖွဲ့ဝင်နိုင်ငံများတွင် ပြုလုပ်လျက်ရှိပြီး ခရီးသွားလုပ်ငန်း၏ အရေးပါမှုနှင့် ခရီးသွားလုပ်ငန်းနှင့်

*စာမျက်နှာ ၃ ကော်လံ ၁ ➜*

## မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုများကို မှန်ကန်စွာအသုံးပြုသူများအား အကာအကွယ်ပေးနိုင်ရေး

မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များကို အသုံးပြုပြီး ဆက်သွယ်ရေးကွန်ရက်ပေါ်မှ ရာဇဝတ်မှုများ၊ အကြမ်းဖက်လုပ်ဆောင်မှုများနှင့် ခြိမ်းခြောက်အန္တရာယ်ပြုမှုများ ပိုမိုပြုလုပ်လာကြသည့်အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုကို ထိခိုက်လာကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်လိုက်သည့် SIM Card များကို စနစ်တကျမှတ်ပုံတင်ရောင်းချခြင်းနှင့် လွှဲပြောင်းရာတွင် စနစ်တကျပြန်လည်မှတ်ပုံတင်ခြင်း အမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းဆက်သွယ်ရေးအော်ပရေတာများအားလုံးပေါင်း ဆင်းမ်ကတ်သုံးစွဲသူ သန်း ၆၀ ကျော်ရှိရာ နိုင်ငံ့လူဦးရေထက် ပိုမိုများပြားသည်။ မိုဘိုင်းဖုန်းသုံးစွဲသူမှာ နိုင်ငံ့လူဦးရေ၏ ထက်ဝက်ခန့်သာရှိသည်ဟုဆိုရာ တစ်ဦးလျှင် SIM Card နှစ်ကတ်ထက်မနည်း သုံးစွဲနေသည့်သဘောပင်ဖြစ်သည်။ မိုဘိုင်းဖုန်းသုံးစွဲသူများ မှတ်ပုံတင်ရန်နှင့် မှတ်ပုံတင်ခြင်းမရှိသည့် SIM Card များကို အပြီးပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ယခင်အစိုးရလက်ထက်ကပင် ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး အဓိကရည်ရွယ်ချက်မှာ မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုများကို မှန်ကန်စွာအသုံးပြုနေသူများအား အကာအကွယ်ပေးနိုင်ရန်နှင့် မိုဘိုင်းငွေကြေးဝန်ဆောင်မှုများ၊ အွန်လိုင်းဝန်ဆောင်မှုလုပ်ငန်းများတွင် ဝင်ရောက်လိမ်လည်မှုများ မပြုလုပ်နိုင်ရန်၊ အွန်လိုင်းရာဇဝတ်မှုများကို ထိန်းချုပ်နိုင်ရန်တို့အတွက်ပင်ဖြစ်သည်။

မှတ်ပုံတင်ထားခြင်းမရှိသော SIM Card များကိုအသုံးပြု၍ လိမ်လည်ခြင်း၊ အသရေဖျက်ခြင်း၊ ခြိမ်းခြောက်ငွေညှစ်ခြင်း စသည်တို့အပါအဝင် ရာဇဝတ်မှုများကို စုံစမ်းဖော်ထုတ်နိုင်ရန် အခက်အခဲများရှိသည့်အတွက် SIM Card များကိုရောင်းချရာတွင် ထုတ်ပြန်ထားပြီးဖြစ်သော အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများတွင် တာဝန်ရှိနေသည်။ ညွှန်ကြားချက်နှင့်အညီ မှတ်ပုံမတင်ဘဲ ဆက်လက်ရောင်းချမှုများပြုလုပ်နေခြင်းက ဥပဒေအရ အရေးယူရမည့်အခြေအနေသို့ ရောက်ရှိနေခြင်းပင်ဖြစ်သည်။ ပြည်တွင်း၌ သုံးစွဲနေသည့် SIM Card များကို နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် တိုက်ဆိုင်စစ်ဆေးပြီး ရက်ပေါင်း ၃၀ အတွင်း မှန်ကန်စွာ မှတ်ပုံတင်ရန်၊ ရက်ပေါင်း ၉၀ အတွင်း နိုင်ငံသားစိစစ်ရေးကတ်အချက်အလက်အမှန်ဖြင့် ပြန်လည်ပြင်ဆင်ခြင်းမရှိသည့် SIM Card များကို အပြီးပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ပြီးခဲ့သည့် မေလအတွင်းက ထုတ်ပြန်ခဲ့သည်။ အဆိုပါကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်အချက်အလက်အမှန်ဖြင့် ပြန်လည်ပြင်ဆင်ခြင်းမရှိသည့် SIM Card များမှာ မှန်ကန်စွာသုံးစွဲနေခြင်းဖြစ်သည်ဟု ယူဆဖွယ်ရာမရှိသည့်အလျောက် အပြီးပိတ်သိမ်းသင့်သည်သာ ဖြစ်သည်။

ယခုထုတ်ပြန်လိုက်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအရ မိုဘိုင်း SIM Card များကို အသစ်ထုတ်ဝေရောင်းချရာတွင်ဖြစ်စေ၊ လက်ရှိဖြန့်ဝေထားသည့် SIM Card ဖြစ်စေ ညွှန်ကြားချက်များနှင့်အညီ မှတ်ပုံတင်ရန်၊ မှတ်ပုံတင်မထားသော၊ လိမ်လည်မှတ်ပုံတင်ထားသော၊ ညွှန်ကြားချက်နှင့်အညီ မှတ်ပုံမတင်သော SIM Card များကို မရောင်းရန်၊ SIM Card ကို လွှဲပြောင်းကိုင်ဆောင်ပါကလည်း ရယူအသုံးပြုသူ၏ အချက်အလက်အမှန်ဖြင့် ပြန်လည်မှတ်ပုံတင်ကြရမည်ဖြစ်သည်။ အဆိုပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ်တွေ့ရှိရပါက ဆက်သွယ်ရေးဥပဒေပုဒ်မ ၇၂ အရ အရေးယူခံရမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

ဆက်သွယ်ရေးဥပဒေပုဒ်မ ၇၂ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟူ၍ ပြဋ္ဌာန်းထားခြင်းဖြစ်ရာ SIM Card များကို ရောင်းချရာတွင် စနစ်တကျမှတ်ပုံတင်ရေး၊ လွှဲပြောင်းရယူသုံးစွဲရာတွင်လည်း စနစ်တကျပြန်လည်မှတ်ပုံတင်ကြရေးအတွက် အကျိုးမျှော်ကာ နှိုးဆော်တိုက်တွန်းလိုက်ရပါကြောင်း။ ။

## ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ရင်ပြင်၌ အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



**ကျိုက်ထို စက်တင်ဘာ ၂၇**

ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ရင်ပြင်၌ အသံမစဲ မဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် ရင်ပြင်တော်အာရုံခံတန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဒါယကာ၊ ဒါယိကာမများက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ဂူကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တမဏ္ဍလက မြတ်စွာဘုရားအား ပင့်လျှောက်ကာ မရမ်းတောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနာယကထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ရင်ပြင်တော်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာသိပ္ပက နတ်ပြဟ္မာများ ပင့်ဖိတ်၍ ရဟန်းသံဃာတော်များက ပဋ္ဌာန်းတရားတော်များ ရွတ်ဖတ် ပူဇော်ကြကြောင်းနှင့် အလှူရှင်များက နဝကမ္မအလှူငွေ စုစုပေါင်း ငွေကျပ် ၃၀၃၀၀၀၀ ကို ပေးအပ်လှူဒါန်းသည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲကို နိုင်ငံအတွင်းရှိပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ပြီး ကပ်ကြီးသုံးပါးကျော်လွှားနိုင်စေရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကာ အောက်တိုဘာ ၃ ရက်အထိ ခုနစ်ရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

## လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးယာဉ်အတွက် အားသွင်းစက်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၇**



အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Leap-motor T03 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊Auto Top Power Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Dongfeng Motor Corporation Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Myanmar ArrThit Man Motor Co., Ltd.မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် CJNOO အမှတ်တံဆိပ် လျှပ်စစ်သုံးယာဉ် အားသွင်းစက်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဝက်ထီးကန်မြို့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

**ပြည် စက်တင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ဝက်ထီးကန်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား စက်တင်ဘာ ၂၅ ရက်က ပန်းခင်းစီမံချက်အဆင့်(၂)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးအပ်ခြင်းကို မြို့နယ်လူဝင်ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ပြည်မြို့နယ် ဝက်ထီးကန်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ (၁၈) နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသော ကျောင်းသား ကျောင်းသူများနှင့် အသက်(၁၆)နှစ်နှင့်(၁၈)နှစ်ကြား နိုင်ငံသားစိစစ်ရေးကတ် မရှိသေးသော ကျောင်းသား ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်ဆောင်ရွက်မှုအား ပြည်ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရဲနောင်က ကြည့်ရှုအားပေးသည်။



ယင်းနောက် ဒုတိယညွှန်ကြားရေးမှူး ဦးရဲနောင်နှင့် ပြည်မြို့နယ် လဝက မြို့နယ်ဦးစီးမှူး ဦးဇော်နိုင်သန်းတို့က နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၀၁ ခုအား ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ) ကိုစိုး(ပြည်)**

### လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၂၇**

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းကမ်းလွန်တို့တွင် နောက် ၇၂ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❍ ရှေ့ဖုံးမှ

ဆက်စပ်ပြီး ရရှိနိုင်သည့် လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများကို ပိုမိုသိရှိနားလည်နိုင်စေရန် ဖြစ်ပါကြောင်း။

**နှစ်အလိုက်သတ်မှတ်ပြီးကျင်းပပြုလုပ်ခဲ့**

ထိုသို့ကျင်းပပြုလုပ်ရာတွင် ခရီးသွားလုပ်ငန်း၏ ဖြစ်ပေါ်ပြောင်းလဲမှုများကို ထင်ဟပ်စေရန် လတ်တလောဖြစ်ပေါ်လျက်ရှိသော အခြေအနေနှင့် ကိုက်ညီသည့် ဆောင်ပုဒ်များကို နှစ်အလိုက် သတ်မှတ်ပြီး ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့၏ ဦးတည်ဆောင်ပုဒ်အဖြစ် **“ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ပေး” “Tourism and Green Investments”** ကို သတ်မှတ်ထားပါကြောင်း။

**ထိခိုက်ဆုံးရှုံးမှု များစွာဖြစ်ပေါ်စေခဲ့**

၂၀၂၀ ပြည့်နှစ်မှစတင်ပြီး ကမ္ဘာတစ်ဝန်း ပျံ့နှံ့ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါ၏ အကျိုးသက်ရောက်မှုများသည် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် စီးပွားရေး၊ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် ထိခိုက်ဆုံးရှုံးမှု များစွာဖြစ်ပေါ်စေခဲ့ပါကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ စာရင်းဇယားများအရ ခရီးသွားကဏ္ဍမှ အလုပ်အကိုင်ဖန်တီးမှုသည် ၇၀ ရာခိုင်နှုန်းကျော် ကျဆင်းသွားခဲ့သကဲ့သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၅ ဘီလီယံမှ ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆ ဘီလီယံထိ ကျဆင်းသွားခဲ့သည်ဟု သိရှိရပါကြောင်း။

**ရင်းနှီးမြှုပ်နှံရန် လိုအပ်နေ**

ခရီးသွားလုပ်ငန်းကဏ္ဍသည် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးမှုတွင် ဦးဆောင်နေရာမှ ရပ်တည်နေသည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ကမ္ဘာပေါ်တွင်ရှိသည့် လုပ်သားဦးရေ ၁၀ ဦးလျှင် တစ်ဦးက ခရီးသွားလုပ်ငန်းကဏ္ဍတွင် ဝင်ရောက်လုပ်ကိုင်နေသူများဖြစ်ပြီး အမျိုးသမီးနှင့်လူငယ်များအတွက် အလုပ်အကိုင်ဖန်တီးပေးနိုင်မှုအခွင့်အလမ်းလည်း များစွာမြင့်မားပါကြောင်း၊ သို့သော် အချို့သောအလားအလာရှိသည့် ခရီးစဉ်ဒေသများတွင် ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သည့် အတတ်ပညာများ သင်ကြားနိုင်မှုအခွင့်အလမ်းနည်းပါးခြင်းကြောင့် လူငယ် ၅၀ ရာခိုင်နှုန်းခန့်သည် ခရီးသွားလုပ်ငန်းကဏ္ဍတွင် ဝင်ရောက်လုပ်ကိုင်ရန်အတွက် အဟန့်အတားဖြစ်နေသည်ကို တွေ့ရှိရပါကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ စာရင်းများအရ လာမည့် ၂၀၃၀ ပြည့်နှစ်အထိ တစ်နှစ်လျှင် အလုပ်အကိုင်ပေါင်း ၈ သိန်းကျော်အတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများတွင် ရင်းနှီးမြှုပ်နှံရန် လိုအပ်နေသည်ကို သိရှိရပါကြောင်း၊ ထို့ကြောင့် ခရီးသွားလုပ်ငန်း ရေရှည်တိုးတက်ရန် ပြည်သူများအတွက် ရင်းနှီးမြှုပ်နှံကြရန် အရေးကြီးသည့်ကဏ္ဍတစ်ရပ်အနေဖြင့်

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဦးအောင်မြတ်မင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။



ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်စဉ်။



ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်စဉ်။

**◆မိမိတို့နိုင်ငံတွင် သဘာဝတရားကြီးက ပေးထားသည့် အကြီးမားဆုံးလက်ဆောင်ဖြစ်သည့် မြေပေါ်၊ မြေအောက်သဘာဝသယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝသည်ကို အားလုံးအသိပင်ဖြစ်၊ အလားတူ အဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များစွာရှိ၊ အဆိုပါ သဘာဝအရင်းအမြစ် ယဉ်ကျေးမှုအမွေအနှစ်များကို အခြေခံပြီး ခရီးစဉ်ဒေသနှင့် ခရီးသွားဆွဲဆောင်မှုများအဖြစ် ဖော်ထုတ်ပြီး ဖိတ်ခေါ်ပြသသည့် ခရီးသွားလုပ်ငန်းကို ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ဆုရရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၃ မှ*

သတ်မှတ်ထားခြင်းဖြစ်သည်ကို သက်ဆိုင်သူများက အလေးထားကြရန်လိုပါကြောင်း။

ရေရှည်တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်စေသည့် ခရီးသွားလုပ်ငန်းဖော်ဆောင်နိုင်ရန် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အဦများကို တည်ဆောက်ရာ၌ သဘာဝသယံဇာတများကို အကျိုးရှိစွာအသုံးပြုပြီး စွမ်းအင်ချွေတာရေး နည်းလမ်းများနှင့် ဆောင်ရွက်သည့် အစိမ်းရောင်အဆောက်အဦများ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြရန် လိုအပ်ပါကြောင်း။

### တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်

ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုခြင်း၊ နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ လူထုလူတန်းစားအသီးသီးထံသို့ ဝင်ငွေများတိုက်ရိုက်နှင့် သွယ်ဝိုက်သောနည်းလမ်းများနှင့် စီးဝင်စေခြင်း စသည့်အကျိုးကျေးဇူးများစွာရရှိစေနိုင်သည့် မီးခိုးမထွက်သည့် စက်ရုံ (Smokeless Industry) တစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း ခရီးသွားလုပ်ငန်းကို စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများတွင် အရေးပါသည့်လုပ်ငန်းအဖြစ် အလေးထားဆောင်ရွက်သကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများလည်း ပြည်တွင်း၊ ပြည်ပခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိခြင်းသည် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေသောကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် သဘာဝတရားကြီးက ပေးထားသည့် အကြီးမားဆုံးလက်ဆောင်ဖြစ်သည့် မြေပေါ်၊ မြေအောက် သဘာဝသယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

အလားတူ အဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ် များစွာရှိပါကြောင်း၊ အဆိုပါသဘာဝအရင်းအမြစ် ယဉ်ကျေးမှုအမွေအနှစ်များကို အခြေခံပြီး ခရီးစဉ်ဒေသနှင့် ခရီးသွားဆွဲဆောင်မှုများအဖြစ် ဖော်ထုတ်ပြီး ဖိတ်ခေါ်ပြသသည့် ခရီးသွားလုပ်ငန်းကို ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ယနေ့အချိန်အခါ၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများ လျော့နည်းလာပြီး ကမ္ဘာ့နိုင်ငံအသီးသီးက ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းများ ပြန်လည်ဆောင်ရွက်လာကြပြီဖြစ်ပါကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ စာရင်းများအရ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ ပထမသုံးလပတ်ကာလ၌ ကမ္ဘာလှည့်ခရီးသည် ၂၃၅ သန်း ဝင်ရောက်ခဲ့ပြီး ယခင်နှစ်အလားတူ ကာလထက် ၂ ဆ၊ ကိုဗစ်-၁၉ ကပ်ရောဂါ မတိုင်မီကာလ၏ ၈၀ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ပြီး တိုးတက်မှုရှိသည်ကို သိရပါကြောင်း။

### ၆ ဆခန့် တိုးတက်လာ

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ် ဧပြီ ၁၇ ရက်မှစတင်ကာ နိုင်ငံတကာလေကြောင်းလိုင်းများ ပြန်လည်စတင်ပြေးဆွဲခွင့်ပြုခဲ့ပြီး ကမ္ဘာလှည့် e-visa ကို မေလ ၂၀ ရက်က စတင်ခွင့်ပြုပေးခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ပြည်ပနိုင်ငံအသီးသီးမှ လေဆိပ်၊ ရေဆိပ်နှင့်နယ်စပ် စသည့်နိုင်ငံတကာဝင်ပေါက်အသီးသီးမှ နိုင်ငံတကာခရီးသွား စုစုပေါင်း နှစ်သိန်းကျော် ဝင်ရောက်ခဲ့ပါကြောင်း၊ ၂၀၂၁ ခုနှစ်ကထက် ၄၃ ရာခိုင်နှုန်းကျော် တိုးတက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ယခုကဲ့သို့ ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ နိုင်ငံတကာခရီးသွားဧည့်သည် ခြောက်သိန်းကျော် ဝင်ရောက်ခဲ့ပါကြောင်း၊ အလားတူကာလနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက ယခင်နှစ်က တစ်သိန်းကျော်သာဝင်ရောက်ခဲ့သည့်အတွက် ၆ ဆခန့် တိုးတက်လာခဲ့သည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးပြန်လည်ဦးမော့လာစေရန် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိသည့်နေရာတွင် နိုင်ငံ၏စီးပွားရေးကို အထောက်အကူပြုစေမည့် ခရီးသွားလုပ်ငန်းကိုလည်း အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာ၌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ပြည်တွင်း၊ ပြည်ပခရီးသွားများ တိုးတက်လာစေရန် မဟာဗျူဟာလုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်ထားသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ယခုနှစ်တွင် မြန်မာနိုင်ငံကို ခရီးသည်ရောက်ရှိမှု ပိုမိုတိုးတက်များပြားလာမည်ဖြစ်သည့်အပြင် မကြာတော့သည့် ကာလတစ်ခု၌ ခရီးသွားလုပ်ငန်းသည် ကိုဗစ်-၁၉ မတိုင်မီကာလ အခြေအနေကို ပြန်လည်ရောက်ရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း။

**"ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ပေး"** ဆိုသည့် ၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ၏ အနာဂတ်ခရီးသွားလုပ်ငန်းစနစ်တကျနှင့် ရေရှည်တည်တံ့စေရန်အတွက် အားလုံးလက်တွဲညီညီဆောင်ရွက်ကြပါဟု ခရီးသွားလုပ်ငန်း ဆောင်ရွက်သူများအားလုံးကို တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးချုပ်၏ သတင်းစကားရုပ်သံဗီဒီယိုကို ကြည့်ရှုကြသည်။

### ဆုများပေးအပ်ချီးမြှင့်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဦးအောင်မြတ်မင်း၊ ဒုတိယဆုရရှိသည့် ဦးမြင့်သန်း(ကျောက်ဆည်)နှင့် တတိယဆုရရှိသည့် ဦးကျော်ဇာမင်းတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကောင်စီတွဲဖက်အတွင်းရေးမှူးက ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် ဆောင်းပါးနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိသူများကိုလည်းကောင်း၊ ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆုရရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ခရီးစဉ်ဒေသအလိုက် ပြခန်းများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ပြသထားသည့်ပြခန်းများနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

◆ **မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ် ဧပြီ ၁၇ ရက်မှစတင်ကာ နိုင်ငံတကာလေကြောင်းလိုင်းများ ပြန်လည်စတင်ပြေးဆွဲခွင့်ပြုခဲ့ပြီး ကမ္ဘာလှည့် e-visa ကို မေလ ၂၀ ရက်က စတင်ခွင့်ပြုပေးခဲ့၊ ၂၀၂၂ ခုနှစ်တွင် ပြည်ပနိုင်ငံအသီးသီးမှ လေဆိပ်၊ ရေဆိပ်နှင့် နယ်စပ် စသည့်နိုင်ငံတကာဝင်ပေါက်အသီးသီးမှ နိုင်ငံတကာခရီးသွား စုစုပေါင်း နှစ်သိန်းကျော် ဝင်ရောက်ခဲ့၊ ၂၀၂၁ ခုနှစ်ကထက် ၄၃ ရာခိုင်နှုန်းကျော် တိုးတက်ခဲ့သည်ကို တွေ့ရှိရ၊ ယခုကဲ့သို့ ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ နိုင်ငံတကာခရီးသွားဧည့်သည် ခြောက်သိန်းကျော် ဝင်ရောက်ခဲ့၊ အလားတူကာလနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက ယခင်နှစ်က တစ်သိန်းကျော်သာဝင်ရောက်ခဲ့သည့်အတွက် ၆ ဆခန့် တိုးတက်လာခဲ့သည်ကို တွေ့ရှိရ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ မစ္စတာအန်နာသိုလီ ဘူးလော့ချ်နိကော့ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၇**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဥက္ကဋ္ဌ မစ္စတာအန်နာသိုလီ ဘူးလော့ချ်နိကော့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



**အမြင်ချင်းဖလှယ် ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ ရင်းနှီးမြှုပ်နှံနိုင်မည့် အလားအလာများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ ရင်းနှီး မြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့ ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၇**

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီး၍ ဌာနဆိုင်ရာများ ပါဝင်သောအဖွဲ့သည် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ရန် ယနေ့တွင် နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ တောင်ပေါ်ဒေသကျေးရွာများသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြပြီး ကျေးရွာများအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။



နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးဆောင်သောအဖွဲ့သည် နံနက်ပိုင်းတွင် ဘန်ဘားကျေးရွာအုပ်စု လွှက်တောင်ကျေးရွာနှင့် အောင်ဘိသိက် ကျေးရွာတို့ရှိ အခြေခံပညာမူလတန်းကျောင်း(ခွဲ)၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) မှ ဆရာ ဆရာမများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင် မိသားစုများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး ငါးပိ၊ ငါးခြောက်၊ ခေါက်ဆွဲခြောက်၊ ဆေးစိမ်ခြင်ထောင်၊ မုန့်များနှင့် ထောက်ပံ့ငွေများကို ပေးအပ်ရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်နှင့် မိသားစုများက လက်ခံရယူကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့်အဖွဲ့သည် ဘို့မအုပ်စု ဘို့မသံတောင်ကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ဆေးစိမ်ခြင်ထောင်၊ မုန့်များနှင့် ထောက်ပံ့ငွေများကို ပေးအပ်ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။ ဆက်လက်၍ နေပြည်တော် လမ်းဦးစီးဌာနနှင့် ကျေးလက်လမ်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဘို့မသံတောင် အခြေခံပညာမူလတန်းလွန်ကျောင်းအဝင်လမ်း၊ ဘို့မသံတောင် သာသနာ့ရောင်ခြည်ကျောင်းတိုက် ကျောင်းအဝင်လမ်းတို့ကို ကွန်ကရစ်လမ်းခင်းရန် တိုင်းတာခြင်းနှင့် သံပန်းတံခါးတပ်ဆင်ရန် တိုင်းတာခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် အဖွဲ့သည် နန်းလွင်စန်းကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ဆေးစိမ်ခြင်ထောင်၊ မုန့်များနှင့် ထောက်ပံ့ငွေများကို ပေးအပ်ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်နှင့် အဖွဲ့သည် ပြည်ထောင်ကိုးကျေးရွာအုပ်စု ဝေသာလီ ကျေးရွာရှိ ရွှေဘုံသာကျောင်း၌ ဝေသာလီ၊ မြသီတာ၊ ပြဒါးချောင်း၊ နန်းလွင်စန်းနှင့် လမ်းကောကျေးရွာတို့မှ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံ၍ ယခင် ခရီးစဉ်လာရောက်စဉ် ကျေးရွာများ၏ လိုအပ်ချက်များဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးတို့နှင့် စပ်လျဉ်း၍ ယခုခရီးစဉ်တွင် ဆောင်ရွက်ပေးမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ပြဒါးချောင်းကျေးရွာရှိ ပြဒါးချောင်းရွာဦးကျောင်းသို့ ရောက်ရှိကြပြီး အဆိုပါ ကျေးရွာနေ ဒေသခံပြည်သူများ လျှောက်ထားသည့် မီတာBoxများကို ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ပြဒါးချောင်း အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ အတန်းအလိုက် ပညာသင်ကြားနေမှုအခြေအနေများကို မေးမြန်းကာ လိုအပ်သည်များကအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆရာ ဆရာမများအတွက် ဆေးစိမ်ခြင်ထောင်များကို ထောက်ပံ့ပေးအပ်၍ စာသင်ဆောင်အသစ်နှင့် သိပ္ပံဆောင်တို့တွင် လျှပ်စစ်မီးများ တပ်ဆင်အသုံးပြုနိုင်ရန် ကျောင်းဆောင်အတွင်း လျှပ်စစ်မီးရရှိရေးအတွက် ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် မြသီတာကျေးရွာအတွင်းရှိ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းဝင်းအတွင်း အသစ်တည်ဆောက်လျက်ရှိသည့် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကာ ဆရာ ဆရာမများကို ဆေးစိမ်ခြင်ထောင်များပေးအပ်၍ မြသီတာကျေးရွာမှ ဒေသခံပြည်သူများ လျှောက်ထားသည့် မီတာ Box များကို ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ကျောင်းဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းအိမ်ရာအတွင်း လျှပ်စစ်မီးရရှိရေးအတွက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# ကြည့်မြင်တိုင်မြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

**ကြည့်မြင်တိုင် စက်တင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်တွင် လူငယ်စကားဝိုင်းကို ယနေ့နံနက်က အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာမိုးက လူငယ်စကားဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ထို့နောက် လူငယ်စကားဝိုင်းစတင်ရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကြည့်မြင်တိုင်မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ဇာလင်း၊ တွဲဖက်ဦးဆောင်ဆွေးနွေးသူအဖြစ် အထက်တန်းပြဆရာ ဦးရန်အောင်တို့က ဦးဆောင်ဆွေးနွေးကာ ကျောင်းသားကျောင်းသူခြောက်ဦးက လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် စာပေ၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် နည်းပညာ စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်

**ရန်ကင်း စက်တင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား မြို့နယ်အဆင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂၇ ရက်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

ဦးစွာ သဃ်န်းကျွန်းခရိုင် ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်က အမှာစကား ပြောကြားပြီး မြို့နယ်ဒုတိယပညာရေးမှူး ဦးဌေးလွင်က ဆုချီးမြှင့်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် လေးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၄ ဦး စုစုပေါင်းထူးချွန်ဆုရ ကျောင်းသား ကျောင်းသူ ၃၀ တို့အား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**



# သတင်းမှားများ ကိုင်တွယ်ဖြေရှင်းရန် မီဒီယာသိနားလည်မှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အာရှ-ပစိဖိတ် ဒေသတွင်း ရုပ်သံလွှင့်လုပ်ငန်းများ ဖွံ့ဖြိုးရေးဆိုင်ရာ အဖွဲ့အစည်း (Asia – Pacific Institute for Broadcasting Development–AIBD) တို့ ပူးပေါင်း၍ "သတင်းမှားများ ကိုင်တွယ်ဖြေရှင်းရန် မီဒီယာ သိနားလည်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူ မောင်နိုင်မိုး)နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ MRTV နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိက ရုပ်/သံမီဒီယာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။



အခမ်းအနားတွင် နိုင်ငံတော် တည်ဆောက်ရေးနှင့် နိုင်ငံတော်မီဒီယာ၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် Video Clip ကို ဦးစွာ ဖွင့်လှစ်ပြသသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း က အဖွင့်အမှာစကားပြောကြားရာတွင် ဒစ်ဂျစ်တယ်ခေတ်တွင် မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုပညာရပ်သည် သတင်းမှားများကို တိုက်ဖျက်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် mechanism တစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်ခန့်မှစတင်ပြီး Smart Phone အသုံးပြုမှု ကျယ်ပြန့်လာခြင်းနှင့်အတူ Smart Phone သုံးစွဲသူများအနေဖြင့် သတင်းမှားများနှင့် အခြားသော Online မှ အန္တရာယ်များကို ရင်ဆိုင်နေကြရပါကြောင်း၊ အထူးသဖြင့် mobile phone အများဆုံး အသုံးပြုနေကြသည့် လူငယ်များအကြားတွင် ပိုမိုပျံ့နှံ့နေကြောင်း၊ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ရှိသည့် သတင်းသမားများနှင့် သတင်းမီဒီယာအများစုသည် သတင်းမှားများ အန္တရာယ်ကို သိရှိနားလည်သဘောပေါက်မှုနှင့် သတင်းမှားများ ဖော်ထုတ်နိုင်မှုစွမ်းဆောင်ရည် အားနည်းနေပါကြောင်း၊ လူငယ်အများစုသည် သတင်းတု၊ သတင်းမှားများအပေါ် စိစစ်နိုင်မှု verification skill မရှိသည့်အတွက် သတင်းအချက်အလက်အမှားများ၏ သွေးဆောင်ဖြားယောင်းမှုကို ခံနေကြရပါကြောင်း၊ အဆိုပါ သတင်းမှားတိုက်ဖျက်မှုဆိုင်ရာ ဘာလီကြေညာစာတမ်းကို အကောင်အထည်ဖော်ဆောင်ရွက်မှု ကဏ္ဍတစ်ရပ်အဖြစ် ယခုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ အာရှ – ပစိဖိတ်ဒေသတွင်း၊ အာဆီယံဒေသတွင်း၌လည်း သတင်းမှား တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားပါကြောင်း၊ အဆိုပါအဖွဲ့တွင် မြန်မာနိုင်ငံ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအပါအဝင် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ ပါဝင်ဆောင်ရွက်နေကြပြီး သတင်းမှန်ထုတ်ပြန်ခြင်း၊ မီဒီယာဥပဒေများနှင့် မီဒီယာမူဝါဒဆိုင်ရာများ ပြန်လည်သုံးသပ်ခြင်း၊ သတင်းမှားများ တိုက်ဖျက်မှုတွင် မီဒီယာသတင်းအချက်အလက် သိနားလည်မှု (Media digital literacy) ကဏ္ဍများအပါအဝင် အများပြည်သူကို အသိပညာပေးသည့် လုပ်ငန်းစဉ်များကို အာဆီယံဒေသတွင်းအဆင့်တွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။ (အပေါ်ပုံ)

ဆက်လက်ပြီး AIBD မှ Program Manager Ms.Monica Phang က အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူ မလေးရှားနိုင်ငံ Universiti Teknologi MARA–Ui TM တက္ကသိုလ် ဆက်သွယ်ရေးနှင့် မီဒီယာလေ့လာရေးဌာန၊ နိုင်ငံရေးနှင့် လူမှုမီဒီယာလေ့လာသုံးသပ်သူ Associate Professor , ဒေါက်တာ ဆာရာချင်နာဆာမိ က လည်းကောင်း နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် AIBD မှ Program Manager Ms.Monica Phang တို့က အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အတူ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ၏ ပထမနေ့အစီအစဉ်ကို ယနေ့နံက်ပိုင်းမှစ၍ ကျင်းပလျက်ရှိရာ Associate Professor ဒေါက်တာ ဆာရာချင်နာဆာမိ က စာနယ်ဇင်းပညာ၏ ဓမ္မဓိဋ္ဌာန်ကျမှုနှင့် Content များအပေါ် တန်ဖိုးထားမှု၊ စာနယ်ဇင်းပညာဂုဏ်သိက္ခာကို စိန်ခေါ်နေသည့် သတင်းမှားများ၊ အလိမ်အညာများ၊ ကောလာဟလများနှင့် လှည့်စားမှုများ၏ပစ်မှတ်များ၊ လုပ်ကြံသတင်းနှင့် ဝေဖန်ပိုင်းခြားနိုင်မှုကို ဖော်ထုတ်ရန် နည်းလမ်းများ (သို့မဟုတ်) သတ်မှတ်ချက်များနှင့် အများပြည်သူ၏ သဘောထား /အမြင်ကို ပြောင်းလဲရာတွင် သတင်းသမားများ၏အခန်းကဏ္ဍ စသည့် ခေါင်းစဉ်များကို ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာကြသူများကလည်း အပြန်အလှန်ဆွေးနွေးကာ အတွေ့အကြုံများ မျှဝေကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းမှစ၍ စက်တင်ဘာ ၂၈ ရက်အထိ နှစ်ရက်တာ ကျင်းပလျက်ရှိရာ သတင်းမီဒီယာလုပ်ငန်းများ လက်တွေ့ဆောင်ရွက်နေကြသူများ ဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ဝန်ထမ်းများ၊ MRTV နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိက TV & FM များမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ပညာရှင်များ စုစုပေါင်း ၅၀ ပါဝင်တက်ရောက်လျက်ရှိသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာအသံနှင့်ရုပ်မြင်သံကြား (MRTV) သည် AIBD တွင် တင်းပြည့်အဖွဲ့ဝင်အဖြစ် ၁၉၉၇ ခုနှစ် ဇူလိုင် ၂၉ ရက်မှစ၍ ဝင်ရောက်ခဲ့ပြီး AIBD ၏ Seminar ,WorkShop, Webinar များတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် AIBD နှင့် ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲကို ယခင်က (၂)ကြိမ် ကျင်းပပြီးဖြစ်ရာ ယခုကျင်းပမှုသည် တတိယအကြိမ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မကွေးမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပ

**မကွေး စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီးအဆင့် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို စက်တင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပလျက်ရှိသည်။

စက်တင်ဘာ ၂၅ ရက်က ဖွင့်ပွဲအခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က ၂၀၂၃ ခုနှစ် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ မျိုးဆက်သစ်လူငယ်များပေါ်ထွန်းပြီး တိုင်းဒေသကြီး ဂုဏ်ဆောင်နိုင်မည့် ပညာရှင်များ၊ ဝါသနာရှင်များ ပေါ်ထွန်းလာ စေရေးနှင့် ဗဟိုအဆင့်ပြိုင်ပွဲတွင် အောင်မြင်စွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးအဆင့် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ အနောက်ပိုင်းတိုင်း လေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်မှူးချုပ်ထွန်းဝင်း၊ မကွေးလေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးကြီး သန်းနိုင်ညွန့်၊ တရားသူကြီးချုပ် ဦးမြင့်သိန်း၊ တိုင်းဒေသကြီး



ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ (အပေါ်ပုံ)

ထို့နောက် တိုင်းဒေသကြီးအဆင့် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတင်ယှဉ်ပြိုင်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ကိုစည်သူ (မကွေး)**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဥတ္တရသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်း ဦးစီးသည့် အရာထမ်း၊ အမှုထမ်း ရဲတပ်ဖွဲ့ဝင် ၂၅ ဦးတို့သည် စက်တင်ဘာ ၂၆ ရက်က အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ အောင်မျိုးဝင်း(ပြန်/ဆက်)

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ကျော်၊ မြောက်ဥက္ကလာပမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင့်နိုင်၊ မြောက်ဥက္ကလာပမြို့မရဲစခန်းမှူး ဒုရဲမှူး ထွန်းထွန်းဦးနှင့် ရဲတပ်ဖွဲ့ဝင် ၆၀ တို့က အမှတ်(၂)ရပ်ကွက်ရှိ ဆုတောင်းပြည့်မယ်လမုဘုရားဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်စဉ်။

အာကာစိုး





(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၃၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးကြီး မျိုးမြင့် ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များသည် စက်တင်ဘာ ၂၄ ရက်က ကျောက်ဖြူမြို့နယ် အုန်းတောကျေးရွာအုပ်စု ပြိုင်းစေ့ကေကျေးရွာရှိ အောင်မင်္ဂလာမြတ်ဗုဒ္ဓစွယ်တော်ပွားစေတီ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ တင်ထွန်းဦး၊ ဖြိုးဝေလင်း

# ဒေသအလိုက် MSME များ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် နိုင်ငံတော်အနေဖြင့် လိုအပ်သည်များ ပံ့ပိုးကူညီပေးသွားမည်

နေပြည်တော် စက်တင်ဘာ ၂၇

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တွေ့ဆုံ၍ အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး)တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး တည်ဆောက်ရေးလုပ်ငန်းများ၌ ဥပဒေ၊နည်းဥပဒေနှင့်ညီညွတ်ရန် လိုအပ်သည့် ကိစ္စရပ်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးသည်။**



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းမြို့ရှိ သီတဂူ ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိဆရာတော် ဒေါက်တာ ရှင်ဉာဏိဿရ အား ဖူးမြော်ကြည်ညို၍ နဝကမ္မအလှူတော်ငွေများနှင့် ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီး၏ ဩဝါဒတရားတော်များကို နာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိပြီး လျှပ်စစ်နှင့် ဘွိုင်လာစစ်ဆေးရေးလုပ်ငန်းများသည် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်ပေးသည့် လုပ်ငန်းဖြစ်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိတိကျကျ စစ်ဆေးဆောင်ရွက်ရန်၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို အဂတိတရားကင်းရှင်းစွာဖြင့် ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံး၌ စက်မှုဇုန်အတွင်းရှိ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုကဏ္ဍ ဟန်ချက်ညီစွာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် စဉ်ဆက်မပြတ် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပြီး စက်မှုဝန်ကြီးဌာန၏ မူဝါဒတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုကဏ္ဍများ ဘက်ညီဖွံ့ဖြိုးရေးအတွက် လယ်ယာအခြေခံစက်မှုလုပ်ငန်းများ၊ လယ်ယာထွက်ကုန်များ တန်ဖိုးမြှင့်ထုတ်လုပ်သည့် လုပ်ငန်းများနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်လာစေရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်ပြီး အကြီးစားစက်မှုလုပ်ငန်းများကို ဆက်လက်ထူထောင်ခြင်းဖြင့် သွင်းကုန်အစားထိုးထုတ်ကုန်နှင့် ပြည်ပပို့ ထုတ်ကုန်များ တိုးမြှင့်လာစေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ယခုအချိန်တွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို "အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ" အဖြစ် ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး ဥပဒေ ပြဋ္ဌာန်းပြီးပါက MSME ဥပဒေအရ လုပ်ငန်းအရွယ်အစား သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်လက်မှတ်များကို ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ MSME များအနေဖြင့် MSME ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ မှတ်ပုံတင်ခြင်းအားဖြင့် ဥပဒေအရ အခွန်လျှော့ပေါ့ခြင်းနှင့် ကင်းလွတ်ခွင့်ပြုခြင်း၊ နည်းပညာ၊ ဈေးကွက်နှင့်ငွေကြေးအရင်းအနှီးများ ရယူနိုင်ခြင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့များရရှိနိုင်ခြင်း၊ စွန့်ဦးတီထွင်မှု ပြုလုပ်သူများနှင့် လုပ်ငန်းအသစ် စတင်လုပ်ဆောင်လိုသူများအတွက် လိုအပ်သော အကြံပေးဝန်ဆောင်မှုများ၊ အခြားလိုအပ်သောကူညီပံ့ပိုးမှုများကို ရရှိနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိခံစားနိုင်မည်ဖြစ်ကြောင်း၊ ဒေသအလိုက် MSME များ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် နိုင်ငံတော်အနေဖြင့် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် စစ်ကိုင်းစက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက စက်မှုဇုန်ဆိုင်ရာ အချက်အလက်များနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ တက်ရောက်လာသည့် လုပ်ငန်းရှင်များက ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံနေသည့် အခက်အခဲများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ ဆေးဝါးစက်ရုံ(အင်ရောင်း)သို့ ရောက်ရှိပြီး ဆေးဝါးထုတ်လုပ်ရာတွင် လိုအပ်သော ပညာရှင်များကို တိတိကျကျသတ်မှတ်၍ မွေးမြူလေ့ကျင့်ပေးရန်၊ ပြည်သူများအတွက် လိုအပ်သော ဆေးဝါးများ အချိန်မီဖြည့်ဆည်းပေးနိုင်ရေးနှင့် ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်၊ စက်ရုံ၌ ရှိပြီးနည်းပညာများကို မျိုးဆက်သစ်လူငယ်များအား လက်ဆင့်ကမ်းလေ့ကျင့်သင်ကြားပေးရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုများအပေါ် ဆည်မြောင်းနှင့် ရေအသုံးချမှုကဏ္ဍ၏ ကြိုတင်စီမံဆောင်ရွက်မှု လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် စက်တင်ဘာ ၂၇**

အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုများအပေါ် ဆည်မြောင်းနှင့် ရေအသုံးချမှုကဏ္ဍ၏ ကြိုတင်စီမံဆောင်ရွက်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဦးစီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။



အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေနှင့် သောက်သုံးရေပေးဝေမှု လုပ်ငန်းစဉ်များအပေါ် သက်ရောက်မှု လျော့ပါးစေရန်၊ Flash Flood ကဲ့သို့ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ပါက ထိခိုက်မှု သက်သာစေရန်အတွက် ဒေသအလိုက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ အယ်နီညို အားအကောင်းဆုံး ဖြစ်ပေါ်နိုင်သောကာလမှာ နွေရာသီကာလဖြစ်၍ မြန်မာနိုင်ငံ၏ အပူချိန်အမြင့်မားဆုံးကာလနှင့် တိုက်ဆိုင်နေသဖြင့် မြေပေါ်ရေကန်များ ဆောလျင်စွာ ခန်းခြောက်ခြင်း၊ မြေအောက်ရေမျက်နှာပြင် လျင်မြန်စွာ နိမ့်ကျခြင်းတို့ ဖြစ်ပေါ်လာနိုင်ကြောင်း။

စိုက်ပျိုးရေများ ကြိုတင်သိုလှောင်ရေး၊ ရေကို အလဟဿမဖြစ်စေဘဲ အလေအလွင့်နည်းနည်းနှင့် အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရေး၊ စိုက်ပျိုးရေးအတွက် ရေအရင်းအမြစ်များ ရှာဖွေရေး၊ အပူဒဏ်နှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်သည့် သီးနှံမျိုးများ ပြောင်းလဲစိုက်ပျိုးရေး၊ ရေလိုအပ်ချက် နည်းပါးသည့် သီးနှံကို ပြောင်းလဲစိုက်ပျိုးခြင်း၊ ရာသီဥတုအခြေအနေနှင့် လိုက်လျောညီထွေဖြစ်မည့် သီးထပ်ပုံစံများ စိုက်ပျိုးနိုင်ရေးနှင့် သီးနှံ၏ အနည်းဆုံး ရေလိုအပ်ချက်ကိုသာ ထိထိရောက်ရောက် အသုံးပြုစိုက်ပျိုးခြင်း၊ ဒေသအလိုက်ရေသောက်ဧရိယာများအလိုက် စိုက်ပျိုးရေကို စနစ်တကျသုံးစွဲရန် သင့်တော်ထိရောက်သည့် ရေပေးဝေမှုစနစ်၊ ရေရယူအသုံးပြုမှုစနစ်များကို ရေအသုံးပြုသူတောင်သူများ၊ ရေပေးဝေသူများနှင့် စိုက်ပျိုးရေးပညာရှင်များအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။**(အပေါ်ပုံ)**

ရာသီဥတု ပြောင်းလဲလာမှုနှင့်အတူ ကမ္ဘာ့ဒေသအသီးသီး၌ အယ်နီညိုဖြစ်စဉ်၏ အကျိုးဆက်များ စတင်သက်ရောက်လျက်ရှိပြီး ပညာရှင်များ၏ ခန့်မှန်းချက်အရ ယခုနှစ်နှောင်းပိုင်းတွင် အယ်နီညို၏ အကျိုးသက်ရောက်မှု ပိုမိုသိသာလာမည်ဖြစ်သောကြောင့် အရှေ့တောင်အာရှနိုင်ငံများနှင့် ဒေသအချို့တွင် ပုံမှန်မဟုတ်သော ရာသီဥတုမျိုးနှင့် ရင်ဆိုင်ရနိုင်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အယ်နီညိုဖြစ်စဉ်၏ သက်ရောက်မှုများအပေါ်တွင် အထူးအလေးထားစောင့်ကြည့်လျက်ရှိပြီး ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကာ အယ်နီညိုရာသီဥတုအခြေအနေတွင် မိုးရွာသွန်းရက် လျော့နည်းတိုတောင်းခြင်း၊ ဆောင်းကာလ အအေးဓာတ်လျော့နည်းခြင်း၊ နွေရာသီတွင် ပို၍ပူပြင်းခြောက်သွေ့ခြင်းတို့ ဖြစ်ပေါ်ပြီး အယ်နီညိုအားကောင်းပါက အပူလွန်ကဲခြင်း၊ အပူလှိုင်းဖြတ်ခြင်းတို့အပြင် သာမန်ထက်ပို၍ ရှည်ကြာမည့်နွေကာလကို ဖြတ်သန်းရနိုင်သည်။ လက်ရှိကာလတွင် အယ်နီညိုဖြစ်စဉ်အား စောင့်ကြည့်နေရခြင်းဖြစ်၍ အားကောင်းလာပါက အပူချိန်မြင့်တက်မှုကြောင့် သောက်သုံးရေနှင့် စိုက်ပျိုးရေးရေ ရှားပါးခြင်းများ ကြုံတွေ့နိုင်မှုကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍနှင့် ဆည်ရေကဏ္ဍတာဝန်ရှိသူ ဒုတိယဝန်ကြီးများ ဦးဆောင်၍ သီးနှံစိုက်ပျိုးမှုနှင့် သားငါးထုတ်လုပ်မှုများ လျော့ကျမှု မရှိစေရေး၊ ဆည်ရေလှောင်တမံများ၏ လက်ရှိရေ ခန့်မှန်းဝင်ရေအပေါ် မူတည်၍ စိုက်ပျိုးဧက မလျော့နည်းစေရေး၊သောက်သုံးရေလုံလောက်စွာ ပေးဝေနိုင်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအပါအဝင် ဆက်စပ်ဌာနများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၇ ရက်က မင်းတပ်မြို့ အ.ထ.က (၁) စာသင်ကျောင်းဝင်း၌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ကြီး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ကိုကိုရူပ



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဗန်းမော်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရဲနိုင်ဦးနှင့် တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၆ ရက်က ဗန်းမော်မြို့ မင်းကုန်းရပ်ကွက်ရှိ သိမ်တော်ကြီးဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၇**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီတက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ၂၀၂၃ ခုနှစ်နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသရောင်းချမည့် ကျောက်စိမ်းအတွဲများနှင့် ကျောက်မျက်အတွဲများ၊ ပုလဲအတွဲများ အတွဲဖွဲ့စည်းထားမှုနှင့် ရောင်းချမည့်အခြေအနေများကိုလည်းကောင်း၊ ပြပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားသည့်ကော်မတီများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကာကွယ်ဆေးဖြင့်ကာကွယ်၍ရသောကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ ဗဟိုအဆင့် ဆရာဖြစ်သင်တန်းကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၇**

ကာကွယ်ဆေးဖြင့်ကာကွယ်၍ရသော ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ ဗဟိုအဆင့် ဆရာဖြစ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းက ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းအနေဖြင့် ကူးစက်ရောဂါပိုး ၁၃ မျိုးအတွက် ကာကွယ်ဆေးထိုးနှံပေးခြင်းအား ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါရောဂါများ ပြည်သူလူထုအတွင်းဖြစ်ပွားနေမှု ရှိ၊ မရှိ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကိုလည်း အထူးဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုသင်တန်းသည် ဗဟိုအဆင့် ဆရာဖြစ်သင်တန်းဖြစ်ပြီး အတွေ့အကြုံရှိသော ကျွမ်းကျင်သော သင်တန်းဆရာများမှ ဗဟို၊ တိုင်းဒေသကြီး/ပြည်နယ်မှ ကူးစက်ရောဂါလုပ်ငန်းများ ဆောင်ရွက်နေကြသူများကို ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ကူးစက်ရောဂါများနှင့် အခြားကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများနှင့်ပတ်သက်ပြီး သင်တန်းပို့ချပေးသွားမည်ဖြစ်ပြီး မိမိတို့ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်များတွင် ဆင့်ပွားသင်တန်းများ ဆက်လက်ပြုလုပ်မည်ဖြစ်သည့်အတွက် တက်ရောက်လာသူများအနေဖြင့် လုပ်ငန်းစဉ်များအား ဆင့်ပွားသင်တန်းများပေးနိုင်သည်အထိ နားလည်သဘောပေါက်စေရေး လေ့လာသင်ယူကြရန်နှင့် ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရန် ပြောကြားသည်။



အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်း၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ ဗဟိုအဆင့် ဆရာဖြစ်သင်တန်းအား ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများအား တာဝန်ယူဆောင်ရွက်နေကြသော ကျန်းမာရေးဝန်ထမ်းများပါဝင်၍ စက်တင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကတိုက်ဆည်ရေသောက်စနစ်၌ အယ်နီညိုဖြစ်စဉ် သက်ရောက်မှုအပေါ် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးပြုလုပ်

**ပေါင် စက်တင်ဘာ ၂၇**

မွန်ပြည်နယ် ပေါင်မြို့နယ် ကတိုက်ဆည် ရေသောက်စနစ်အတွင်း၌ အယ်အယ်နီညိုဖြစ်စဉ် သက်ရောက်မှုအပေါ် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု ဆိုင်ရာ အစည်းအဝေး ပြုလုပ်ခြင်းကို ယနေ့နံနက် ၁၁ နာရီက ဖြူဘကျေးရွာ ကွင်းအမှတ် (၇၇၀)၌ ပြုလုပ်သည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ရှေးဦးစွာ သထုံခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၆) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဇော်ဇော်က အယ်နီညိုကြောင့် အပူရှိန်ပြင်းထန်မှုဖြစ်ပေါ်လာနိုင်ပါကြောင်း၊ အပူချိန်များ၍ ရေရှားပါးချိန်တွင် ကတိုက်ဆည်ရေသောက် ဧရိယာအတွင်းရှိ စိုက်ပျိုးသူတောင်သူများအတွက် ရေဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တောင်သူများ အနေဖြင့်လည်း အချင်းချင်းညှိနှိုင်းပြီး ရေကိုလေလွင့်မှု နည်းနိုင်သမျှနည်းစေရန်နှင့် ရေလုံလောက်မှုရှိအောင် အသုံးပြုဖို့လိုအပ်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ဆက်လက်၍ သထုံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၆) မှ ဦးစီးအရာရှိ ဦးဇော်မိုးဝင်း က အယ်နီညိုဖြစ်စဉ် သက်ရောက်မှုအပေါ် ကြိုတင်ပြင်ဆင်မှုအနေဖြင့် စိုက်ပျိုးရေ အလုံအလောက် ရရှိစေရန် ကတိုက်ရေလှောင်တမံတွင် ကန်ရေပြည့်အမှတ်ထက် သုံးပေ ပိုမိုသိုလှောင်ထားသည့်အတွက် တောင်သူများ စပါးစိုက်ပျိုးနိုင်အောင် ရေကိုလုံလောက်စွာရရှိစေရေးကို ဂရုစိုက်ဆောင်ရွက်လျက်ရှိပါကြောင်း တောင်သူလယ်သမားများအနေဖြင့် နွေစပါးကို ဆောလျင်စွာ စိုက်ပျိုးပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးခဲ့သည်။ ထို့နောက်တောင်သူများက သိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

# အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၂၇**

အကြိမ်(၃၀) မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ၏ အကြိုအလုပ်ရုံဆွေးနွေး ပွဲ (Pre-conference Workshop) နှစ်ခု ကို စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ တပ်မတော်ဆေးတက္ကသိုလ်တွင်ပြုလုပ်ခဲ့ပြီး ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို အောက်တိုဘာ ၃ ရက်မှ ၅ ရက်အထိ အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင် - ၇၀၀)တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။

အဆိုပါဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ၌ သုတေသနစာတမ်း ၇၂ စောင်၊ သုတေသနလုပ်ဆောင် ချက်ပိုစတာ ၁၁၄ ခု၊ Symposium of the Confer-ence တစ်ခု၊ Major Symposium တစ်ခု၊ Sym-posium ၂၁ ခု၊ Clinicopathological Conference a Clinical Session တစ်ခု၊ Special Talk ၁၀ ခု၊ Debate တစ်ခုတို့ကို ပြည်တွင်း/ပြည်ပမှ သုတေသီများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူ/ဆေးမှူးများနှင့် သူနာပြုများက ဖတ်ကြားတင်သွင်းဆွေးနွေးကြမည် ဖြစ်သည်။

ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ရန် ဖိတ်ကြားထားသည့် အငြိမ်းစားအရာရှိကြီး/အရာရှိများ၊ ပါမောက္ခ ဆရာကြီး/ဆရာမကြီးများ၊ နှီးနှောဖလှယ်ပွဲ အစီအစဉ်တွင် ပါဝင်သည့် အရာရှိကြီး/အရာရှိများ၊ Symposium/ စာတမ်း/ပိုစတာ Present ပြုလုပ်မည့်သူများမှအပ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်နိုင်ခြင်းမရှိသည့် အငြိမ်းစားအရာရှိကြီး /အရာရှိများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများနှင့် သူနာပြုများအနေဖြင့် Online မှ တက်ရောက်နိုင်မည်ဖြစ်ပြီး www.dsmrdc.org တွင် ဝင်ရောက်ကြည့်ရှု၍ Registration ပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲမြန်မာနှင့် ဖိလစ်ပိုင် အဆုံးအဖြတ်ပွဲကစားမည်

**ရန်ကုန် စက်တင်ဘာ ၂၇**

တရုတ်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို စက်တင်ဘာ ၂၈ ရက် **(ယနေ့)** ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းနှင့်အဆုံးအဖြတ်ပွဲ ကစားရမည်ဖြစ်သည်။

အမျိုးသမီးဘောလုံးပြိုင်ပွဲကို အုပ်စု ငါးခုခွဲ၍ ကျင်းပလျက်ရှိပြီး ပြိုင်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးငါးသင်းစီနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံး သုံးသင်း၊ စုစုပေါင်းရှစ်သင်းသာ ကွာတားဖိုင်နယ် တက်ရောက်ခွင့် ရမည်ဖြစ်သည်။ ထို့ကြောင့်မြန်မာအသင်းသည် နောက်တစ်ဆင့်တက်ရောက်ရန် ဖိလစ်ပိုင်ကို အနိုင်ကစားရန် လိုအပ်သလို အခြားအုပ်စုရလဒ်များကိုလည်း စောင့်ကြည့်ရမည်ဖြစ်သည်။ မြန်မာအသင်းပါဝင်သည့် အုပ်စု(E) နောက်ဆုံးနေ့ကို ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် တစ်ချိန်တည်းကစားမည်ဖြစ်ပြီး မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ တောင်ကိုရီးယားအသင်းနှင့်ဟောင်ကောင်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဒုတိယနေ့အပြီးတွင် တောင်ကိုရီးယားအသင်းက ခြောက်မှတ်၊ ဖိလစ်ပိုင်နှင့် မြန်မာအသင်းက သုံးမှတ်စီ ရရှိထားကာ ဟောင်ကောင်အသင်းမှာမူ အမှတ်မရေသေးပေ။ မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းသည် ရမှတ် နှင့် ဂိုးကွာခြားချက်တူညီသော်လည်း သွင်းဂိုးနည်းသဖြင့် အုပ်စုတတိယနေရာရောက်ရှိနေခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာအသင်းသည် ဖိလစ်ပိုင်ကို အနိုင်ကစားနိုင်မှသာ အုပ်စုဒုတိယနေရာ ရယူနိုင်မည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အာရှအားကစားပြိုင်ပွဲတွင် ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**ရဲရင့်လွင်**

# မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီနှင့် မွန်ပြည်နယ် လူငယ်ရေးရာကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးနှင့် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲအခမ်းအနားကျင်းပ



**မော်လမြိုင် စက်တင်ဘာ ၂၇**

လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာကိစ္စရပ်များကို စနစ်တကျ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် မွန်ပြည်နယ် လူငယ်ရေးရာကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် အစိုးရအဖွဲ့ရုံးအောင်ဆန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မွန်ပြည်နယ် အနေဖြင့် နိုင်ငံတော်၏အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးနှင့် စောင့်ရှောက်ထိန်းသိမ်းရေးအတွက် ကူညီဆောင်ရွက်ခြင်း၊ လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် အထူးအလေးထားဆောင်ရွက်လျက် ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်နှင့် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး မွန်ပြည်နယ် လူငယ်ရေးရာကော်မတီအတွင်းရေးမှူး ဦးခင်ဇော်က မွန်ပြည်နယ် လူငယ်ရေးရာကော်မတီဖွဲ့စည်းထားရှိမှု၊ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု လုပ်ငန်းများကို ရှင်းလင်းတင်ပြကာ လူငယ်ရေးရာ ကော်မတီအဖွဲ့ဝင်များက ဆက်လက် ဆောင်ရွက်မည့် လျာထားလုပ်ငန်းစဉ်များ၊ အသုံးစရိတ် လျာထားတင်ပြချက်များ၊ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး အဆင့်မြင့်နှင့် အခြေခံပညာအဆင့် အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးတို့ကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့် လုပ်ငန်းညှိနှိုင်းအဝေးသို့ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များ ထပ်မံဖြည့်စွက်ဆွေးနွေးပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီနှင့် မွန်ပြည်နယ် လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲအခမ်းအနားကို မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ **(အပေါ်ပုံ)** ပြည်နယ်ဝန်ကြီးချုပ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ မွန်ပြည်နယ်လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက တိုင်းပြည်အနာဂတ်အတွက် လူငယ်များ၏အရေးပါမှု အခန်းကဏ္ဍနှင့်ပတ်သက်၍ ဆွေးနွေးဟောပြောပြီး စာရေးဆရာမ တက္ကသိုလ် နန်းဖြူဖြူထွန်းက လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာပေး ဟောပြောသည်။

ယင်းနောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ဗိုဗီနမ်အဖွဲ့က သရုပ်ပြသခြင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ကာယဗလပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ကာယဗလ အားကစားသမား မောင်လင်းလင်းထိုက်က သရုပ်ပြသခြင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်) သင်တန်းသား သင်တန်းသူများက Fitness Dance ဖြင့် သရုပ်ပြသခြင်းများကို ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က မြန်မာနိုင်ငံလူငယ်ရေးရာ ဦးစီးဌာနအတွက် ငွေကျပ်သိန်း ၅၀ ကို ဒုတိယဝန်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက မွန်ပြည်နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်းများအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ မွန်ပြည်နယ်ပညာရေးမှူးက လက်ခံရယူပြီး မော်လမြိုင်မြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက တေးသီချင်းများ၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြကာ တာဝန်ရှိသူများက စာရေးဆရာမတက္ကသိုလ် နန်းဖြူဖြူထွန်း၊ သရုပ်ပြအဖွဲ့များနှင့် တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသော လူငယ်ရေးရာအသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်စာပေများကို တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော်ဆေးပညာနှီးနှောဖလှယ်ပွဲ အကြိုအလုပ်ရုံဆွေးနွေးပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၇**

အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော် ဆေးပညာနှီးနှောဖလှယ်ပွဲ အကြိုအလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးတက္ကသိုလ် သက်မဲ့ခန္ဓာအသုံးပြုခွဲစိတ်လေ့ကျင့်ရေးခန်းမဆောင်၌ ဆက်လက်ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ဆေးသုတေသနတပ်မှူး၊ တပ်မတော်ဆေးတက္ကသိုလ် အရိုးရောဂါပညာဌာန ပါမောက္ခ/ဌာနမှူး၊ တပ်မတော်မှ အရိုးအထူးကု ဆရာဝန်များ၊ အိန္ဒိယနိုင်ငံမှ လက်ပိုင်းဆိုင်ရာ ခွဲစိတ်အထူးကု ဆရာဝန်ကြီး ဒေါက်တာ မိုဟစ်ရှာမားနှင့် တပ်မတော်ဆေးတက္ကသိုလ်၊ ဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ် (၂)၊ ဆေးတက္ကသိုလ် (မန္တလေး)၊ ဆေးတက္ကသိုလ် (မကွေး)တို့မှ အရိုးရောဂါ ပညာဆေးလက်တွေ့ ပါရဂူနှင့် ဘွဲ့လွန်သင်တန်းသားများ တက်ရောက်ကြသည်။

Pre-Conference Workshop တွင် ပြည်တွင်း/ပြည်ပမှ အတွေ့အကြုံရင့်ကျက်သည့် ပါမောက္ခ ပညာရှင်ကြီးများက တက်ရောက်လာကြသူများအားလုံးကို ပြုပြင်အစားထိုးခွဲစိတ်ကုသမှု နည်းစနစ်များ၊ အယူအဆအတွေးအခေါ်ပိုင်းကို အခြေခံ၍ လက်တွေ့လုပ်ကိုင်နိုင်သည်အထိ သက်မဲ့ဆရာ (Silent Mentor) များကို အသုံးပြု၍ လက်တွေ့သရုပ်ပြ သင်ကြားဆွေးနွေးခြင်းနှင့် Online မှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အရိုးဆရာဝန်များအား Webinar တွင် တိုက်ရိုက်ထုတ်လွှင့်၍ သင်ကြားမှုများ နှစ်ရက်ကြာ ပြုလုပ်ခဲ့သည်။ ဤအလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းအားဖြင့် မြန်မာ့တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ အရိုးပါရဂူငယ်များ၊ ဘွဲ့လွန်ကျောင်းသားများနှင့် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များမှ ဘွဲ့လွန်ကျောင်းသား ကျောင်းသူများအနေဖြင့် စစ်ဘက်နယ်ဘက်မှ ပါမောက္ခဆရာဝန်ကြီးများ၊ ပြည်ပမှ ပညာရှင်ကြီးများနှင့် တိုက်ရိုက်ထိတွေ့သင်ကြား ဆွေးနွေးနိုင်ခဲ့ပြီး သက်မဲ့ဆရာ (Silent Mentor) အသုံးပြုလက်တွေ့ လေ့ကျင့်နိုင်ခဲ့ခြင်းကြောင့် အရိုးရောဂါပညာ အစားထိုးခွဲစိတ်ကုသမှုနယ်ပယ်အနေဖြင့် နိုင်ငံတကာအဆင့်သို့ တက်လှမ်းလာသော ကဏ္ဍတစ်ခုဖြစ် လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး

## မောင်တောမြို့၌ ငါးမွေးမြူရေးနှင့် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်နည်းပညာပေးသင်တန်းဖွင့်

**မောင်တော စက်တင်ဘာ ၂၇**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဒေသအတွင်း ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး၊ လူမှုစီးပွားဘဝမြင့်မားလာစေရေး၊ ဝင်ငွေပိုမိုရရှိနိုင်ရေးအတွက် အခြေခံငါးမွေးမြူရေး၊ ဆေးထိုးသားပေါက်နည်းပညာပေးနှင့် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် နည်းပညာပေးသင်တန်းကို ယမန်နေ့က ခရိုင်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဦးက ဒေသအတွင်း ငါးမျိုးများမပြုန်းတီးစေရေး လိုအပ်သော ငါးရိက္ခာကို သဘာဝရေပြင်မှ ဖမ်းဆီးထုတ်လုပ်ခြင်းထက် မွေးမြူရေးလုပ်ငန်းမှ ထုတ်လုပ်နိုင်အောင် ပြောင်းလဲ ဆောင်ရွက်လာကြပြီဖြစ်သဖြင့် မွေးမြူရေးမှ ထုတ်လုပ်ရာတွင် သမားရိုးကျစနစ်မှ အထွက်တိုး မွေးမြူထုတ်လုပ်ခြင်းဖြင့် အကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်ဝင်းသိန်းက အခြေခံငါးမွေးမြူရေး၊ ဆေးထိုးသားပေါက်နည်းပညာပေးနှင့် ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေးကျင့်စဉ် နည်းပညာပေး သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို ကျေးရွာများရှိ တောင်သူ ၂၀ တက်ရောက်ကြသည်။

**သက်လွင်စိုး (ပြန်/ဆက်)**



# ဂီတစွမ်းအား ပြည်ထွန်းကား

စန်းနီလာဝင်း

**စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာသည် စည်းရုံးရေး ဩဇာရော ပညာပေးဩဇာပါ အစွမ်းထက်မြက်လှသော လူထုဆက်သွယ်ရေး ကိရိယာဖြစ်သည်။ သရုပ်မှန်အနုပညာသည် တိုင်းကျိုးပြည်ပြု ပြည်သူ့အနုပညာပင် ဖြစ်သည်။ သရုပ်မှန် အနုပညာသည် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်ထက်သန်ရေးနှင့် ဇာတိသွေးဇာတိမာန်ရှင်သန်မှုကို ရေးရှုပါသည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ မြင့်မားရေးကို များစွာအထောက်အကူ ပြုပါသည်။ သရုပ်မှန်အနုပညာတွင် ရသ မြောက်သော ဖြေဖျော်မှုများပါဝင်ပြီး အမျိုးသားရေးကို သွေးဖည်ဆန့်ကျင်ခြင်း လုံးဝမရှိပါ။**

ထို့ကြောင့် ယဉ်ကျေးမှု မနုဿဗေဒပညာရှင်တို့က "ယဉ်ကျေးမှုအနုပညာသည် လူနှင့် ပတ်ဝန်းကျင်ကို လွှမ်းမိုးထိန်းချုပ်နိုင်ရန်အတွက် လူတို့ ဖန်တီးထုတ်လုပ်သော အရာများဖြစ်သည်။ ထိုယဉ်ကျေးမှုတွင် စာပေ၊ ဂီတ၊ သဘင်၊ ရုပ်ရှင်၊ ပန်းချီ၊ ပန်းပုအနုပညာတို့ဖြင့် မိမိတို့လူမျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းကို တိုင်းတာပြသနိုင်သည်" ဟု ဖွင့်ဆိုထားသည်ကို တွေ့ရသည်။

### သုတမျိုးစုံကို ပေးစွမ်းနိုင်


တေးဂီတဟူသည် သာယာငြိမ့်ညောင်းခြင်း၊ ချိုလွင်သံသာခြင်းတို့ဖြင့် နားဆင်သူ၏ သောတအာရုံကို ဖမ်းစားနိုင်စွမ်းရှိသော ပင်ကိုစွမ်းရည်ရှိသည်။ ရေမြေတောတောင် သဘာဝအလှအပများကိုလည်း ဖွဲ့နွဲ့သီကျူးပုံဖော်ပြသနိုင်ပါသည်။ ရိုးရာအစဉ်အလာ ဓလေ့ထုံးစံများကိုလည်း ဖွဲ့နွဲ့သီကျူး ဖော်ပြနိုင်သည်။ ချစ်ခင်ဖွယ်၊ လွမ်းဆွတ်ဖွယ်၊ ဝမ်းနည်းဖွယ်၊ ကြေကွဲဖွယ်၊ ပျော်ရွှင်ဖွယ်၊ ရယ်ရွှင်ဖွယ်၊ ရဲရင့်ဖွယ်၊ ကြောက်ရွံ့ဖွယ်၊ တည်ငြိမ်ရင့်ကျက်ဖွယ် စသည့် သုတမျိုးစုံကို ပေးစွမ်းနိုင်စွမ်းရှိပါသည်။ ဤတွင်မက မိမိတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်များ ရှင်သန်ပေါက်ဖွား ခိုင်မြဲစေသည့် ဝိသေသဂုဏ်အင်သတ္တိများရှိနေပါသည်။ ထို့ကြောင့် ဂီတအနုသုခမပညာနယ်ပယ်တွင် "ဂီတသာလျှင် လူမျိုးသာ၍ ဂီတချာလျှင် လူမျိုးချာမည်" ဟု ဆိုရိုးစကားရှိနေခြင်းပင် ဖြစ်ပါသည်။

အလားတူ အကသဘင်ပညာတွင်လည်း "ဇာတ်သမားလာလျှင် မှတ်သားစရာပါရမည်၊ ဇာတ်သမားပြန်လျှင် မှတ်သားစရာကျန်ရမည်" ဟူသော ဆိုရိုးစကားသည် သဘင် အနုသုခမပညာ၏ စွမ်းအားကိုဖော်ကျူးထားခြင်းပင် ဖြစ်ပါသည်။

### လူ့ဘဝနှင့် အနုသုခမပညာ

သရေခေတ္တရာ ဧကရာဇ်နိုင်ငံတော်ခေတ်ဖြစ်သော ပျူခေတ်ကတည်းကပင် သုခုမသဘင်ပညာ ထွန်းကားခဲ့သည်။ မဇ္ဈိမတိုင်း (အိန္ဒိယပြည်)မှ တူရိယာပစ္စည်းများ၊ စိန့်တိုင်း (တရုတ်ပြည်)မှ တူရိယာပစ္စည်းများကို ပျူတို့သည် မိမိတို့၏ မူပိုင်တူရိယာများဖြစ်သော နှဲ၊ ပတ်သာ၊ စည်း စသည်တို့နှင့် ပေါင်းစပ်တီးမှုတ်ခဲ့ကြသည်။

ပုဂံခေတ်သို့ရောက်လာသောအခါ သုခုမသဘင်ပညာဆိုင်ရာ တူရိယာပစ္စည်းများမှာ ယခင်ကထက်များစွာပြည့်စုံလာခဲ့သည်။ ပုဂံဘုရားများ နံရံများ၌ ရေးဆွဲထားခဲ့သော နန်းတွင်းကခြေသည်များ၏ ပုံများ၊ အမျိုးသမီးတူရိယာပညာရှင်များ၏ ပုံများကိုပင် နေ့တိုင်းမြင်တွေ့နေရသေးသည်။ ပုဂံခေတ်ကျောက်စာများတွင်လည်း ပုဂံခေတ်သုခုမပညာတို့၏ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရေးထိုးဖော်ပြထားသည်ကိုလည်း မြင်တွေ့ရပါသည်။



မြန်မာတို့၏ ရှေးခေတ်ဆိုင်းဝိုင်းနှင့် မြေဝိုင်းသဘင်။

ညောင်ရမ်းခေတ်တွင် ဂီတအနုသုခမစာဆိုပညာရှင် "ဝန်ကြီးပဒေသရာဇာ"သည် "မဏိကက်" ပြဇာတ်ကို ရေးသားခဲ့ရာ ထိုပြဇာတ်သည် ဇာတ်သဘင်အနုပညာ၏ အရုဏ်ဦးဟု ဆိုနိုင်ပါသည်။ ထိုပြဇာတ်တွင် ဇာတ်ကောင်များ၏ အချီအချ ဆိုဟန် ပြောဟန်၊ တေးဂီတတီးမှုတ်ဟန်တို့သည် ကုန်းဘောင်ခေတ်သို့ ကူးပြောင်းအမွေပေးရန်ဖြစ်လာပြီး ကုန်းဘောင်နန်းတွင်း၌ ဇာတ်သဘင်များ အစီအရီ ပေါ်ပေါက်လာတော့သည်။

### ဇာတ်သမားလာလျှင် မှတ်သားစရာပါရမည်၊ ဇာတ်သမားပြန်လျှင် မှတ်သားစရာကျန်ရမည်

မြန်မာ့ဇာတ်သဘင်၏ သမိုင်းစဉ်တွင် (၁) အနိမ့်သဘင်၊ (၂) အမြင့်သဘင်၊ (၃) အတီးသဘင်၊ (၄) အဆိုသဘင်ဟူ၍ လေးမျိုးရှိခဲ့ကြောင်း သိရသည်။ ရွှေနန်းသုံးဝေါဟာရ အဘိဓာန်ကြီးတွင် "သားတော်၊ သမီးတော်များကို ရှင်တော်ပြုနားတော်ထွင်း မင်္ဂလာအခမ်းအနား၌ဖြစ်စေ၊ အလှူတော် မင်္ဂလာအခမ်းအနား၌ဖြစ်စေ၊ တောင်စမုတ်ဇာတ်ရုံကြီး၌ဖြစ်စေ ကပြရသည်။ ထိုကပြသည့်ပွဲမှာ ရုပ်သေးပွဲကြီးပင် ဖြစ်သည်။ ရုပ်သေးစင်တော်ကြီးတွင် (၁) ဘုရင်မင်းမြတ်တော်ကောက်တော်မူသော စင်တော်ကြီး၊ (၂) မိဖုရားခေါင်ကြီးနှင့် အိမ်ရှေ့ဥပရာဇာတို့ တော်ကောက်တော်မူသော စင်တော်လတ်၊ (၃) အခြားမိဖုရားငယ်များနှင့် သားတော်သမီးတော်တို့ တော်ကောက်သော စင်တော်သေးဟူ၍ သတ်မှတ်ထားသည်ကို တွေ့ရသည်။

ဂီတအနုသုခမပညာကို အားပေးချီးမြှောက်သော ဘုရင်တို့က သဘင်ပညာဆိုင်ရာ အမိန့်တော်မှတ်တမ်းများ ချမှတ်ခဲ့သည်။ သဘင်ပညာဆိုင်ရာ အမိန့်မှတ်တမ်းများ၌ –

"သဘင်ပညာသည် တိုင်းကျိုးပြည်ကျိုးကို တိုက်ရိုက်အားဖြင့်သော်လည်းကောင်း၊ သွယ်ဝိုက်သောအားဖြင့်သော်လည်းကောင်း ပြုပြင်နိုင်ခြင်း၊ သာသနာရေး၊ ဘာသာရေး၌ အားပေးကူညီနိုင်ခြင်းများကြောင့် သဘင်ပညာရှင်များ စည်းကမ်းလိုက်နာရန် သဘင်ဆရာများ ထားရသည်။ သာသနာကို ထိခိုက်သော၊ ဂုဏ်းမလွတ်သော ကဗျာသီချင်းများကို သီဆိုခွင့်မပြု၊ ကျူးလွန်သည့် တေးသီချင်းရေးစပ်သူကို လက်ဖြတ်စေ၊ တေးသီချင်း သီဆိုသူကို လျှာဖြတ်စေ အပြစ်ပေးရမည်။ သဘင်သည်များကို "သဘင်ဝန်"က ပြစ်ဒဏ်စီရင်ရမည်" ဟု အမိန့်တော် ချမှတ်ထားခဲ့သည်ကို တွေ့ရှိရသည်။

သာယာဝတီမင်းလက်ထက်သို့ ရောက်သောအခါ နန်းတော် အဝန်းအဝိုင်းတွင်း၌သာမက နိုင်ငံတစ်ဝန်းလုံး လှည့်လည်ကပြစေခဲ့ရာ ဂီတအနုသုခမပညာသည် ပြည်သူတို့အားလုံး ပိုင်ဆိုင်သော မြန်မာအနုပညာပုံသဏ္ဌာန်နှင့် အနှစ်သာရဆီသို့ ကူးပြောင်းရောက်ရှိလာခဲ့သည်။ အနိမ့်သဘင်ဟုခေါ်သော မြေဝိုင်းအကသည် ကုန်းဘောင်ခေတ်၏ ထင်ရှားကျော်ကြားသည့် အနုပညာတစ်ရပ်ဖြစ်ခဲ့ပြီး မြေဝိုင်းအကသဘင်များကို ကျေးလက်တောရွာအနှံ့တွင် ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့ကြသည်။ မြေဝိုင်းအကသဘင်သည် ဘိုးတော်ဘုရားမင်းလက်ထက် မတိုင်မီက "ဗုံရှည်အက"ဟု ခေါ်တွင် ကပြခဲ့ကြသည့် အစဉ်အလာရှိပြီးဖြစ်သည်။

မြေဝိုင်းအကသဘင်ကို လာရောက်ကြည့်ရှုသည့်ပရိသတ်သည် မြေပေါ်တွင် ဝိုင်းထိုင်၍ ကြည့်ရှုရသောကြောင့် မြေဝိုင်းဇာတ်ဟူ၍လည်းကောင်း၊ ပရိသတ်ပြည်သူတို့၏ အလယ်ဗဟိုတွင် ပန်းပင်စိုက်၍ ဝိုင်းဝန်းကပြကြရသဖြင့် ပန်းပင်ဝိုင်းဇာတ်ဟူ၍လည်းကောင်း ခေါ်ဝေါ်သုံးစွဲခဲ့ကြသည်။ ဇာတ်သဘင်များ၏ အစနိဒါန်းဖြစ်သော မြေဝိုင်းအကသည် မြို့ပြသာမက ကျေးလက်တောရွာအနှံ့ရှိ ပြည်သူများ ကြည့်ရှုအားပေးကြသောကြောင့် ပရိသတ်နှင့် ပထမဦးဆုံး တိုက်ရိုက်ထိတွေ့ ဖြေဖျော်တင်ဆက်ရသော ပြည်သူ့အနုပညာတစ်ရပ် ဖြစ်လာခဲ့ပါသည်။ မြေဝိုင်းအကသဘင်ကို ကျေးလက်တောရွာများတွင် နွေရာသီကာလ တပေါင်း၊ တန်ခူးကောက်ရိတ်သိမ်းပြီးအချိန်များ၌ ဗုဒ္ဓပူဇနိယပွဲတော်များ၊ ဘုန်းကြီးပျံကျင်းပသည့် အခမ်းအနားများတွင် ကြီးကျယ်ခမ်းနားစွာ ကပြလေ့ရှိကြသည်။

ကုန်းဘောင်ခေတ်တွင် စင်တော်ကောက်သဘင်ပညာရှင်တို့ ရရှိခဲ့ကြသောလစာများမှာ ပထမတန်းစားမင်းသား၊ မင်းသမီးတို့က ကျပ် ၈၀၀ မှ ၁၀၀၀ အထိလည်းကောင်း၊ ပထမတန်းစား လူရွှင်တော်များမှာ ကျပ် ၅၀၀ မှ ၆၀၀၊ ကချေသည်မှာ ကျပ် ၆၀၊ ဆိုင်းပညာရှင်မှာ ကျပ် ၄၀ ရရှိကြသည်ဟု သိရသည်။

နန်းတွင်းရှိ မှူးမတ်အချို့ အဂတိလိုက်စားခဲ့သဖြင့် ပြည်သူတို့ နစ်နာခဲ့ရပုံတို့ကို မင်းတုန်းမင်းလက်ထက်တွင် ဇာတ်စင်ပေါ်မှနေ၍ "ဆန်ဝယ်ခိုင်းသော ဇာတ်ဝင်ခန်းတွင် ဈေးဝယ်သူအဖြစ် လူရွှင်တော်က ဆန်တစ်ပြည်ငွေတစ်မတ်(၂၅)ပြားပေးရမည်ကို သုံးပဲဖိုးသာ ဝယ်ခဲ့သဖြင့် ဆန်သည်အဖြစ် သရုပ်ဆောင်သူ လူရွှင်တော်က ဆန်ခြင်တွယ်သော ပြည်တောင်းကို စောင်းချပေးလိုက်သည်။ ထိုအခါ ဆန်ဝယ်သူလူရွှင်တော်က မှူးမတ်မဟုတ်သောကြောင့် ပြည်စောင်းရသည်ဟု ပြက်လုံးထွက်ခဲ့ရာ မင်းတုန်းမင်းကြီးက မှူးမတ်များအား ဆုံးမပဲ့ပြင်ပြုပြင်စေခဲ့သည်။ ထိုကဲ့သို့ ရတနာပုံခေတ်တွင် ဂီတအနုသုခမပညာသည် တိုင်းကျိုးပြည်ပြုဖြစ်ခဲ့သည်ကို သာဓကတစ်ခုအဖြစ် တင်ပြခြင်း ဖြစ်ပါသည်။

### ဂီတအနုခုသုမပညာနှင့်အမျိုးသားရေး

ယခုဆိုလျှင် ၂၀၂၃ ခုနှစ် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပချိန်သို့ ရောက်ရှိလာပါပြီ။ အဆို၊ အက၊ အရေး၊ အတီး အနုပညာသည် ပြည်သူ့အသည်းနှလုံးကို ယူကျုံးရစ်ပတ်ဆွဲဆောင်စည်းရုံး အသိပညာပေးနိုင်သည့် အထက်မြက်ဆုံးသော လူထုဆက်သွယ်ရေးကိရိယာတစ်ခုဖြစ်သည်။

ပဒေသရာဇ်ခေတ်ကာလကတည်းကပင် အဆို၊ အက၊ အရေး၊ အတီး အနုသုခုမပညာရှင်တို့သည် ထီးသုဉ်း၊ နန်းသုဉ်း၊ ကြငှန်းသုဉ်းအဖွဲ့အနွဲ့ သီကုံးဖော်ကျူးတင်ဆက်ခြင်းမှ ခွဲထွက်ကာ အခြေခံလူတန်းစားများ ဖြစ်ကြသည့် တောင်သူလယ်သမားတို့က စိုက်ပျိုးကုန်ထုတ်အလုပ်လုပ်ကြပြီး မြန်မာ့ပဒေသာမြေယာကို အလှဝေဆာစေခဲ့ပုံတို့ကို ဖုံကြီးသံတေးသီချင်းများဖြင့် ပြည်သူတို့အား အလုပ်အကျွေးပြုခဲ့ပုံများမှာ မြန်မာ့အနုပညာသမိုင်းတွင် မော်ကွန်းစိုက်ထူနိုင်ခဲ့ပါသည်။

ကိုလိုနီနယ်ချဲ့ အင်္ဂလိပ်အစိုးရလက်ထက်တွင် အမျိုးသားလွတ်မြောက်ရေးအတွက် လွတ်လပ်ရေး ကြိုးပမ်းမှုကာလမှာပင် သဘင်အနုပညာရှင်တို့သည် နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများ၌ ရှေ့တန်းက ပါဝင်ဦးဆောင်ဆင်နွှဲခဲ့ကြသည်ကို ဂုဏ်ယူလေးစား အတုယူဖွယ် တွေ့ရှိရပါသည်။ ကိုလိုနီခေတ်တွင် ဇာတ်သဘင်ပညာရှင် မင်္ဂလာဦးအောင်မောင်း သည် သုံးရောင်ခြယ်ဗမာ့အလံတော်နှင့် ဂီတစာဆို ဆရာကြီး ရွှေတိုင်ညွန့်၏ သုံးရောင်ခြယ် အမျိုးသားရေးသီချင်းကို သီဆို၍ ဇာတ်ခုံပေါ်၌ သရုပ်ဖော်တင်ဆက်ကာ နယ်ချဲ့ဆန့်ကျင်ရေးကို လှုံ့ဆော်တိုက်ပွဲဝင်ခဲ့ပါသည်။

၁၉၃၀ ပြည့်နှစ်တွင် ရေနံမြေသပိတ်တပ်ဖွဲ့များ ချောက်ရေနံမြေမှ ရန်ကုန်မြို့သို့ ချီတက်လာခဲ့စဉ်ကလည်း ဇာတ်သဘင်ပညာရှင် မင်္ဂလာ ဦးအောင်မောင်းကပင် စည်တော်ကြီးအကဖြင့် ကြီးကျယ်ခမ်းနားစွာ *စာမျက်နှာ ၁၁ သို့*

**❋ ကိုလိုနီနယ်ချဲ့ အင်္ဂလိပ်အစိုးရလက်ထက်တွင် အမျိုးသားလွတ်မြောက်ရေး အတွက် လွတ်လပ်ရေး ကြိုးပမ်းမှုကာလမှာပင် သဘင်အနုပညာရှင်တို့သည် နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများ၌ ရှေ့တန်းက ပါဝင်ဦးဆောင်ဆင်နွှဲခဲ့ကြ သည်ကို ဂုဏ်ယူလေးစား အတုယူဖွယ် တွေ့ရှိရပါသည်။ ကိုလိုနီခေတ်တွင် ဇာတ်သဘင်ပညာရှင် မင်္ဂလာ ဦးအောင်မောင်းသည် သုံးရောင်ခြယ် ဗမာ့အလံတော်နှင့် ဂီတစာဆို ဆရာကြီး ရွှေတိုင်ညွန့်၏ သုံးရောင်ခြယ် အမျိုးသားရေးသီချင်းကို သီဆို၍ ဇာတ်ခုံပေါ်၌ သရုပ်ဖော်တင်ဆက်ကာ နယ်ချဲ့ဆန့်ကျင်ရေးကို လှုံ့ဆော်တိုက်ပွဲဝင်ခဲ့**

*စာမျက်နှာ ၁၀ မှ*

ကြိုဆို၍ ရေနံမြေသပိတ်တပ်ကြီးကို ဂုဏ်ပြုကြိုဆိုထောက်ပံ့လှူဒါန်းခဲ့သည်။ ကိုလိုနီခေတ်တွင် အင်္ဂလိပ်နယ်ချဲ့ဘုရင်ကို နယ်ချဲ့အလိုတော်ရိများက ဂုဏ်ပြုနေချိန်တွင် ဇာတ်သဘင်အချို့က အင်္ဂလိပ်နယ်ချဲ့၏ ယူနီယံဂျက်အလံယိမ်း ကပြနေချိန်တွင် ဇာတ်သဘင်ပညာရှင် မင်္ဂလာ ဦးအောင်မောင်းက ဇာတ်ခုံပေါ်၌ သုံးရောင်ခြယ်အလံကို လွှင့်ထူလျက် ဗန္ဓုလယိမ်း၊ ဓားယိမ်းအကများကို သရုပ်ဖော်ကပြပြီး နယ်ချဲ့ဆန့်ကျင်ရေးကို လှုံ့ဆော်ကာ သမိုင်းပေးတာဝန် ကျေပွန်ခဲ့ပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့ပြီးနောက် ၁၉၄၈- ၄၉ ခုနှစ်များ၌ တိုင်းပြည်က နုနု၊ မုန်တိုင်းက ထန်ထန် ဖြစ်နေချိန်တွင် မြန်မာ့ရုပ်ရှင်နှင့် ပြဇာတ်အနုပညာရှင်တို့သည် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်တို့ကို အရင်းခံပြီး နိုင်ငံတော်၏ အမျိုးသားကာကွယ်ရေးအတွက် သက်စွန့်ကြိုးပမ်း ပါဝင်ဆင်နွှဲခဲ့ကြသည်ကို ဂုဏ်ယူစံပြုဖွယ် တွေ့ရှိရပါသည်။

၁၉၄၉ ခုနှစ်တွင် ‘ရန်ကုန်အစိုးရ’ ဟု သတ်မှတ်ခံရလောက်အောင်ပင် ထိုစဉ်က ကေအင်န်ဒီအိုလက်နက်ကိုင်များက ရန်ကုန်မြို့ အင်းစိန်ထိအောင် ထိုးဖောက် သိမ်းပိုက်တိုက်ခိုက်ခဲ့ကြရာ မြန်မာ့တပ်မတော်က ခုခံကာကွယ်တွန်းလှန်ပြီး အောင်ပွဲဆင်ခဲ့သည်မှာ သမိုင်းသက်သေတည်ခဲ့ပြီး ဖြစ်ပါသည်။ ထိုစဉ်က အင်းစိန်တိုက်ပွဲကြီးတွင် ရှေ့တန်းရောက် တပ်မတော်သားများအတွက် စားနပ်ရိက္ခာပို့ရေး၊ သူနာပြုစုရေး၊ ဂီတဖြင့်ဖျော်ဖြေရေး လုပ်ငန်းများကို ရုပ်ရှင်ဂီတပြဇာတ် အစည်းအရုံးကြီးက ကြီးမှူး၍ ပြည်သူ့ကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းကာ ရှေ့တန်းစစ်မျက်နှာအထိ သက်စွန့်ကြိုးပမ်း သွားရောက် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ သက်စွန့်ကြိုးပမ်းဆောင်ရွက်ချက်များကို ကြည့်ခြင်းအားဖြင့် ရုပ်ရှင်ပြဇာတ် အနုပညာရှင်တို့သည် အမျိုးသားရေးနှင့် ယှဉ်လာလျှင် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် အရင်းခံဖြင့် ရုပ်ရှင်နှင့်ပြဇာတ်များကို ထုတ်လုပ်ကပြရုံသာမက အမျိုးသားရေးလိုအပ်ချက်အရ လိုအပ်လာလျှင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုပါ ပါဝင်ထမ်းဆောင်ခဲ့ကြသည်ကို မော်ကွန်းမှတ်တိုင်စိုက်ထူထားခဲ့ရပါသည်။

ထိုစဉ်က အင်းစိန်တိုက်ပွဲကြီး၌ ရုပ်ရှင်နှင့်ပြဇာတ် အနုပညာရှင်များ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွှဲခဲ့ပုံကို ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာနှင့် ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင်–

“လူထုကြီးအား မီးခိုး၍ စီးပွားရှာလာခဲ့ကြသော ရုပ်ရှင်နှင့် ပြဇာတ်သမားများသည် လူထုကို ပြန်လည်ကျေးဇူးဆပ်သောသဘောဖြင့် လူထုအပေါ်၌ကျရောက်လာမည့်အန္တရာယ်အပေါင်းတို့ကို ကာကွယ်ပေးရန် အရေးကြုံနေပြီဖြစ်၍ ရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံးဝင်များဖြစ်သော ပညာသည်များနှင့် ရုပ်ရှင်မင်းသား၊ မင်းသမီးများ၊ ဒါရိုက်တာများ၊ လူကြမ်းများ အစရှိသည့် ပုဂ္ဂိုလ်တို့သည် စစ်ရေးလေ့ကျင့်မှုများနှင့် သူနာပြုပညာရပ်များကို လေ့လာနေပြီဖြစ်ကြောင်း၊ အစည်းအရုံးကြီးမှ ပြည်သူ့ကာကွယ်ရေးအဖွဲ့ကြီးကို ဖေဖော်ဝါရီလ ၆ ရက်နေ့က ဖွဲ့စည်းပြီးဖြစ်လေရာ ဓာတ်ပုံဆရာများကလည်း အင်းစိန်တိုက်ပွဲသို့ သွားရောက်ရုပ်ရှင်ရိုက်ကူးနေပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံး၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့မှ ရှေ့တန်းစစ်မျက်နှာ၊ အင်းစိန်၊ ဒညင်းကုန်း၊ စော်ဘွားကြီးကုန်း၊ မရမ်းကုန်း၊ သမိုင်း၊ မင်္ဂလာဒုံရှိ တောင်ပိုင်းစစ်ဌာနချုပ်မှ အစိုးရတပ်များသို့ ထမင်းထုပ်၊ ဆေးလိပ်၊ မီးခြစ်၊ ချိုချဉ်၊ စာနယ်ဇင်းများ ထောက်ပံ့ရာ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် စစ်သေနတ်ဖြင့် သောင်းကျန်းသူတို့က ပစ်ခတ်ခဲ့ကြောင်း၊ ၉ ရက်နေ့တွင် သမိုင်းလမ်းဆုံအနီး၌ စစ်သေနတ်များဖြင့် ထပ်မံပစ်ခတ်ခဲ့ကြောင်း။

ရှေ့တန်း၊ နောက်တန်းနှစ်ခုစလုံးကို ဖျော်ဖြေရေးအဖွဲ့များ စေလွှတ်ရန် စီစဉ်ပြီးဖြစ်ကြောင်း၊ ရုပ်ရှင်ပြဇာတ်ပညာရှင်အပေါင်းတို့သည် ရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံးကြီးမှ ကြီးမှူးသော ပြည်သူ့ကာကွယ်ရေးအဖွဲ့တွင် နေ့စဉ်နံနက် ၈ နာရီမှ ၁၁ နာရီအထိတစ်ဖွဲ့၊ နံနက် ၁၁ နာရီမှ ညနေ ၃ နာရီအထိ တစ်ဖွဲ့ အဖွဲ့နှစ်ဖွဲ့ခွဲ၍ စစ်ရေးလေ့ကျင့်နေကြသည်ကိုလည်း တွေ့ရကြောင်း။

ထို့ပြင် ရုပ်ရှင်ပညာသည်များနှင့် ရုပ်ရှင်ကုမ္ပဏီများ အလှည့်ကျတာဝန်ယူပြီးလျှင် စစ်မြေပြင်တွင် ကေအင်န်ဒီအိုသောင်းကျန်းသူများကို တိုက်ခိုက်နေကြသော ဗမာ့တပ်မတော်သားများထံသို့ ထမင်းထုပ်၊ ဆေးလိပ်၊ သတင်းစာများ နေ့စဉ်အရောက် ပို့ပေးနေကြောင်း၊ ရုပ်ရှင်နှင့်ပြဇာတ်အစည်းအရုံးကြီးမှ ကြီးမှူးတည်ထောင်လိုက်သော ရုပ်ရှင်နှင့် ပြဇာတ်အသင်းသားများ ပါဝင်သည့် ပြည်သူ့ကာကွယ်ရေးအဖွဲ့၏ စစ်ဝန်ထမ်းများ တံဆိပ်မှာ ပခုံးဒေါက်အနီးတွင် ယူအက်စ်အက်စ် အမည်ရိုက်နှိပ်ထားပြီး ရိုင်ဖယ်သေနတ်နှစ်လက်ကို ကြက်ခြေခတ်ပုံသဏ္ဌာန် ရိုက်နှိပ်ထားသည်ကို တွေ့ရကြောင်း” စသည်ဖြင့် ဖော်ပြပါရှိခဲ့သည်။

အလားတူ ထိုစဉ်က ရုပ်ရှင်နှင့်ပြဇာတ်ကာကွယ်ရေးအဖွဲ့ကြီးမှ ထုတ်ပြန်ခဲ့သော ပြန်ကြားချက်ကို ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာ၌–

**တိုင်းပြည်လူထုသို့**

ကျွန်မတို့ ရုပ်ရှင်ပြဇာတ်အစည်းအရုံးဝင် အမျိုးသား အမျိုးသမီးအပေါင်းတို့သည် ပြည်သူလူထုအား မီခိုအားထားရသူများ ဖြစ်သည့်အလျောက်၊ ပြည်သူလူထု ဒုက္ခရောက်သည့်အလျောက်၊ ပြည်သူလူထုဒုက္ခနှင့် ရင်ဆိုင်တိုးနေရသည့်အချိန်တွင် ကျွန်မတို့ ရုပ်ရှင်ပြဇာတ်လောကအတွင်း ပါဝင်သူတို့သည် ပြည်ထောင်စုရန်သူမှန်သမျှကို ဖြိုခွင်းရန်အတွက် ပစ္စည်းအင်အား၊ လူအင်အားနှင့်ဆိုင်ရာမှ ဆောင်ရွက်နေကြ၍ ကျွန်မတို့ ခေါင်းဆောင်ကြီးများကိုယ်တိုင် ပြည်ထောင်စုရန်သူကို ချေမှုန်းလျက်ရှိသော စစ်သည်တော်ရဲဘော်များအား ထောက်ပံ့ရန်အတွက် ထမင်းထုတ်များ ကောက်ခံသိမ်းယူလျက်ရှိပါသည်။ သို့အတွက် မြို့မိမြို့ဖများက တတ်အားသမျှကူညီကြဖို့ မေတ္တာရပ်ခံပါကြောင်း၊

(ပုံ) မေရှင်
**ပြန်ကြားရေးမှူး**
**ရုပ်ရှင်ပြဇာတ်ကာကွယ်ရေးအဖွဲ့**

ဟူ၍ ဖော်ပြထားသည်ကိုတွေ့ရပါသည်။

## အရိုးပေါ် အရွက်မဖုံးစေရန် မြန်မာ့ဟန်၊ မြန်မာ့အသံ၊ မြန်မာ့စံ

ကိုလိုနီခေတ်က ဇာတ်သဘင်ပညာရှင် မင်းသားကြီး ဦးစိန်ကတုံးနှင့် ဆိုင်းပညာရှင် နေမျိုးဗလကျော်ထင် ရွှာစားကြီး စိန်ဗေဒါနှင့် တွဲဖက်၍ တစ်ညတည်းတွင် နိပါတ်တော် ဇာတ်ထုပ်နှစ်ထုပ်ကို တီထွင်ကပြခဲ့ရာ ဇာတ်ထုပ်တစ်ထုပ်ကို အခြေခံပြီး နှစ်ပါးသွားမြိုင်ထ သီဆိုကပြရင်း ဇာတ်ထုပ်ကို သရုပ်ဖော်ကပြခဲ့ရာ ပွဲကြည့်ပရိသတ်မှာ နိပါတ်တော် ဇာတ်ထုပ်နှစ်ထုပ်စလုံးကို မျက်စိထဲက မထွက်နိုင်အောင် စွဲမြဲနှစ်သက်ခဲ့ကြသည်။ ထိုသို့ တီထွင်ကပြနည်းမှာ အရိုးကို အရွက်မဖုံးစေဘဲ မြန်မာ့ဟန်မပျက် တင်ဆက်နိုင်ခဲ့သောကြောင့် မြန်မာပွဲကြည့်ပရိသတ်သာမက ထိုစဉ်က အိန္ဒိယဘုရင်ခံချုပ်ကပါ နှစ်ခြိုက်စွဲလမ်းခဲ့သဖြင့် မင်းသားကြီး ဦးစိန်ကတုံးအား ရွှေနာရီတစ်လုံးဖြင့် ဂုဏ်ပြုချီးမြှင့်ခဲ့သည်ဟု သိရသည်။

မြန်မာ့သဘင်ကို တစ်ခေတ်ဆန်းသစ် တီထွင်ခဲ့သည့် သဘင်ပညာရှင်ကြီး ဂရိတ် ဦးဖိုးစိန်သည် ရုပ်ရူပကာချောမော၊ အသံလည်း ကောင်း၊ အပြောကလည်း ပိုင်၊ အကကိုလည်း နိုင်သည့်အပြင် ဇာတ်ခုံအခင်းအကျင်းနှင့် ဇာတ်ခုံကြီးကိုလည်း ထည်ဝါခံ့ညားအောင် တီထွင်ဆန်းသစ်ခဲ့သည့် သဘင်ဥသျှောင်ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်သည်။ ထို့ပြင် အနောက်တိုင်း ခြေထိုးအကကို အရယူကာ မြန်မာသံ၊ မြန်မာဟန်မပျက် စည်းဝါးအတွင်း နိုင်နင်းစွာ ကပြနိုင်သည့် သဘင်ပညာစွမ်းရည်မှာ အံ့သြမကုန် ဖြစ်ခဲ့ကြရသည်။

ယခု (၂၄) ကြိမ်မြောက် မြန်မာ့ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် ယှဉ်ပြိုင်သီဆိုရမည့် တေးသီချင်းအချို့တွင် သီဆိုသူရော တီးမှုတ်သူတို့အတွက်ပါ ဂီတသံစဉ်(key)များ သတ်မှတ်ပေးထားသည်ကို ထူးခြားစွာ တွေ့ရှိရသည်။ ဤသို့ ဂီတသံစဉ် (key)ကို သတ်မှတ်ယှဉ်ပြိုင်စေခြင်းကြောင့် မြန်မာ့ဂီတအနုသုခုမ ပညာရှင်များကို အထူးကျေးဇူးတင်မိပါသည်။ အကြောင်းမှာ သတ်မှတ်ထားသည့် ဂီတသံစဉ် အတိုင်း ယှဉ်ပြိုင်သီဆို တီးမှုတ်စေခြင်းကြောင့် (၁) တေးပြုစာဆိုရေးစပ်သည့် တေးသီချင်း စာသား၏ ကောင်းမွန်ခြင်း၊ (၂) တီးမှုတ်ရသည့် ဂီတသံစဉ်၏ ကောင်းမွန်ခြင်း၊ (၃) တေးဆိုသူတို့၏ အသံဂုဏ် ကောင်းမွန်ခြင်းဟူသော ဂီတအနုပညာ၏ ဂုဏ်အင်္ဂါကောင်းများနှင့် ညီညွတ်နေမည် ဖြစ်ပါသည်။

“ဂီတမှာ အသံ၊ အလင်္ကာ ကာရန်၊ မြန်မာဆန်တဲ့ တေးရေးဟန်” ဟူသော ဆိုစကားနှင့်အညီ ကဗျာ၏ “ကာရန်” တွင် “အသံ” (Rhythm) သာမှုပေါ်တွင် မူတည်၍ ဂီတသံစဉ်ထည့်သွင်း ရေးစပ်သီဆိုသော တေးသီချင်းအချို့မှာ ဂန္ထဝင်စံတင် တေးသီချင်းများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိနိုင်ပါသည်။ သာဓကအားဖြင့် ဆရာဇော်ဂျီ (ဦးသိန်းဟန်)၏ “ညိုပြာပြာလတာပြင်ခြေရင်း လှိုင်းသက်ရာဆင်း” အစချီ “ဗေဒါလမ်း” ကဗျာသည် ဒါရိုက်တာချစ်ခင် ရိုက်ကူးသည့် ‘ပန်းပန်လျက်ပါ’ အမည်ရှိ ရုပ်ရှင်ဇာတ်ကားဇာတ်ဝင်ခန်းတွင် ဂီတစာဆို တေးသံရှင် စန္ဒရား(ဦး)ချစ်ဆွေက ဂီတသံစဉ်သွင်းပြီး ရုပ်ရှင်သရုပ်ဆောင် တေးသံရှင် အကယ်ဒမီများရှင်(ဒေါ်)ကြည်ကြည်ဌေးက သီဆိုသရုပ်ဆောင်လိုက်သောအခါ ဂန္ထဝင်တေးသီချင်းတစ်ပုဒ် ဖြစ်သွားခဲ့ပါသည်။

ထို့အတူ ဆရာမင်းသုဝဏ်(ဦးဝန်) ရေးစပ်ခဲ့သော “လယ်တောကအပြန်၊ ပန်ချင်တယ် ခရေဖူး ဆိုလို့၊ မောင်ခူးကာပေး၊ မနက်တုန်းဆီက၊ ကြော့ဆုံးကို မောင်မြင်တော့၊ သူ့ဆံပင် နှင်းဆီပွင့်တွေနဲ့၊ ဂုဏ်တင့်တယ်လေး” ဟူသော ကဗျာကို ဒါရိုက်တာ အကယ်ဒမီများရှင် မောင်ဝဏ္ဏ ရိုက်ကူးတင်ဆက်ခဲ့သော ‘နှောင်းတမြေ့မြေ့’အမည်ရှိ ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းတွင် ဂန္ထဝင်ဂီတပညာရှင် အကယ်ဒမီ ဂီတလုလင်(ဦး)ကိုကိုက ဂီတသံစဉ်ထည့်သွင်းပြီး ရုပ်ရှင်သရုပ်ဆောင် စာရေးဆရာ တေးသံရှင် ထပ်ဆင့်အကယ်ဒမီ(ဦး)သုမောင်က သီဆို သရုပ်ဆောင်လိုက်သောအခါ ဂန္ထဝင်စံတင် တေးသီချင်းတစ်ပုဒ်ဖြစ်သွားခဲ့ပါသည်။

အလားတူ ဂန္ထဝင်ဂီတစာဆို ကဗျာဆရာ တေးသံရှင် အလင်္ကာကျော်စွာဆရာ ‘နှောင်’ (ဦးမောင်မောင်လတ်) ရေးစပ်ဖွဲ့နွဲ့သည့် တေးသီချင်းများစွာတို့သည် ကာရန်ရော ဂီတသံစဉ်ပါ လှပယဉ်ကျေး သိမ်မွေ့နူးညံ့လှပါသည်။ “ကဗျာ ဟူသည် အကောင်းဆုံးသော စကားလုံးများကို အကောင်းဆုံးသော အစီအစဉ်ဖြင့် ရေးစပ်ဖွဲ့နွဲ့ သီကုံးထားခြင်း ဖြစ်သည်” သာဓကအားဖြင့် အလင်္ကာကျော်စွာ ကဗျာဂီတစာဆို “ဆရာနှောင်” (ဦးမောင်မောင်လတ်) ရေးစပ်ပြီး တေးသံရှင် ကိုတင်ထွဋ် သီဆိုထားသည့် ‘ပြစ်မျိုးမဲ့မထင်’ အမည်ရှိ တေးသီချင်းကို နားသောတဆင်ရသောအခါ ‘ဥမ္မာဒန္တီပျို့’ ကို ဖတ်ရှုနေရဘိသကဲ့သို့ အမျိုးသမီးတစ်ဦး၏ “တုနှိုင်းမဲ့အလှအပ” ကို စပ်ဆိုဖွဲ့နွဲ့ထားသည်မှာ လက်ဖျားခါရပါသည်။ ဆရာ ဦးမောင်မောင်လတ်သည် ဂီတစာဆို၊ ကဗျာစာဆိုကဝိနှင့် တေးသံရှင်တစ်ဦးပီသစွာ တစ်နှစ်ကြာအောင် တေးစာသားနှင့် ဂီတသံစဉ်ကို အချိန်ယူစပ်ဆိုခဲ့သည့် “တိမ်တမန်” တေးသီချင်းကို အကယ်ဒမီ ဂီတစာဆို တေးသံရှင် စန္ဒရားဆရာ (ဦး)လှထွဋ် သီဆိုအသံသွင်း ထုတ်လွှင့်သောအခါ အချစ်သမုဒယ လုံးဝမပါရှိဘဲ အမိမြန်မာပြည်၏ ဥတုရာသီသာယာကောင်းမွန်စေရန် ရည်သန်စပ်ဆိုထားသည့် တစ်သက်လုံး မရိုးနိုင်တော့သည့် ဂန္ထဝင်သီချင်းကောင်းတစ်ပုဒ်အဖြစ် တည်ရှိနေမည်ဖြစ်ပါသည်။

အချုပ်ဆိုပါလျှင် “ဂီတသာလျှင် လူမျိုးသာမည်၊ ဂီတချာလျှင် လူမျိုးချာမည်” ဖြစ်၍ “ဂီတစွမ်းအားပြည့်ထွန်းကား”ရေးကို မှန်ကန်သောအသိ၊ မှန်ကန်သောခံယူချက်၊ မှန်ကန်သောရပ်တည်ချက်တို့ဖြင့် အမျိုးသားရေးတာဝန် ကျေပွန်ကြဖို့ အထူးလိုအပ်လှပါသည်။ ပြည်သူချစ်သော အနုပညာရှင်တို့သည် သရုပ်မှန်၊ စေတနာမှန်သော အနုပညာဖြင့် ရိုးသား၊ နိုးကြားစွာဖြင့် ကြိုးစားကာ အသက်မွေးဝမ်းကျောင်းပြုကြရင်း မိဘပြည်သူတို့မှာ မိမိတို့၏ ထမင်းရှင်၊ ကျေးဇူးရှင်များဖြစ်ကြသည့်အလျောက် တိုင်းပြည်အကျိုးနှင့် ပြည်သူ့အကျိုးကို သွေဖည်ကျောခိုင်းထင်ရာစိုင်းသည့် အစွန်းရောက်အမှားများကို အထူးရှောင်ကြဉ်ကြရပါမည်။ မိဘပြည်သူတို့၏ ဦးနှောက်အတွေးအခေါ် စိတ်နေစိတ်ထားကို အမှောင်လမ်းသို့ တွန်းပို့သည့် အစွန်းရောက် လှုံ့ဆော်မှု၊ အများအကျိုးမကျူးလွန်မိအောင်ရှောင်ကြဉ်ကာ တိုင်းပြည်နှင့် လူမျိုးဘဝလှပနေအောင် ထာဝရဖော်ကျူးအလှဆင်ကြပါစေကြောင်း အရေးထားလေးစားစွာဖြင့် ရေးသားဆန္ဒပြုအပ်ပါသတည်း။ ။

## စဉ့်ကိုင်မြို့နယ်၌ (ဆင်းရှေးကြာ–၂) နေကြာမျိုးကောင်းမျိုးသန့်များ ရွေးချယ်

**စဉ့်ကိုင် စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းများရရှိစေရန် အထွက်နှုန်းကောင်းပြီး အရည်အသွေးကောင်းသည့် ဒေသနှင့်ကိုက်ညီသော နေကြာမျိုးများ စိုက်ပျိုး ထုတ်လုပ်လျက်ရှိရာ ယခုနှစ်မိုးရာသီတွင် နေကြာသီးနှံ ၂၀၂၂–၂၀၂၃ ခုနှစ်တွင် မိုးနေကြာ ၂၈၅၇ ဧက၊ ဆောင်းနေကြာ ၁၂၁၃၅ ဧက စုစုပေါင်း ၁၄၉၉၂ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

ယခုလတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဝန်းသိုကျေးရွာအုပ်စုမှ မိုးနေကြာစိုက်တောင်သူများ ပူးပေါင်း၍ တောင်သူဦးသိန်းထိုက်၏ မိုးနေကြာ ငါးဧကစိုက်ခင်း၌ အောင်မြင်သော မိုးနေကြာ(ဆင်းရှေးကြာ–၂) မျိုးများကို စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာဖြင့် မျိုးကောင်းမျိုးစေ့များရွေးချယ်ခြင်းကို ကွင်းဆင်းဆောင်ရွက်ကြသည်။

အဆိုပါမျိုးမြှင့်တင်ရွေးချယ်ခဲ့သော မိုးနေကြာ(ဆင်းရှေးကြာ–၂) မျိုးကောင်းမျိုးသန့်နေကြာတစ်တင်းလျှင် ဆီသုံးပိဿာခန့် ထွက်ရှိနိုင်ပြီး ယင်းမျိုးသန့်များကို ယခုနှစ် ဆောင်းနေကြာစိုက်ပျိုးနိုင်ရန်နှင့် ဒေသတွင်း စားသုံးဆီဖူလုံရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသန်းဇော်ထံမှ သိရသည်။

မြို့နယ် (ပြန်/ဆက်)

# SIM Card များကို စနစ်တကျမှတ်ပုံတင်ရောင်းချခြင်းနှင့် လွှဲပြောင်းရာတွင် စနစ်တကျပြန်လည်မှတ်ပုံတင်ခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

အမိန့်ကြော်ငြာစာအမှတ်(၁၈ /၂၀၂၃)

၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

**SIM Card များကို စနစ်တကျ မှတ်ပုံတင်ရောင်းချခြင်းနှင့် လွှဲပြောင်းရာတွင် စနစ်တကျပြန်လည်မှတ်ပုံတင်ခြင်း**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၈၈ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုများကို မှန်ကန်စွာအသုံးပြုလျက်ရှိသည့် သုံးစွဲသူများကို အကာအကွယ်ပေးနိုင်ရန် မိုဘိုင်းဆက်သွယ်ရေးစနစ်ကိုအခြေခံသည့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ e-commerce လုပ်ငန်းများနှင့်စပ်လျဉ်း၍ သုံးစွဲသူများကို လိမ်လည်မှုများမှ ကာကွယ်ပေးနိုင်ရန်နှင့် ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ရာတွင် အထောက်အကူပေးနိုင်ရန်တို့အတွက် ရည်ရွယ်ပြီး မိုဘိုင်းဆက်သွယ်ရေး အော်ပရေတာများမှ SIM Card ရောင်းချရာတွင် လိုက်နာရမည့် အမိန့်နှင့် ညွှန်ကြားချက်များအား ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၂။ သို့ရာတွင် ယခုအခါ မိုဘိုင်း SIM Card များအား ညွှန်ကြားချက်နှင့်အညီ မှတ်ပုံတင်ခြင်းမပြုဘဲ SIM Card အရောင်းဆိုင်များ၊ မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများ၏ Points of Sales (POS)များ၊ မိုဘိုင်း Hand Set အရောင်းဆိုင်များအပြင် ဈေးများနှင့်လမ်းဘေးဆိုင်များတွင်လည်းကောင်း၊ Online တွင်လည်းကောင်း ဆက်လက်၍ ရောင်းချလျက်ရှိသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ ထိုသို့ SIM Card များအား စနစ်တကျမှတ်ပုံတင်ခြင်းမပြုဘဲ ဝယ်ယူသုံးစွဲနိုင်ခြင်းကြောင့် ဝယ်ယူအသုံးပြုမည့် အများပြည်သူများအနေဖြင့် အဆိုပါ SIM Card နှင့် ချိတ်ဆက် အသုံးပြုလျက်ရှိသည့် ငွေကြေးဝန်ဆောင်မှုများသာမက အခြားသော Online ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ လိမ်လည်မှုခံရနိုင်သည့်အပြင် ရာဇဝတ်မှုများကို နှိမ်နင်းနိုင်ရန်အတွက် ဥပဒေနှင့်အညီ စုံစမ်းမှုများပြုလုပ်ရာတွင်လည်း အခက်အခဲများရှိလာပါသည်။ ထို့အပြင် မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များကို အသုံးပြုပြီး ဆက်သွယ်ရေးကွန်ရက်ပေါ်မှ ရာဇဝတ်မှုများ၊ အကြမ်းဖက်လုပ်ဆောင်မှုများနှင့် ခြိမ်းခြောက်အန္တရာယ်ပြုမှုများ ပိုမိုပြုလုပ်လာကြသည့်အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုကို ထိခိုက်လာပါသည်။ ထို့ကြောင့် SIM Card များကို စနစ်တကျမှတ်ပုံတင်၍ ရောင်းချခြင်းနှင့် စပ်လျဉ်း၍ မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများ၊ ၎င်းတို့နှင့်တရားဝင်စာချုပ် ချုပ်ဆိုထားသည့် အရောင်းကိုယ်စားလှယ်များနှင့် အရောင်းဆိုင်များသာမက အများပြည်သူများအပါအဝင် မည်သူမဆို သိရှိလိုက်နာရန် လိုအပ်လာပါသည်။

၃။ သို့ဖြစ်ပါ၍ မိုဘိုင်း SIM Card များ ရောင်းချခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများ၏အရောင်းဆိုင်များ၊ မိုဘိုင်းဆက်သွယ်ရေး အော်ပရေတာများနှင့် တရားဝင်စာချုပ် ချုပ်ဆိုထားသည့် အရောင်းကိုယ်စားလှယ်များနှင့်အရောင်းဆိုင်(Points Of Sales)များသည် Customer Registration ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ မှတ်ပုံတင်ပြီးမှသာ ရောင်းချရမည်။ ထိုသို့ရောင်းချမှုတွင် အသစ်ထုတ်ဝေရောင်းချမည့် SIM Card ဖြစ်စေ၊ လက်ရှိဖြန့်ဝေထားသည့် SIM Card ဖြစ်စေ အကျုံးဝင်စေရမည်။

(ခ) မည်သူမဆို မှတ်ပုံတင်ထားခြင်းမရှိသည့် သို့မဟုတ် လိမ်လည်၍ မှတ်ပုံတင်ထားသည့် သို့မဟုတ် Customer Registration ညွှန်ကြားချက်များနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များကို ရောင်းချခြင်းမပြုရ။

၄။ မည်သူမဆို Customer Registration ညွှန်ကြားချက်များနှင့်အညီ မှတ်ပုံတင်ထားသည့် SIM Card ကို တစ်ဆင့်လွှဲပြောင်းရာတွင် ရယူအသုံးပြုသူ၏ အချက်အလက်အမှန်ဖြင့် Customer Registration ညွှန်ကြားချက်များနှင့်အညီ ပြန်လည်မှတ်ပုံတင်ရမည်။

၅။ မည်သူမဆို အပိုဒ် ၃ နှင့် အပိုဒ် ၄ ပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ်တွေ့ရှိရပါက ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၇၂ အရ အရေးယူခြင်းခံရမည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

## ပုဗ္ဗသီရိမြို့နယ်လုံးဆိုင်ရာ ဆဋ္ဌမအကြိမ် မဟာပဋ္ဌာန်းမြတ်ပူဇော်ပွဲအောင်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၇**

နေပြည်တော်ကောင်စီမှ ကြီးမှူးကျင်းပသော ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်လုံးဆိုင်ရာ ဆဋ္ဌမအကြိမ် အသံမစဲမဟာပဋ္ဌာန်းမြတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၅ ရက်က သုခဒီပရပ်ကွက် မရှိခဏဓမ္မ ရောင်ခြည်ကျောင်းတိုက်၌ ကျင်းပသည်။



အခမ်းအနားသို့ ပုဗ္ဗသီရိမြို့နယ် တံခွန်တိုင်ဆရာတော်ဘဒ္ဒန္တ ဦးသောဘဏ၊ မရှိခဏဓမ္မရောင်ခြည်ကျောင်းတိုက် ဆရာတော် ဦးတိက္ခာစာရနှင့် ပင့်သံဃာတော်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ ပုဗ္ဗသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ကြည်နှင့် အဖွဲ့ဝင်များ၊ နေပြည်တော် သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဆန်းလင်းအောင်၊ ဥတ္တရခရိုင်သာသနာရေးမှူး ဦးနိုင်လင်း၊ မြို့နယ်သာသနာရေးမှူး ဦးကျော်မင်းထွန်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ကာ တံခွန်တိုင် ဆရာတော် ဘဒ္ဒန္တ ဦးသောဘဏမထေရ်မြတ်ထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များထံမှ ဆုံးမသြဝါဒ ခံယူနာကြား၍ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် ဆဋ္ဌမအကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ အောင်မြင်ပြီးမြောက်ကြောင်း ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သန်းသန်းနွယ်(ပုဗ္ဗ)**

## ကျောက်ကြီး၌ (၁၃၅) ကြိမ်မြောက် ရှင်ဥပဂုတ္တရဟန္တာမြတ် ဆွမ်းကြီးခံလှည့်လည်ပူဇော်ခြင်းနှင့် မီးမျှောပူဇော်ပွဲကျင်းပ

**ကျောက်ကြီး စက်တင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ (၁၃၅) ကြိမ်မြောက် ရှင်ဥပဂုတ္တရဟန္တာမြတ် ဆွမ်းကြီးခံ လှည့်လည်ပူဇော်ခြင်းနှင့် မီးမျှောပူဇော်ပွဲကို ကျောက်ကြီးချောင်းဘေး ကိန်းဝပ်စံပယ်ရာ စံကျောင်းတော်၌ ယနေ့ နံနက် ၇ နာရီခန့်က ရိုးရာအစဉ်လာမပျက် ကျင်းပခဲ့ကြောင်း သိရသည်။



ကျောက်ကြီးမြို့နယ် တွင် (၁၃၅) ကြိမ်မြောက် ရှင်ဥပဂုတ္တရဟန္တာမြတ် ဆွမ်းကြီးခံလှည့်လည် ပူဇော်ခြင်းနှင့် မီးမျှောပူဇော်ပွဲကို မြို့နယ်သံဃာ့နာယကဥက္ကဋ္ဌ ရှင်သီဝလိတောင်တော်မြတ်၏ သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တစန္ဒိမာ၏ မိန့်ကြားချက်အရ ကျောက်ကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ပွဲတော် ကျင်းပရေးကော်မတီဝင်များက ဦးဆောင်၍ ကျောက်ကြီးမြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသို့ ရှင်ဥပဂုတ္တရဟန္တာမြတ်နှင့် မြို့တွင်းဘုန်းတော်ကြီးကျောင်းများမှ ဆရာတော် သံဃာတော်များက နံနက်ဆွမ်းကြီး ခံကြွရာ လမ်းတစ်လျှောက်၌ ပရိတ်၊ ပဋ္ဌာန်းများ ရွတ်ဖတ်အပူဇော်ခံခဲ့ကြသည်။

အဆိုပါပွဲတော်အား ကျောက်ကြီး မြို့နယ်သူ မြို့နယ်သားများအတွက် အစဉ်အလာ ရိုးရာမပျက် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ကျင်းပပြုလုပ်ပေးရခြင်း ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

❖ *ကျော့ဖုံးမှ*

ယင်းပြိုင်ပွဲတွင် အိမ်ရှင်တရုတ်နိုင်ငံသူ လီရှောင်ရှောင်က ၁၉ ဒသမ ဖ၀၀ မှတ်ဖြင့် ရွှေတံဆိပ်၊ အီရန်နိုင်ငံသူ ဇာရာက ၁၉ ဒသမ ၄၃၆ မှတ်ဖြင့် ငွေတံဆိပ်၊ ဗီယက်နမ်နိုင်ငံသူ ဒေါင်သွေဗီက ၁၉ ဒသမ ၄၂၆ မှတ်ဖြင့် ကြေးတံဆိပ် ရရှိသည်။

ယခု အာရှအားကစားပြိုင်ပွဲတွင် မြန်မာဝူရှူးအားကစားသမားလေးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ လေးဦးစလုံး ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။ မြန်မာဝူရှူးအားကစားသမားများဖြစ်သည့် စွမ်းရည်ထက်နိုင်၊ စန္ဒီဦး၊ အေးသစ္စာမြင့်နှင့် မြတ်နိုးအိမ်တို့ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ - ဝူယွမ်တန်**

❍ *ကျော့ဖုံးမှ*

မိမိ တွဲဖက်ကစားနိုင်ခဲ့သည်။ ပြိုင်ဘက် ပဲလေ့စ်အသင်းက ခြေစွမ်းပြသနိုင်ခြင်းမရှိဘဲ မန်ယူအသင်းဘက်သို့ ရံဖန်ရံခါမှသာ တိုက်စစ်ဆင်ကစားနိုင်ခဲ့သည်။

ပဲလေ့စ်အသင်းသည် ယခုပွဲစဉ်ရှုံးနိမ့်မှုကြောင့် ပြိုင်ပွဲစုံ နောက်ဆုံးသုံးပွဲတွင် တစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရလဒ်ဖြင့် နိုင်ပွဲပျောက်ဆုံးသည့် မှတ်တမ်းပိုင်ဆိုင်ခဲ့သည်။ မန်ယူအသင်းအတွက် သွင်းဂိုးများကို ဂါနာချိုကက်စမဲရိုးနှင့် မာရှယ်တို့က သွင်းယူပေးနိုင်ခဲ့သည်။ မန်ယူနှင့် ပဲလေ့စ်အသင်းမှာ လာမည့် စနေနေ့တွင်လည်း ပရီမီယာလိဂ် ပွဲစဉ် (၇) တွင် ဆက်လက် ယှဉ်ပြိုင်ရဦးမည်ဖြစ်သည်။

လိဂ်ဖလားပြိုင်ပွဲ တတိယအဆင့်မှ အခြားသော ပွဲစဉ်ရလဒ်များတွင် အစ်ဆွစ်က ဝုဖ်ကို သုံးဂိုး-နှစ်ဂိုး၊ အိတ်စတာက လူတန်ကို တစ်ဂိုး-ဂိုးမရှိ၊ ပေ့ါသ်ဗေးက ဆူလ်တန်ကို နှစ်ဂိုး-တစ်ဂိုး၊ မစ်ဒယ်ဘရော့က ဘရတ်ဖို့ဒ်ကို နှစ်ဂိုးပြတ်၊ ဘန်လေက ဆောလ်ဖို့ဒ်ကို လေးဂိုးပြတ် အနိုင်ရရှိခဲ့ပြီး မန်းစ်ဖီးလ်နှင့် ပီတာဘရော့အသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

**အောင်ဇော်**

✻ *ကျော့ဖုံးမှ*

မြန်မာအသင်းသည် အကောင်းဆုံးအုပ်စု တတိယနေရာ လေးသင်းတွင်ပါဝင်ပြီး နောက်တစ်ဆင့် တက်ရောက်ခဲ့သော်လည်း ရှုံးထွက်အဆင့်တွင် အာရှထိပ်သီး ဂျပန်အသင်းနှင့် တွေ့ဆုံနေသဖြင့် ရုန်းကန်ရဖွယ်ရှိနေသည်။ ဂျပန်အသင်းသည် အုပ်စုပွဲများတွင် ကာတာနှင့် ပါလက်စတိုင်း နှစ်သင်းစလုံးကို အနိုင်ယူကာ အုပ်စုပထမဖြင့် နောက်တစ်ဆင့် တက်ရောက်လာခြင်းဖြစ်သည်။ ဂျပန်အသင်းသည် နောက်ဆုံးကျင်းပသည့် ၂၀၁၈ ပြိုင်ပွဲတွင် ဗိုလ်လုပွဲ တက်ရောက်ခဲ့သည့်အသင်းဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုသုံးပွဲတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်အသင်းကိုသာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ အိန္ဒိယနှင့် တစ်ဂိုးစီသရေကျပြီး တရုတ်အသင်းကို လေးဂိုးပြတ် အရေးနိမ့်ခဲ့သည်။

**ညီမြတ်သော်တာ**

# န္ယူကလီးယားလက်နက်မသုံးပါဟု ကတိပြုကြရန် န္ယူကလီးယား အင်အားကြီးနိုင်ငံများကို ကုလအကြီးအကဲ တိုက်တွန်း

**ဂျီနီဗာ စက်တင်ဘာ ၂၇**

န္ယူကလီးယားလက်နက် ဖျက်သိမ်းရန်အတွက် ထပ်လောင်းတောင်းဆိုလိုက်ကြောင်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ် က ပြောသည်။ ကုလသမဂ္ဂက သတ်မှတ်ထားသည့် အပြည်ပြည်ဆိုင်ရာ န္ယူကလီးယားလက်နက်ပပျောက်ရေးနေ့ စက်တင်ဘာ ၂၆ ရက်တွင် ယခုလိုမှတ်ချက်ပြု ပြောကြားခဲ့ခြင်းဖြစ်သည်။

နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်တွင် ကမ္ဘာတစ်လွှားမှ အစိုးရအရာရှိများကို ဂူတာရက်စ်က မိန့်ခွန်းပြောကြားခဲ့သည်။ န္ယူကလီးယားလက်နက်ကို အချိန်မရွေး၊ နေရာမရွေးမည်သည့် အခြေအနေမျိုးမှာမဆို အသုံးပြုခြင်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကပ်ဘေးကြီးကို ဖြစ်ပေါ်စေမည်ဟု ၎င်းကပြောသည်။ န္ယူကလီးယားလက်နက် မပြန့်ပွားစေရေးနှင့် န္ယူကလီးယားလက်နက် တားမြစ်ခြင်းကဲ့သို့သော စာချုပ်များကို ခိုင်မာအားကောင်းစေရေး အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းထံ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က တောင်းဆိုခဲ့သည်။

နိုင်ငံအချို့မှ ကိုယ်စားလှယ်များသည် ၎င်းတို့၏ မိန့်ခွန်းများတွင် န္ယူကလီးယားလက်နက် ဖျက်သိမ်းရေးအတွက် တောင်းဆိုခဲ့ကြသည်။ သို့သော်လည်း အမေရိကန်၊ ဗြိတိန်၊ ရုရှားနှင့် ပြင်သစ်နိုင်ငံတို့ အပါအဝင် န္ယူကလီးယားလက်နက်ပိုင်ဆိုင်သည့် နိုင်ငံများမှ ကိုယ်စားလှယ်များကမူ မည်သည့် မိန့်ခွန်းမျှ ပြောကြားခဲ့ခြင်းမရှိချေ။

**အင်န်အိတ်ချ်ကေ**



# အီရတ်နိုင်ငံမြောက်ပိုင်း မင်္ဂလာဆောင်ခန်းမ မီးလောင်မှုဖြစ်ပွား လူပေါင်း ၁၁၄ ဦးကျော် သေဆုံးပြီး ၂၀၀ ကျော်ဒဏ်ရာရ

**ဘဂ္ဂဒက် စက်တင်ဘာ ၂၇**

အီရတ်နိုင်ငံမြောက်ပိုင်း နီနက်ဗာပြည်နယ် အယ်လ်ဟာမ်ဒါနီယာမြို့ မင်္ဂလာခန်းမတွင် မီးအကြီးအကျယ် လောင်ကျွမ်းခဲ့သောကြောင့် လူပေါင်း ၁၁၄ ဦးကျော်အထိ သေဆုံးခဲ့ပြီး ၂၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း နီနက်ဗာပြည်နယ် အုပ်ချုပ်ရေးမှူး နမ်အယ်လ်ဂျူဘိုရီက သတင်းထောက်များကို စက်တင်ဘာ ၂၇ ရက်က ပြောကြားခဲ့သည်။



မီးလောင်မှုဖြစ်ပွားခဲ့သည့် နေရာတွင် အရပ်ဘက်ကာကွယ်ရေးအဖွဲ့ဝင်များနှင့် လုံခြုံရေးအဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်ရေးများ ဆောင်ရွက်နေသည်ကိုတွေ့ရစဉ်။

ပြည်နယ် မြို့တော်မိုဆူးလ် အရှေ့တောင်ဘက် ၃၅ ကီလိုမီတာအကွာ အယ်ဟာမ်ဒါနီယာမြို့ အယ်ဟောသန်မင်္ဂလာခန်းမ၌ စက်တင်ဘာ ၂၆ ရက် ညတွင် မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အီရတ်အရပ်ဘက်ကာကွယ်ရေးအဖွဲ့ကို ကိုးကားပြီး အီရတ်သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။ မင်္ဂလာဆောင်အတွင်း မီးရှူးမီးပန်းများကို သုံးခဲ့ကြောင်းနှင့် ယင်းက မီးလောင်မှု ဖြစ်ပွားရသည့် အကြောင်းရင်း ဖြစ်နိုင်ကြောင်း ကနဦး သတင်းတွင် ဖော်ပြထားသည်။

အဆိုပါ အဆောက်အအုံကို မီးလောင်လွယ်သည့် ပစ္စည်းများဖြင့် ပြုလုပ်ထားပြီး ယင်းက မီးလောင်မှုအရှိန်ကို ပိုကောင်းစေကာ အဆောက်အအုံ ပြိုကျသည်အထိ ဖြစ်စေခဲ့ကြောင်း အီရတ်သတင်းအေဂျင်စီက ပြောသည်။ မီးလောင်မှုဖြစ်စဉ်ကို စုံစမ်းစစ်ဆေးလျက် ရှိကြောင်းလည်းသိရသည်။ ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဆေးအယ်ဘက်ဒါက မီးလောင်မှုကို ထိန်းချုပ်နိုင်လိုက်ပြီဖြစ်ကြောင်းနှင့် အခြေအနေကို အနီးကပ် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း ပြောခဲ့သည်။

ဝန်ကြီးချုပ် မိုဟာမက်ရှီယာ အယ်ဆူဒါနီသည် နီနက်ဗာပြည်နယ် အုပ်ချုပ်ရေးမှူးကို ဖုန်းဆက်ပြီး အခြေအနေအရပ်ရပ်ကို သုံးသပ်လေ့လာခဲ့ကာ ပြည်ထဲရေးနှင့် ကျန်းမာရေးဝန်ကြီးများအား မီးလောင်ဒုက္ခသည်များကို ကူညီရန် လိုအပ်သောပံ့ပိုးမှုများ ပြုလုပ်ပေးရန် အမိန့်ပေးခဲ့သည်။

**ဆင်ဟွာ**

# ကမ္ဘောဒီးယားနိုင်ငံသို့ ယခုနှစ် ပထမရှစ်လအတွင်း နိုင်ငံခြားခရီးသွား ၃ ဒသမ ၅ သန်းခန့် ဝင်ရောက်

**ဖနောင်ပင် စက်တင်ဘာ ၂၇**

ယခုနှစ် ပထမရှစ်လအတွင်း နိုင်ငံခြားခရီးသွား ၃ ဒသမ ၅ သန်း ခန့် ကမ္ဘောဒီးယားနိုင်ငံသို့ ဝင်ရောက်မှုရှိခဲ့ပြီး တစ်နှစ်ထက် တစ်နှစ် ၂၅၀ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဝန်ကြီးချုပ် ဟွန်မာနက်က စက်တင်ဘာ ၂၇ ရက်က ပြောသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် နိုင်ငံခြားခရီးသွား ၅ သန်းခန့် ဝင်ရောက်ရန်မျှော်မှန်းထားကြောင်း ၎င်းက ဆက်ပြောသည်။ ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၁၉ ခုနှစ်က ကိုဗစ်-၁၉ ကပ်ရောဂါမတိုင်မီ ဝင်ရောက်သည့် နိုင်ငံခြားခရီးသွား ၆ ဒသမ ၆ သန်းကို ကျော်လွန်ကာ ၂၀၂၅ ခုနှစ်တွင် နိုင်ငံခြားခရီးသွား ခုနစ်သန်းအထိ ဝင်ရောက်ရန် မျှော်မှန်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ခရီးသွားလုပ်ငန်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးကို အထောက်အကူပြုသည့် မဏ္ဍိုင်လေးခုအနက်မှ တစ်ခုဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် နေရာလေးခုရှိသည့်အပြင် ပြည်နယ်လေးခုဖြတ် ကီလိုမီတာ ၄၅၀ ရှည်လျားသည့် ကမ်းရိုးတန်း တစ်ခုလည်းရှိသည်။

**ဆင်ဟွာ**



# ဂျပန်နိုင်ငံ၏ အမြင့်ဆုံးအဆောက်အအုံ တိုကျိုတွင် စတင်ဆောက်လုပ်



**တိုကျို စက်တင်ဘာ ၂၇**

ဆောက်လုပ်ရေး အလုပ်သမားများသည် တိုကျိုအထိမ်းအမှတ် နေရာသစ်တွင် ဂျပန်နိုင်ငံ၏ အမြင့်ဆုံးအဆောက်အအုံကို စတင်ဆောက်လုပ်နေကြပြီဖြစ်သည်။ ၂၀၂၈ ခုနှစ်တွင် ပြီးစီးမည့် ၃၈၅ မီတာ မြင့်သော မီးရှူးတိုင်မျှော်စင်အဆောက်အအုံသည် ဂျပန်နိုင်ငံတွင် အမြင့်ဆုံး မိုးမျှော်အဆောက်အအုံ ဖြစ်လာမည်ဖြစ်သည်။

အိမ်ခြံမြေတည်ဆောက်ရေးကုမ္ပဏီ မစ်ဆူဘီရှီဆောက်လုပ်ရေးသည် ၎င်း၏ မိတ်ဖက်များနှင့်အတူ အုတ်မြစ်ချ အခမ်းအနားကို စက်တင်ဘာ ၂၇ ရက်က ပြုလုပ်ခဲ့သည်။

အိမ်ခြံမြေ တည်ဆောက်ရေးကုမ္ပဏီ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် နာဂါဂျီမာ အာတာဆူရှီက ဂျပန်နိုင်ငံ၏ အမြင့်ဆုံး မိုးမျှော်အဆောက်အအုံသည် အထိမ်းအမှတ်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်းနှင့် ဆွဲဆောင်မှုအရှိဆုံးပုံစံကို ဖန်တီးတည်ဆောက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါအဆောက်အအုံ၌ မြေအောက်ထပ်လေးထပ်ပါဝင်မည်ဖြစ်ပြီး မြေပေါ်၌ ၆၂ ထပ်ပါဝင်မည်ဖြစ်သည်။ ထို့အပြင် အလုပ်သမား ၂၀၀၀၀ အတွက် ရုံးခန်းပါရှိမည်ဖြစ်သလို လူနေတိုက်ခန်းများ၊ ဇိမ်ခံဟိုတယ် တစ်ခုနှင့် လူ ၂၀၀၀ ဆံ့ ခန်းမတစ်ခုတို့ ပါဝင်မည်ဖြစ်သည်။

မီးရှူးတိုင်မျှော်စင်သည် တိုကျိုအနီး တစ်ဝိုက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ အဆိုပါဒေသတွင် အခြားအစီအစဉ်များလည်းပြုလုပ်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန် – မက္ကဆီကိုနယ်စပ်တွင် နှစ်လသားအရွယ် ကလေး စွန့်ပစ်ခံထားရ

**ဟူစတန် စက်တင်ဘာ ၂၇**

အမေရိကန် – မက္ကဆီကိုနယ်စပ်အနီး ရီယိုဂရန်ဒီမြို့အနီးတွင် စွန့်ပစ်ခံထားရသည့်နှစ်လသားကလေးငယ်ကို အမေရိကန် နယ်စပ်ကင်းလှည့်အေးဂျင့်များက တွေ့ရှိခဲ့သည်ဟု အေးဂျင့်အရာရှိ ဂလိုရီယာချာဗက်ဇ်က စက်တင်ဘာ ၂၆ ရက်တွင် လူမှုကွန်ရက်မီဒီယာတွင် ပြောကြားခဲ့သည်။

လူကုန်ကူးသမားများက ကလေးငယ်များကို မည်သို့အမြတ်ထုတ်နေသည်ကို မီးမောင်းထိုးပြနေခြင်းဖြစ်သည်ဟု ၎င်းကပြောသည်။ ယခုကဲ့သို့ဖြစ်ရပ်မျိုးမှာ ရှားပါးဖြစ်စဉ်မျိုးမဟုတ်ပေ။ ဩဂုတ်လအတွင်းကလည်း လူကုန်ကူးသမားများက စွန့်ပစ်ထားသည့် အသက် ၁၂ နှစ်နှင့်လေးနှစ်အရွယ် ဟွန်ဒူးရပ်စ် ကလေးနှစ်ဦးကို ရီယိုဂရန်ဒီမြို့အနီးတွင် တွေ့ရှိခဲ့ရသည်ဟု သိရသည်။

**ဆင်ဟွာ**

# ရွှေဘိုခရိုင်အတွင်းဖြစ်ပေါ်နေသော စပါး၊ ဆန် ဈေးနှုန်းများ

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များ၌ စက်တင်ဘာလ တတိယပတ်တွင် စပါး/ဆန် ဈေးနှုန်းများ တည်ငြိမ်နေကြောင်း၊ ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ ဆန်စီးထွက်မှုမှာ စက်တင်ဘာလ ဒုတိယပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၁၅၀၀၀၊ မန္တလေးသို့ အိတ်ရေ ၁၈၁၀၀၊ နေပြည်တော်သို့ အိတ်ရေ ၆၅၀၀၊ ရှမ်း (တောင်) သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း (မြောက်) သို့ အိတ်ရေ ၅၀၀၀၊ ပခုက္ကူသို့ အိတ်ရေ ၁၀၀၀၊ စုစုပေါင်းအိတ်ရေ ၅၀၆၀၀၊ တန် ၂၅၃၀ စီးထွက်ခဲ့ပြီး စက်တင်ဘာလ တတိယပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၂၀၅၀၀၊ မန္တလေးသို့ အိတ်ရေ ၂၄၁၀၀၊ နေပြည်တော်သို့ အိတ်ရေ ၆၀၀၀၊ ရှမ်း (တောင်) သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း (မြောက်) သို့ အိတ်ရေ ၅၀၀၀၊ ပခုက္ကူသို့ အိတ်ရေ ၂၀၀၀၊ စုစုပေါင်းအိတ်ရေ ၆၂၆၀၀၊ တန် ၃၁၃၀ စီးထွက်ခဲ့သည့်အတွက် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ယခုအပတ်အတွင်း အိတ်ရေ ၁၂၀၀၀၊ တန် ၆၀၀ ပို၍ စီးထွက်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာလ တတိယပတ်တွင် ရွှေဘိုမြို့၌ ဖြစ်ပေါ်နေသော စပါး/ဆန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၃၇၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ရောမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀ နှင့် ၂၀၂၂ - ၂၀၂၃ ခုနှစ် ရွှေဝါထွန်း (နွေစပါး) တင်း ၁၀၀ လျှင် ကျပ် ၁၉၀၀၀၀၀၊ ရွှေဝါထွန်း ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

DOCA (စစ်ကိုင်း)



# စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၀ ဒသမ ၂၀၄၈ သန်း ဆောင်ရွက်နိုင်ခဲ့

စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စက်တင်ဘာလ ၂၃ ရက်နေ့မှ ၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၏ အမှန်တင်ပို့/တင်သွင်း စာရင်းများအရ ပို့ကုန် အမေရိကန်ဒေါ်လာ ၀ ဒသမ ၂၀၄၈ သန်းဖြစ်ရာ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၀ ဒသမ ၂၀၄၈ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ နှုန်းဖြင့် ၃၀၄ တန်၊ နနွင်းတက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၀၀ နှုန်းဖြင့် နှစ်တန်၊ ဆီးဖတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၁၅ ဒေါ်လာနှုန်းဖြင့် ၃၈၂ တန်၊ ချင်းအစို တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၀ နှုန်းဖြင့် ၁၄ တန်၊ ချင်း(ခြောက်) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ နှုန်းဖြင့် လေးတန်၊ အုန်းသီးခြောက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀၀ နှုန်းဖြင့် ၄၈ တန်၊ ငါးမြစ်ချင်း (၁-၂) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၅၀ နှုန်းဖြင့် ၂၀ ဒသမ ၂၅၆ တန်၊ ငါးမြစ်ချင်း (၂-၃) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၈၀ နှုန်းဖြင့် ၂၆ ဒသမ ၆၄ တန်၊ ငါးမြစ်ချင်း (၃-၅) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၃၂၀ နှုန်းဖြင့် ၁၄ ဒသမ ၁၆ တန်၊ ငါးသိုင်းခေါင်းပွ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၄၀၀ နှုန်းဖြင့် ၆ ဒသမ ၀၄၈ တန်နှင့် ဆီးယိုထုပ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၅၀ နှုန်းဖြင့် ၆၇ တန်တို့ကို တင်ပို့နိုင်ခဲ့ကြောင်း သိရှိရသည်။

ဒေါ်လာငွေလဲနှုန်းအနေဖြင့် တစ်ဒေါ်လာလျှင် ၁၁၇ ဒသမ ၁ တာကာနှင့် တစ်တာကာလျှင် ၂၈ ဒသမ ၀၀ ကျပ်ဖြစ်ကြောင်း သိရှိရသည်။

(DOT စစ်တွေ)

# ပြည်ကုန်စည်ဒိုင်မှ မတ်ပဲတစ်တင်းလျှင် ကျပ် ၈၁၀၀၀ ဖြင့် ရန်ကုန်သို့ တစ်ရက် အိတ်ရေ ၂၀၀ ခန့် တင်ပို့

ပဲခူးတိုင်းဒေသကြီး ပြည်ကုန်စည်ဒိုင်တွင် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲကြီး၊ စားတော်ပဲ၊ ဗိုလ်ကိတ်ပဲ စသည်ဖြင့် ပဲမျိုးစုံ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံသီးနှံများမှာ ပြည်ပနိုင်ငံများသို့ တင်ပို့သောပဲများဖြစ်ပြီး ကုလားပဲ၊ ပဲကြီး၊ စားတော်ပဲ၊ ဗိုလ်ကိတ်ပဲသီးနှံများမှာ ရန်ကုန်မြို့နှင့် ဒေသတွင်း အရောင်းအဝယ်ဖြစ်သော ပဲများဖြစ်ကြောင်း သိရသည်။



ပဲသီးနှံဈေးနှုန်း ဈေးကွက်အနေဖြင့် စက်တင်ဘာလ တတိယပတ်တွင် မတ်ပဲတစ်တင်းလျှင် ကျပ် ၈၁၀၀၀ ဖြင့် ရန်ကုန်သို့ တစ်ရက်လျှင် အိတ်ရေ ၂၀၀/၂၅၀ ခန့် တင်ပို့နိုင်ခဲ့ကြောင်း၊ ပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၆၀၀၀၀ ဖြင့် မန္တလေးသို့ တစ်ရက်လျှင် အိတ်ရေ ၁၅၀ ခန့် တင်ပို့နိုင်ခဲ့ကြောင်း၊ ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၉၃၀၀၀ ဖြင့် ရန်ကုန်သို့ တစ်ရက်လျှင် အိတ်ရေ ၁၀၀ ခန့် တင်ပို့နိုင်ခဲ့ကြောင်း၊ ကုလားပဲ (HL) တစ်တင်းလျှင် ကျပ် ၉၃၀၀၀၊ မြကြေးမှုံ တစ်တင်းလျှင် ကျပ် ၉၃၀၀၀ ဖြင့် မြို့တွင်း၌ အိတ်ရေ ၂၂/၂၅၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း၊ ပဲကြီး (ကုန်းပဲ) တစ်တင်းလျှင် ကျပ် ၁၀၂၀၀၀၊ ပဲကြီး (ရွှေကျွန်း) တစ်တင်းလျှင် ကျပ် ၁၀၅၀၀၀ ဖြင့် မြို့တွင်း၌ အိတ်ရေ ၃၀၀/၃၅၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း၊ စားတော်ပဲ(ကျွန်း)တစ်တင်းလျှင် ကျပ် ၁၃၆၀၀၀ ဖြင့် မြို့တွင်း၌ အိတ်ရေ ၂၅/၃၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း၊ ဗိုလ်ကိတ်ပဲ တစ်တင်းလျှင် ကျပ် ၇၀၀၀၀ ဖြင့် မြို့တွင်း၌ အိတ်ရေ ၅၀/၁၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း၊ ပြည်ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲသီးနှံများတွင် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများမှာ အရောင်းအဝယ် အေးလျက်ရှိပြီး မြို့တွင်းအဝယ်ရှိသော ပဲများမှာ အရောင်းအဝယ် သွက်လျက်ရှိကြောင်း သိရသည်။

DOCA (ပဲခူး)

# ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျော တန်ချိန် ၃၁၆၇ တန် တင်ပို့နိုင်ခဲ့

ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ စက်တင်ဘာ ၂၆ ရက်အထိ ပို့ကုန်ပိုင်းတွင် အဓိကပို့ကုန်ဖြစ်သည့် တစ်သျှူးငှက်ပျော တင်ပို့မှုအနေဖြင့် ဈေးနှုန်း တစ်တန်လျှင် ၂၄၉၃ ယွမ်/ ၃၄၅ ဒသမ ၄၀ ဒေါ်လာတို့ဖြင့် တန်ချိန် ၃၁၆၇ တန်၊ လောင်စာတောင့် ဈေးနှုန်း တစ်တန်လျှင် ယွမ် ၁၆၈၀/ ဒေါ်လာ၂၃၀ တို့ဖြင့် တန်ချိန် ၅၀ ဒသမ ၀၀၀ တန်နှင့် Iron Concentrate (Fe-64.512% / Fe-60.751%) ဈေးနှုန်း တစ်တန်လျှင် ၁၀၂ ဒေါ်လာတို့ဖြင့် တန် ၄၄၀ တင်ပို့နိုင်ခဲ့သည်။

အများဆုံး သွင်းကုန်ပစ္စည်းများအနေဖြင့် သံပြားလိပ် (Iron Sheet In Coil) ဈေးနှုန်း တစ်တန်လျှင် ဒေါ်လာ ၅၀၂၀ ဖြင့် တန်ချိန် ၂၄ ဒသမ ၂၀၀ တန်၊ သံမှို (Iron Nail) ဈေးနှုန်း တစ်တန်လျှင် ဒေါ်လာ ၆၆၀ ဖြင့် တန်ချိန် ၃၃ ဒသမ ၀၀၀ တန်၊ သံပိုက် (Iron Pipe) ဈေးနှုန်း တစ်တန်လျှင် ဒေါ်လာ ၆၅၀ ဖြင့် တန်ချိန် ၆၇ ဒသမ ၅၀၀ တန်၊ မြက်ခင်းတု (Artificial Grass) ဈေးနှုန်း တစ်တန်လျှင် ဒေါ်လာ ၆၅၀ ဖြင့် တန်ချိန် ၈၃ ဒသမ ၀၀၀ တန်၊ ပန်းသီး တစ်တန်လျှင် ၄၂၃ ဒေါ်လာဖြင့် တန်ချိန် ၃၂ ဒသမ ၇၀၀ တန်၊ လိမ္မော်သီး တစ်တန်လျှင် ဒေါ်လာ ၂၃၀ ဖြင့် တန်ချိန် ၆၃ ဒသမ ၉၀၀ တန်၊ ကြွေပြား (Ceramic Tile Plain) ဈေးနှုန်း တစ်စတုရန်းမီတာလျှင် ၄ ဒသမ ၁ ဒေါ်လာဖြင့် ၁၈၆၇၆ စတုရန်းမီတာ တင်သွင်းနိုင်ခဲ့ပြီး အခြားရင်းနှီးမြှုပ်နှံမှုပစ္စည်းများ၊ ဆောက်လုပ်ရေး လုပ်ငန်းပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ (ပန်းသီး၊ လိမ္မော်သီးနှင့် အဝတ်အထည်များ) တင်သွင်းလျက်ရှိသည်။

(DOT ကံပိုင်တည်)


သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# ပြည်ဈေးကွက်တွင် မြေပဲဆန် ဈေးနှုန်းများ အနည်းငယ်ကျဆင်း

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ ရွှေတောင်၊ ပေါက်ခေါင်းနှင့် အခြားဒေသများဖြစ်သော မြန်အောင်၊ ကြံခင်း စသည့်ဒေသများမှ ထွက်ရှိသော မိုးမြေပဲများ ပြည်ဈေးကွက်သို့ စက်တင်ဘာလ တတိယပတ်တွင် မြေပဲဆန်အိတ်ရေ (၃၀၀/၄၀၀) ခန့် နေ့စဉ်ဝင်ရောက်လျက်ရှိပြီး ဝင်ရောက်သမျှ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ရန်ကုန်နှင့် မန္တလေးဒေသများမှ ဝယ်လက်များ၊ ဒေသတွင်း ဆီစက်လုပ်ငန်းရှင်များက ဝယ်ယူခြင်းတို့ကြောင့် ပြည်ဒေသရှိ ပွဲရုံနှင့် ဈေးကွက်များတွင် ပုံမှန်ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

မြေပဲဆန် ဈေးနှုန်းများ အနေဖြင့် စက်တင်ဘာလ တတိယပတ်တွင် ဆီဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၆၀၀၀၊ ဆီဆန် (အနီ) တစ်ပိဿာလျှင် ကျပ် ၆၇၀၀ နှင့် လုံးဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၆၇၀၀၊ လုံးဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၇၇၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ စက်တင်ဘာလ ပထမပတ်နှင့် နှိုင်းယှဉ်လျှင် မြေပဲဆန်ဈေးနှုန်း အနည်းငယ်ကျဆင်းပြီး ဈေးနှုန်း ကျဆင်းရခြင်းမှာ မြေပဲဆန်များ ဈေးကွက်အတွင်း လှိုင်လှိုင်ဝင်ရောက်လာခြင်းကြောင့် ကျဆင်းရခြင်းဖြစ်ကြောင်း သိရသည်။ မြေပဲဆီဈေးနှုန်း အနေဖြင့် စက်တင်ဘာလ တတိယပတ်တွင် မြေပဲဆီ တစ်ပိဿာလျှင် ကျပ် ၁၃၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး စက်တင်ဘာလ ပထမပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းအနည်းငယ် ကျဆင်းကြောင်း၊ မြေပဲဆီ ဈေးနှုန်းများ ကျဆင်းလာရခြင်းမှာ နိုင်ငံတော်မှ သက်သာသော ဈေးနှုန်းများဖြင့် စားအုန်းဆီများကို ရောင်းချပေးခြင်း၊ မြေပဲများ လှိုင်လှိုင်ထွက်ပေါ်ချိန် ဖြစ်ခြင်းများကြောင့် ကျဆင်းရခြင်းဖြစ်ကြောင်း သိရသည်။

DOCA (ပဲခူး)



# တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ကြက်သွန်ဖြူနှင့် ရော်ဘာတင်ပို့

တာချီလိတ် ကုန်သွယ်ရေးစခန်းအနေဖြင့် ထိုင်းနိုင်ငံ တရုတ်နိုင်ငံတို့နှင့် ကုန်သွယ်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၆ ရက်တွင် ပို့ကုန်တင်ပို့မှုအနေဖြင့် ကြက်သွန်ဖြူ တန် ၇၀၊ ရော်ဘာ တန် ၂၀၊ ကတ်ထူစက္ကူဖြတ်စ ၃၂ တန်နှင့် ပလတ်စတစ်ဖြတ်စ လေးတန် တင်ပို့နိုင်ခဲ့သည်။

တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အဓိကတင်သွင်းသည့် သွင်းကုန်ပစ္စည်းများမှာ စက်သုံးဆီ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများဖြစ်ပြီး ဘိလပ်မြေ တန် ၆၅၀၊ ထယ်ပြားအစုံ (Disc Plough Set) တန် ၅၀၊ မီးခံအုတ် ၂၀ ဒသမ ၀၀ တန်၊ ကွန်ကရစ်အမိုးပြား ၉ ဒသမ ၄၆၀ တန်၊ ပလတ်စတစ်ဘူးခွံ ၁ ဒသမ ၅ တန်နှင့် အခြားပစ္စည်းများ တင်သွင်းခဲ့သည်။

ဘတ်ငွေလဲနှုန်းအနေဖြင့် စက်တင်ဘာ ၂၆ ရက်တွင် ကျပ် တစ်သိန်းလျှင် ၁၀၈၅ ဘတ် ဖြစ်ပေါ်ခဲ့သည်။

(DOT တာချီလိတ်)

# မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ ငွေကျပ် ၈ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)၄၃၅ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ ငွေကျပ် ၈ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၄၃၅ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၄ ရက် နံနက် ၁ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ငါးတဲစုကျေးရွာအနီး တောလမ်းတွင် ပင်လောင်းဘက်မှ ရမည်းသင်းဘက်သို့ ကိုဖြိုး(ခ)အောင်သူဖြိုး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှင့် အောင်ကျော်စွာ(ခ)ကျော်စွာ မောင်းနှင်လာသည့် TOYOTA HILUX SURF မော်တော်ယာဉ်တို့ကို သတင်းအရရှာဖွေရာ SURF မော်တော်ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၈ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၄၃၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များကို ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ကိုဖြိုးနှင့် ကျော်စွာတို့ကို သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “U Ye Gyi” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ပုတီးကုန်းမြို့ ချမ်းမြေ့သာယာရပ်ကွက်နေ ရဲမင်းထွန်း(ခ) ရဲထွန်းအား မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ “Maung Maung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပေါင်းတည်မြို့ ရွှေတည်(၁)ရပ်ကွက်နေ သဇင်မောင်အား ည ၉ နာရီခွဲတွင်လည်းကောင်း၊ “Ko Ko” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ရွှေမြိုင်သီရိရပ်ကွက်နေ ညီထက်အောင်(ခ) အထစ်အား ည ၁၁ နာရီ ၁၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင် စားသောက်ကုန်(ကုန်ကြမ်း)ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၇**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း (၃၀) (၈၁x၈၂) လမ်းကြား Honey Hive စားသောက်ကုန် (ကုန်ကြမ်း) ပစ္စည်းရောင်းဝယ်ရေးဆိုင်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပျားရည် ၈၈ ကီလိုဂရမ်၊ Hersheys ချောကလက်အနံ့အရည် ၄၈ ဘူး အပါအဝင် ကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၇၄၅၀၀) ကိုလည်းကောင်း၊ မန္တလေးမြို့ (၃၃)လမ်း (၈၅x၈၆)လမ်းကြား ချမ်းအေးသာစံမြို့နယ်ရှိ (ဟွာထိုက်)ကုန်စုံအရောင်းဆိုင်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော စားသောက်ကုန်ကြမ်းပစ္စည်းများဖြစ်သည့် လိမ္မော်ယို




မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

၂၇ ဘူး၊ Weiyi နို့နံ့ ၂၅ ဘူး အပါအဝင် ကုန်ပစ္စည်း ၃၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၄၂၀၀၀) ကို လည်းကောင်း၊ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၃၂) လမ်း (၈၅x၈၆)လမ်းကြား အောင်နန်းရိပ်သာ (အနောက်လမ်း) ရှိ (ရွှေဝတ်မှုံ) မုန့်သုံးကုန်ကြမ်းပစ္စည်းမျိုးစုံနှင့် ရေသန့်ဘူးခွံအရောင်းဆိုင်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော စားသောက်ကုန်ကြမ်းပစ္စည်းဖြစ်သည့် ၄က်ပျောနံ့ ဘူး ၁၂၀ အပါအဝင် ကုန်ပစ္စည်း ၁၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၂၀၃၀၀)ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၃၃၆၈၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စက်တင်ဘာ ၂၄ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လားရှိုးမြို့ရှောင်လမ်း ရွှေညောင်ပင်အနီး၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Battery Charger အခု ၆၅၀၊ Underwear အောက်ခံဘောင်းဘီ အထည် ၃၀၀၀ အပါအဝင် ကုန်ပစ္စည်း ၂၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၉၂၆၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan AD Van နှစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၉၂၆၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ စက်တင်ဘာ ၂၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ် (သွင်းကုန်) ၌ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် iPhone 15 Pro တစ်လုံး၊ အလှကုန်ပစ္စည်း ၁၄၁ ခု အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၂၃၈၈၆၂) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၂၄ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် ခရီးဆောင်အိတ် ၁၀ လုံး အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၇၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၁၇၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၆၇၁၆၆၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၇**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်း ရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

**မိုး/ဇလ**



# ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခုဖြင့် ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်း ၄၆၁ ဦးအတွက် ဖန်တီးပေး

ရန်ကုန် စက်တင်ဘာ ၂၇

**ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၉/၂၀၂၃) ကြိမ်မြောက်အစည်းအဝေးကို ယနေ့ နံနက်က ရန်ကင်းမြို့နယ်ရှိ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပသည်။** (အပေါ်ပုံ)

ဦးစွာတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီးဝန်ကြီးများသည် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများ၏ ထုတ်ကုန်ပစ္စည်းနမူနာပြသထားရှိမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။ အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် စက်မှုကဏ္ဍတွင် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းနှစ်ခုတို့ကို အတည်ပြုပေးပြီး အတည်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းနှင့် Adhesive Resin အမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းတို့ ဖြစ်ပြီး အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ အမေရိကန် ဒေါ်လာ ၀ ဒသမ ၆၁၉ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်း ၄၆၁ ဦးအတွက် ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ထို့အပြင် အစည်းအဝေးတွင် မတည်ငွေရင်းပမာဏ တိုးမြှင့်မည့် လုပ်ငန်းတစ်ခု အပါအဝင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၁၃ ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်

**ပဲခူး စက်တင်ဘာ ၂၇**

ပဲခူးမြို့ မိုးလုံလေလုံအားကစားခန်းမ၌ စက်တင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းက ၂၀၂၃ ခုနှစ် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ၂၈ မြို့နယ် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ တက်ရောက်ချီးမြှင့်ခဲ့သည်။

ရှေးဦးစွာ အမျိုးသားနှစ်ယောက်တွဲ ဗိုလ်လုပွဲစဉ်အဖြစ် ပဲခူးအသင်းနှင့် ရွှေတောင်အသင်း၊ အမျိုးသားသုံးယောက်တွဲ ဗိုလ်လုပွဲစဉ်အဖြစ် ပဲခူးအသင်းနှင့် အုတ်ဖိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနား ဆက်လက်ကျင်းပရာ တိုင်းဒေသသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ ဒိုင်လူကြီးများအား ဂုဏ်ပြုငွေကျပ် ခြောက်သိန်းကို လည်းကောင်း၊ အမျိုးသားနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ရွှေတောင်မြို့နယ်အသင်းအား ပထမဆုဖလားနှင့် ငွေသားဆု ကျပ်ငါးသိန်းကိုလည်းကောင်း၊ အမျိုးသားသုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမဆုရရှိသော အုတ်ဖိုမြို့နယ်အသင်းအား ပထမဆုဖလားနှင့် ငွေသားဆုကျပ် ခုနစ်သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)**

အဆိုပါ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အသက်(၂၅)နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို စက်တင်ဘာ ၂၃ ရက်မှ ၂၆ ရက်အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခြောက်ခရိုင်မှ ပြိုင်ပွဲဝင်အသင်း ၂၈ သင်း၊ အုပ်စုပတ်လည်ဖြင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ သုံးယောက်တွဲပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**




# ရက်ချိန်းပေးစနစ်ဖြင့် ယာယီနယ်စပ်ဖြတ်သန်းသွားလာခွင့်လက်မှတ်(TBP)များကို တစ်ရက်လျှင် ဦးရေ ၅၀၀ မှ ၅၈၀ အထိ ဝင်/ထွက်သွားလာနိုင်ရေး တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိ

**မူဆယ် စက်တင်ဘာ ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ရှိ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် လူဝင်/ထွက်ဂိတ်များမှ ခြောက်ညအိပ် ခုနစ်ရက် ယာယီနယ်စပ်ဖြတ်သန်းသွားလာခွင့်လက်မှတ်(TBP)များကို ရက်ချိန်းပေးစနစ်ဖြင့် ပိုမိုအဆင်ပြေအောင် ဆောင်ရွက်ပေးလျက်ရှိပြီး ယနေ့ နံနက် ၈ နာရီက ကောင်းမှုတုံရပ်ကွက် ငွေဆင်အိမ်ရာတွင် တစ်ရက်လျှင် ဦးရေ ၅၀၀ မှ ၅၈၀ အထိ နယ်စပ်ဖြတ်သန်း ဝင်/ထွက် သွားလာနိုင်ရေးကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။



အဆိုပါ ယာယီနယ်စပ် ဖြတ်သန်းသွားလာခွင့်လက်မှတ်(TBP)များကို စက်တင်ဘာ ၄ ရက်မှစ၍ စတင်ဆောင်ရွက်ပေးလျက်ရှိရာ မန့်ဝိန်းဂိတ်ပေါက်၌ စက်တင်ဘာ ၁၃ ရက်တွင် ၁၄ ရက်၊ ၁၅ ရက်၊ ၁၆ ရက်နေ့အတွက် သုံးရက်စာ ဦးရေ ၁၅၀၀ အား စတင်ဆောင်ရွက်ပေးခဲ့ပြီး စက်တင်ဘာ ၁၆ ရက်တွင် မူဆယ်မြို့ ကုန်သည်ကြီးများအသင်း ရုံးဝင်းအတွင်း စက်တင်ဘာ ၁၇ ရက်မှ ၂၉ ရက်အထိ ၁၆ ရက်စာ ဦးရေ ၆၄၆၆ ဦးအား နန်းတော်ဂိတ်တွင် ဦးရေ ၃၀၀ နှင့် ဆင်ဖြူဂိတ်တွင် ဦးရေ ၂၀၀ ဖြင့် တစ်ရက်လျှင် ဦးရေ ၅၀၀ နှုန်းဖြင့် နယ်စပ်ဖြတ်သန်း ဝင်/ထွက် သွားလာနိုင်ရန် ဆောင်ရွက်ပေးခဲ့သည်။ ထို့အတူ ယနေ့ စက်တင်ဘာ ၂၇ ရက်တွင် တတိယအကြိမ် ရက်ချိန်းပေးစနစ်ဖြင့် ဆောင်ရွက်ရာတွင် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၈ ရက်အထိ ကိုးရက်စာ ဦးရေ ၅၀၃၀ ကျော်အား ဆောင်ရွက်ပေးခဲ့ပြီး တစ်ရက်လျှင် ဦးရေ ၅၀၀ မှ ၅၈၀ အထိ နန်းတော်ဂိတ်တွင် ဦးရေ ၃၃၀ နှင့် ဆင်ဖြူဂိတ်တွင်လည်း ဦးရေ ၂၅၀ အထိ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ရက်ချိန်ပေးစနစ်ဖြင့် ဆောင်ရွက်ရာတွင် မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုး၏ ညွှန်ကြားမှုဖြင့် မူဆယ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်းက ဦးစီးကြပ်မတ်၍ နယ်စပ်ဂိတ်လဝကဒုတိယဌာနခွဲမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေမိုးနှင့်အတူ မြို့နယ်ဦးစီးအရာရှိ ဦးစန်းလွင်နှင့် ဝန်ထမ်းများ၊ လူကုန်တားရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ ယာယီနယ်စပ်ဖြတ်သန်းသွားလာခွင့်လက်မှတ်(TBP)များကို ရက်ချိန်းပေးစနစ်ဖြင့် ပိုမိုအဆင်ပြေအောင် တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုကဲ့သို့ ဆောင်ရွက်နေမှုအား မူဆယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**

# ပဲခူးမြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၃)နှစ်အောက် ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**ပဲခူး စက်တင်ဘာ ၂၇**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး(အရှေ့) ပဲခူးမြို့နယ်မှ ကျင်းပသည့် အခြေခံပညာကျောင်းပေါင်းစုံ အသက် (၁၃)နှစ်အောက် ဘောလုံး(ကျား)ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက ပဲခူးမြို့ ဥဿာအားကစားကွင်း၌ ကျင်းပသည်။



ရှေးဦးစွာ ဗိုလ်လုပွဲအဖြစ် (ဂ)အုပ်စုအသင်းနှင့် (ဈ)အုပ်စုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ (ဈ)အုပ်စုအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပရာ ဆုရရှိသူများနှင့် အသင်းများကို တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ပြီး ပထမဆုရရှိသော အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆု ငါးသိန်းကျပ်နှင့် တံခွန်စိုက်ဆုဖလားတို့ကို ပဲခူးတိုင်းဒေသကြီး ပညာရေး ညွှန်ကြားရေးမှူး ဆရာကြီး ဦးစိုးလွင်က ပေးအပ် ချီးမြှင့်သည်။ **(ဝဲပုံ)**

အဆိုပါ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး (အရှေ့) ပဲခူးမြို့နယ်မှ ကျင်းပသည့် အခြေခံပညာ ကျောင်းပေါင်းစုံ အသက်(၁၃)နှစ်အောက် ဘောလုံး(ကျား)ပြိုင်ပွဲကို စက်တင်ဘာ ၁၃ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သက်ထက်**

**အားကစား မြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

## အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ အမှတ်(၁)ရပ်ကွက်နေ ဦးသိန်းဝင်းထွန်း၊ ဒေါ်လွင်လေးချိုတို့၏သမီး ပုလောမြို့၊ အထက(၂) Grade-11 ၌ ပညာသင်ကြားနေသော မအိရွှေစင်ဖူး၏ အမည်မှန်မှာ မအိရွှေဇင်ဖူး ဖြစ်ပါကြောင်း။

**မအိရွှေဇင်ဖူး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ် ဏ-၃၊ ဦးပိုင်အမှတ် (၅၃)/ ၆၂ x ၆၃ ကြား၊ ၁၀၄x၁၀၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခိုင်ဇင်ထွန်း၊ ၉/ခမစ(နိုင်)၀၁၁၀၁၃၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ် (၈၂၅၇/၂၀၁၉)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမောင်မောင် ၅/အရတ(နိုင်)၀၅၃၅၁၃ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံ တင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**သွေးသည် အသက်**







## ဘူးသီးတောင်မြို့နယ်၌ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်သော လုပ်အားခပေးဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်မည့်ကျေးရွာများ၌ ကျေးရွာကော်မတီဖွဲ့စည်း

**ဘူးသီးတောင် စက်တင်ဘာ ၂၇**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်အတွင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးထွန်းလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းက အမျိုးသားသဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်သော လုပ်အားခပေးဖွံ့ဖြိုးရေးစီမံကိန်း (Cash For Work) ဆောင်ရွက်မည့်ကျေးရွာများသို့သွားရောက်ကာ ကျေးရွာကော်မတီဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ထိုသို့ ကော်မတီဖွဲ့စည်းရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်တွင် အမျိုးသားသဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ရခိုင်ပြည်နယ်အတွင်းဆောင်ရွက်သော လုပ်အားခပေးဖွံ့ဖြိုးရေးစီမံကိန်း (Cash For Work ) ဖြင့် မြေသားရေကန်တာပေါင်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မည့် သိန်းတန်ကျေးရွာ၊ ကျိန်ကျောင်ကျေးရွာ၊ သာဇီကျေးရွာ၊ စက်ခေါ်ကျေးရွာ၊စံညွှင်းဝေကျေးရွာများဖြစ်သည့် ကျေးရွာ ငါးရွာတွင် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာကော်မတီဖွဲ့စည်းခြင်းကို မြို့နယ်ဦးစီးမှူး ဦးဦးထွန်းလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာသူ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ အမျိုးသားသဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်သော လုပ်အားခပေးဖွံ့ဖြိုးရေးစီမံကိန်း (Cash For Work) ကော်မတီဝင်များအား အဆိုပါကျေးရွာများတွင် ဖွဲ့စည်းပေးခဲ့ကြကြောင်း သိရသည်။

**လှကျော်( ပြန်/ဆက်)**

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇ - ၉ - ၂၀၂၃

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၉၀ ကျပ် | ၂၅၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၆၅ ကျပ် | ၂၆၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၂၀ ကျပ် | ၂၂၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၂၅ ကျပ် | ၂၃၇၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## သမဝါယမအသင်းသား တောင်သူများသို့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သွင်းအားစုမြေသြဇာများပေးအပ်

**နတ်တလင်း စက်တင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်အတွင်းရှိ မိုးစပါးစိုက်ပျိုးထားသည့် သမဝါယမအသင်းသားတောင်သူများသို့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်ဧက နှစ်သိန်းနှုန်းနှင့်ညီမျှသော ပုလဲ 50 Kg နှင့် ကွန်ပေါင်း 50 Kg သွင်းအားစုဓာတ်မြေသြဇာများကို မြို့နယ်အတွင်းရှိ ထန်းပင်ကုန်းကျေးရွာ ပဒုမ္မာလယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းလီမိတက်မှ အသင်းသား ၄၂ ဦး၏ စိုက်ဧက ၂၀၀ အတွက် ငွေကျပ်သန်း ၄၀၊ လှပခြင်းကျေးရွာ စိတ္တသုခလယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းလီမိတက်မှ အသင်းသား ၂၀ ၏ စိုက်ဧက ၁၂၁ ဧကအတွက် ငွေကျပ် ၂၄ ဒသမ ၂ သန်းနှင့် စမ်းကလေးကျေးရွာ စမ်းသီရိလယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းလီမိတက်မှ အသင်းသား ၃၆ ဦး၏ စိုက်ဧက ၂၅၀ အတွက် ငွေကျပ်သန်း ၅၀ နှင့်ညီမျှသော သွင်းအားစုများကို ငွေတိုးစပါးများစိုက်ပျိုးရန် ပံ့ပိုးပေးခဲ့သည်။

**သတင်းစဉ်**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၈၉၀၀ | ၃၃၃၇ | ၂၉၀၃၄၄၀၀ |
| MTSH | ၃၁၀၀ | ၃၀၅၀ | ၁၃၉၀ | ၄၃၀၈၅၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၉၄ | ၁၅၉၈၀၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၁၈ | ၄၃၂၀၀ |
| EFR | ၂၂၅၀ | ၂၂၅၀ | ၃၉၅ | ၈၇၆၂၅၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၁၇၀၀ | ၁၈၀၀ | ၈၉၀ | ၁၅၅၅၁၀၀ |

ညီညီ - စုစည်းသည်

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး သက်သေခံပစ္စည်းစီမံထိန်းသိမ်းမှုကော်မတီမှ ထိန်းသိမ်းထားရှိသော ပြောင်းစေ့အိတ် (၉၈၁၀) အိတ်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး(ပြည်လမ်းနှင့် အလုံလမ်းထောင့် လွှတ်တော်ရုံးဝင်း)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၀-၉-၂၀၂၃ ရက်

၄။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၉-၉-၂၀၂၃ ရက်

၅။ **တင်ဒါဖွင့်ဖောက်မည့်ရက်/အချိန်** - ၃-၁၀-၂၀၂၃ ရက်၊ နံနက် ၀၉:၀၀ နာရီ

တင်ဒါခေါ်ယူရေးကော်မတီ
ဖုန်း-၀၁၈၃၁၇၅၃၉

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
### ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများမှ ငွေထုတ်ပေးရန်တာဝန်ရှိသူများအနေဖြင့် ဆေးကုသမှုခံယူသူများထံမှ ဝင်ငွေခွန် ၂ ရာခိုင်နှုန်းထပ်ဆောင်း ကောက်ခံခြင်းအား ဆောင်ရွက်ခြင်းမပြုကြပါရန် အသိပေးကြေညာခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ရရှိသောဝင်ငွေအပေါ် ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေသည့်အစီအစဉ်အား (၁-၉-၂၀၂၃) ရက်နေ့တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် **ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများမှ ငွေထုတ်ပေးရန်တာဝန်ရှိသူများ၏ ဆောင်ရွက်ရမည့်တာဝန်များနှင့် အခွန်နုတ်ယူခြင်းခံရမည့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ ဆောင်ရွက်ရမည့်တာဝန်များကို** (၃၀-၈-၂၀၂၃)၊ (၃၁-၈-၂၀၂၃)၊ (၁-၉-၂၀၂၃)၊ (၂-၉-၂၀၂၃) နှင့် (၃-၉-၂၀၂၃) ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများနှင့် ဌာန၏ Website များတွင် ကြိုတင်အသိပေးကြေညာခဲ့ပါသည်။

၂။ သို့ရာတွင် အချို့သောပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများမှ ငွေထုတ်ပေးရန်တာဝန်ရှိသူများ အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူထံပေးချေမည့်ပေးချေငွေအပေါ် ဝင်ငွေခွန် ၂ ရာခိုင်နှုန်း နုတ်ယူရမည့်အစား ဆေးကုသမှုခံယူသူထံမှ ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို ထပ်ဆောင်းကောက်ခံသည့် နည်းလမ်းအမှားကို ဆောင်ရွက်နေကြကြောင်း သိရှိရပါသည်။

၃။ ပြည်တွင်းအခွန်များဦးစီးဌာနကဆောင်ရွက်သည့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ရရှိသောဝင်ငွေအပေါ် ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေသည့်အစီအစဉ်သည် **ကျန်းမာရေးစောင့်ရှောက်မှု ပေးသူများ၏ ဝင်ငွေအပေါ်တွင် ဝင်ငွေခွန်ကောက်ခံသည့် အစီအစဉ်သာ** ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများမှ ငွေထုတ်ပေးရန် တာဝန်ရှိသူများအနေဖြင့် ဆေးကုသမှုခံယူသူများထံမှ ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ထပ်ဆောင်းကောက်ခံခြင်းအား လုံးဝ(လုံးဝ) ဆောင်ရွက်ခြင်းမပြုကြပါရန် အသိပေးအပ်ပါသည်။ ထို့ပြင်ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းသည် ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့် ဝန်ဆောင်မှုအမျိုးအစားဖြစ်သဖြင့် ဆေးကုသမှုခံယူသူများထံမှ ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံပေးသွင်းရန် မလိုအပ်ကြောင်းကိုလည်း အသိပေးအပ်ပါသည်။

၅။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတည်ထောင်ထားသူများအနေဖြင့်လည်း မိမိလုပ်ငန်းမှ ငွေထုတ်ပေးရန်တာဝန်ရှိသူများက အခွန်နုတ်ယူပေးသွင်းသည့်လုပ်ငန်းစဉ်များအား ဆောင်ရွက်ရာတွင် ပြဋ္ဌာန်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်စေရေးအတွက် ကြီးကြပ်ပေးနိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

## Passport ပျောက်ဆုံးကြောင်း

ကျွန်မ မအိအိဖြူ ၁၂/ရပသ(နိုင်)၀၄၄၄၂၇၏ နိုင်ငံကူးလက်မှတ်နံပါတ် MC 382856 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၉၂၇၈၉၁၁

## ဖခင်အမည်မှန်

မြောက်ဦးမြို့၊ အထက (၂) G-10 မှ မောင်မျိုးလှိုင်ဝင်း၏ဖခင် ဦးစောသိန်းမောင်၏ အမည်မှန်မှာ ဦးသိန်းစောမောင် ၁၁/မဥန(နိုင်)၀၄၆၇၇၁ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9W/99452, Kenbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုး ၇/ပခတ(နိုင်)၀၁၃၄၇၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ပြည်)ပြည်မြို့

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၁၀၀၆)၊ မြေကွက်တည်နေရာအမှတ်(၁၀၁၆)၊ ပညာလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးလှရွှေအမည်ပေါက် နှစ်(၆၀)ဂရန်မြေအား CD-၀၁၈၅၄၉ အမည်ပေါက် ဦးလှရွှေ(ဖခင်)နှင့် ဒေါ်ကျင်ရီ(မိခင်)တို့ ကွယ်လွန်သဖြင့် ဦးမြင့်ကျော်ဦး ၁၂/ဥကတ(နိုင်) ၀၃၅၄၅၀၊ ဒေါ်မြင့်မြင့်ခိုင် ၁၂/ဥကတ(နိုင်) ၁၃၀၅၀၉၊ ဒေါ်မိမိခိုင် ၁၂/ဥကတ(နိုင်) ၁၃၀၄၉၇၊ ဦးမင်းကျော်သူ ၁၂/ဥကတ(နိုင်) ၁၄၈၃၁၉၊ ဦးနိုင်ဝင်းထွန်း ၁၂/ဥကတ(နိုင်) ၁၆၅၇၁၅တို့မှ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၁၆၈၃/၂၀၂၃(၁၀-၅-၂၀၂၃)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ပါဝါသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာ၊ ဂရန်၊ နိုင်၊ ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်၊ ကလောခရိုင်၊ ကလောမြို့၊ အမှတ် (၁)ရပ်ကွက်၊ ရွှေမြောင်တောင်ကြားရှိ အကွက်အမှတ် (၃)၊ ဦးပိုင်အမှတ် (၉၀)၊ မြေကွက်အမှတ် (၁၄၄)၊ မြေရေိယာ (၀.၁၂၂)ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ သွပ်မိုး၊ ပျဉ်ကာ တစ်ထပ် အဆောက်အအုံ၊ အိမ်သုံးလျှပ်စစ်မီတာ (၁)လုံးအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရှိသူဟုကတိပြုသူ ဦးအောင်ဝင်း(ခ)မင်းမင်းပါ-၂ (၁၃/ကလန(နိုင်)၀၁၁၇၂၆)တို့ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ၎င်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၁)လအတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးထွန်းထွန်းလင်း (LL.B) အထက်တန်းရှေ့နေ (စဉ်-၄၉၇၇၄)**

**နဝရတ်လမ်း၊ အမှတ်(၃)ရပ်ကွက်၊ ကလောမြို့။ ဖုန်း-၀၉-၂၅၉၆၄၇၀၇၈**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ ပုသိမ်ခရိုင်
## ဧရာဝတီတိုင်းဒေသကြီး
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(တင်ဒါအမှတ်-၂/၂၀၂၃-၂၀၂၄)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်အတွင်းရှိ မြို့နယ်/မြို့များမှ ၂၀၂၃ခုနှစ် ဧပြီလမှ ၂၀၂၄ခုနှစ်၊ မတ်လအထိ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ပြည်ထောင်စု/တိုင်းဒေသကြီး လမ်း/တံတားလုပ်ငန်းများမှ အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ လုပ်ငန်းအလိုက် (လုပ်ငန်းခွင်အရောက်) (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

၂။ လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို သက်ဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် (၂၈-၉-၂၀၂၃)ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

**တင်ဒါပိတ်မည့် နေ့ရက်/အချိန်** - ၄-၁၀-၂၀၂၃ရက် ညနေ ၃နာရီ

**တင်ဒါဖွင့်မည့်နေရာ** - လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ပုသိမ်ခရိုင်၊ အမှတ်(၂)နယ်မြေ၊ ရွှေစည်းခုံဘုရားလမ်း၊ ပုသိမ်မြို့

**တင်ဒါဖွင့်မည့် နေ့ရက်/အချိန်** - ၅-၁၀-၂၀၂၃ရက် နံနက် ၁၀နာရီ

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ ပုသိမ်ခရိုင်**
**ဖုန်း-၀၄၂၂၁၀၉၉၊ ၀၉-၇၇၉၆၂၈၂၇၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၂၇၆)၊ အကျယ်အဝန်း (အလျား ၄၀ပေ x အနံ ၆၀ပေ) နှင့် မြေကွက်အမှတ်(၂၇၇/က)၊ အကျယ်အဝန်း (အလျား ၂၀ပေ x အနံ ၆၀ပေ)နှစ် (၆၀)ဂရန်မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၇၆)၊ အမှတ်(၂၇၇/က)၊ ရာဇသင်္ကြန်(၇)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အိမ်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ယင်းမြေကွက်(၂)ကွက်၏ ဂရန်အမည်ပေါက်ပိုင်ရှင်များဖြစ်ကြသော (၁) ဦးအုန်းဟန် ၁၂/လမတ(နိုင်) ၀၁၁၂၃၃၊ (၂)ဒေါ်တင်ရီ ၁၂/လမတ(နိုင်) ၀၀၈၈၅၇ နှင့် (၃) ဦးကျော်သီဟန် ၁၂/လမတ(နိုင်) ၀၂၉၈၃၇ တို့ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မို့မို့ဝင်း ၁၂/ပဘတ(နိုင်) ၀၀၉၈၁၂ က ကိုယ်တိုင်လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးသန္တာအောင်၊ အထက်တန်းရှေ့နေ(စဉ်-၅၄၃၃၈)**
**အမှတ်(၅၆၃)၊ အခန်း(၉၀၄)၊ MAC Tower၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့ နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၀၁၇၈၇၁၈**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကုက္ကိုင်းရိပ်သာလမ်း၊ အမှတ်(၁၉)ရှိ အခန်း(၁၀)ခန်းပါ (၂)ခန်းတွဲ (၅)ထပ်တိုက်၏ မြေညီထပ်(တိုက်မျက်နှာမူယာဘက်) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကိတ္တိမမွေးစားစာချုပ်၊ မေတ္တာဖြင့်အပိုင်ပေးခြင်းကတိစာချုပ်များအရ ဦးလှမင်းအောင် ၁၂/ဗဟန(နိုင်) ၁၀၃၆၂၉က တရားဝင်လက်ရှိထားပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးသန္တာအောင်**
**အထက်တန်းရှေ့နေ(စဉ်-၅၄၃၃၈)**
**အမှတ်(၅၆၃)၊ အခန်း(၉၀၄)၊ MAC Tower၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့ နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၀၁၇၈၇၁၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ၁၁ ရပ်ကွက်၊ ဗိုလ်အေးချိုလမ်း၊ အမှတ် ၂၇/ခဟုခေါ်တွင် သော အကျယ်အဝန်း ပေ (၂၀x၆၀)ရှိ ဦးစောမြငွေး (IGU-၀၁၆၈၇၅) အမည်ဖြင့် မှတ်သားတည်ရှိသောပါ အမျိုးအစားမြေကွက်အား စာချုပ်စာတမ်းအဆက်အစပ်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်သူ ဒေါ်သီရိနွယ် (၁၄/ဘကလ(နိုင်)၃၂၁၆၁၈၏ကိုယ်စား လက်မှတ်ရေးထိုးလွှဲပြောင်းရောင်းချ စရန်ငွေလက်ခံခွင့်ရှိသူဟု အဆိုပြုသူ မငြိမ်းအိဖြူ ၁၄/ဘကလ(နိုင်) ၃၆၁၈၈၇ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယခုကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံလာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်သတ်သူမရှိပါက မြေကွက်အရောင်းအဝယ်ကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးမျိုးမောင်မောင်စိုး** | **ဦးသန့်စင်လှိုင် (စဉ်-၅၀၈၃၈/၁၉)** |
| **(စဉ်-၁၀၂၈၄/၁၅)** | **ဒေါ်ပြည့်ပြည့်ပပစိုး(စဉ်-၅၃၄၆၀/၂၀)** |
| **တရားလွှတ်တော်ရှေ့နေ** | **ဦးသီဟဇော်လတ် (စဉ်-၅၅၇၉၀/၂၃)** |
| | **အထက်တန်းရှေ့နေများ** |

**တိုက် (၁၇)၊ အခန်း (၁)၊ ကြို့ကုန်းရိပ်သာ၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ အင်းစိန်၊ ဖုန်း-၀၉-၄၅၉၉၁၉၉၆၉၊ ၀၉-၆၉၂၇၈၀၉၆၉**



## ပြင်ဆင်ဖတ်ရှုပါရန် ကြေညာခြင်း

မတ်လ ၂၃ရက်၊ ၂၀၂၃ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ အတွဲ (၆၂)၊ အမှတ် (၁၇၄)၊ စာမျက်နှာ (၂၈)၊ ကော်လံ(၃)ပါ မြေကွက်အမှတ်(ပ-၄၅၁၉) ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်းတွင် ဒေါ်သက်သက်အောင် ၅/မရန(နိုင်)၁၄၄၀၆၁ ဟူ သည့်စာသားအစား ဒေါ်သက်သက်အောင် ၉/ပဗသ(နိုင်) ၀၃၂၅၇၁ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6K/3627 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်1H/9371 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်စန်းစန်းမြင့် (ဘ)ဦးမြ ၉/မထလ(နိုင်)၀၂၁၈၄၄နှင့် ဒေါ်နီလာကြင်(ဘ) ဦးဘကြင် ၉/မထလ(နိုင်) ၀၂၁၈၅၅တို့က ဦးတင်မောင်အေး(ဘ)ဦးကျော်အေး ၇/ပခတ(နိုင်) ၀၄၃၅၃၄ ထံသို့ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၃၉၄၁/၂၀၂၁ (၁၇-၆-၂၀၂၁)ဖြင့် လွှဲအပ်ခဲ့ပါသည်။

ယခုအခါ အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P, LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၆၁၉၆)** | **(စဉ်-၇၅၁၅)** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၂၅၄၄၈၈၃၃၀** |

**အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ မြေဧရိယာ (၀.၁၁၀)ရှိ မြေကွက်အမှတ် (ပ-၂၃၉၃၂)ကို အမည်ပေါက် ဒေါ်နွဲ့နွဲ့ဝင်း (ဘ)ဦးစံရာ ၁၂/ရကန(နိုင်)၀၁၅၂၁၈ ၏ အထူးကိုယ်စား လှယ်ဖြစ်သူ ဒေါ်လဲ့လဲ့ခိုင် (ဘ)ဦးမောင်ခိုင် ၈/ဂဂန(နိုင်)၀၆၆၂၃၂မှ ဒေါ်အိသက်လွင်(ဘ)ဦးတင်စန်း ၁၄/ပသန(နိုင်)၁၅၃၅၆၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ မြေငှားရမ်းခပြေစာ၊ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၅၈၇/၂၀၂၃ (၄-၇-၂၀၂၃)တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/29359, Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နော်ငွေးငွေးမြင့်(ခ)နော်မြင့်မြင့်အေး ၃/ဘဝန(နိုင်)၁၆၅၃၃၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ရုံး(ဘားအံမြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 42W/26814, Honda Wave & 200 M/C ယာဉ်လက်ဝယ်ရှိသူ ပထမပုဂ္ဂလိကဘဏ်က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ရုံး(ဘားအံမြို့)

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
**(ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ လ ၂၈ ရက်)**

၁။ ၂၀၂၃ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့တွင် ကျင်းပမည့် (၅၅) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆု ထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **" က " အက္ခရာမှ အစဉ်လိုက် " ည " အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၁၀) လုံးအပေါ်မှ ၇၅% ဖြစ်သော ထီစာအုပ် (၆၁၃၆၄၀) အုပ်အား ကုန်စင်အောင်ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ်သန်း (**၆၁၃၆.၄၀၀**) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (**၄၂၉၅.၄၈၀**) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (**၁၇၂.၂၆၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| (က) | **အထူးဆုကြီး** | | | | |
| | (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ထောင် | = | (၁) | ဆု |
| | (၃) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |
| (ခ) | **ဆုတစ်ဆုချင်း** | | | | |
| | (၁) | ကျပ်သိန်းငါးရာ | = | ( ၄ ) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ရာ | = | ( ၆ ) | ဆု |
| | (၃) | ကျပ်သိန်းတစ်ရာ | = | ( ၉ ) | ဆု |
| | (၄) | ကျပ်သိန်းငါးဆယ် | = | (၁၂) | ဆု |
| | (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၉) | ဆု |
| | (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၈) | ဆု |
| (ဂ) | **ဝဝဝဝဆာဆာပဒေသာဆု** | | | | |
| | (၁) | ကျပ်သုံးသိန်း | = | ( ၃၀ ) | ဆု |
| | (၂) | ကျပ်နှစ်သိန်း | = | ( ၃၀၀ ) | ဆု |
| | (၃) | ကျပ်တစ်သိန်း | = | (၉၀၀၀) | ဆု |
| | (၄) | ကျပ်ငါးသောင်း | = | ( ၂၀၀၀၀) | ဆု |
| | (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |
| (ဃ) | **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း(၁၇၂.၂၆၀)မှ ချီးမြှင့်သည့်ဆု** | | | | |
| | (၁) | ကျပ် တစ်ဆယ်သိန်း | = | ( ၃ ) | ဆု |
| | (၂) | ကျပ် သုံးသိန်း | = | ( ၃၀ ) | ဆု |
| | (၃) | ကျပ် နှစ်သိန်း | = | ( ၃၀၀ ) | ဆု |
| | (၄) | ကျပ် တစ်သိန်း | = | (၁၀၀၀) | ဆု |

**၄။ (၅၅) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအခွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ(၁) ရက်နေ့တွင် သီးခြားခွဲ၍ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ ကျပ် ၁၀၀၀ တန် အောင်ဘာလေအခွန်လိုင်းသိန်းဆုထီလက်မှတ်များကို (၂၉-၉-၂၀၂၃) ရက်နေ့ (၂၃:၅၉:၅၉) နာရီအချိန်အထိ ဆက်လက်ရောင်းချသွားမည်ဖြစ်ပြီး၊ အောင်ဘာလေအခွန်လိုင်းသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေအပေါ်မှ (၇၀)ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ (၅၅) ကြိမ်မြောက်ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၁၀-၂၀၂၃) ရက်နေ့ (တနင်္ဂနွေနေ့) ၊ နံနက်(၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၅၅) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအခွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို နံနက် (၁၀:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေ သိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

### ဖခင်အမည်မှန်
ဟုမ္မလင်းမြို့နယ်၊ အထက (စေတီဆိပ်)G-5မှ မောင်ကြည်ဟန်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးလယ်မောင် ၅/ဟမလ(နိုင်) ၀၇၇၄၀၆ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ဟုမ္မလင်းမြို့နယ်၊ အထက (စေတီဆိပ်) G-5မှ မခိုင်ခိုင်ကြူနှင့် G-3 မှ မစန္ဒာဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆန်းဦး ၅/ဖပန(နိုင်)၀၄၉၅၂၀ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ဟုမ္မလင်းမြို့နယ်၊ အထက (စေတီဆိပ်) G-5 မှ မမြတ်နိုးခင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းဘို ၅/ပလဘ(နိုင်) ၀၆၇၅၃၁ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ဟုမ္မလင်းမြို့နယ်၊ အထက ကက်သာကျောင်းမှ မောင်အောင်ခန့်ကျော် G-12နှင့် မောင်ဇင်မင်းခန့် G-10 တို့၏ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဆန်း ၅/တဆန(နိုင်)၀၇၆၂၂၉ ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း
ပဲခူးမြို့၊ ရှင်စောပုရပ်၊ အကွက်အမှတ် (၁၆B)၊ အကွက်အမည်-မြို့တွင်းအနောက်၊ ဦးပိုင်အမှတ် (၁၄၂^က)၊ မြေကွက်အမှတ်၊ ဧရိယာ (၀.၀၄၆) ဧကရှိ အရှေ့လားသော်-ဦးပိုင်အမှတ် (၁၄၂^ခ)၊ အနောက်လားသော်-ဦးပိုင်အမှတ် (၁၄၃)၊ တောင်လားသော်-နောက်ဖေလမ်း၊ မြောက်လားသော်-ဦးဘသင်လမ်းရှိ မြေကို ဒေါ်စန်းဦးမှ အမည်ပြောင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မတိုင်မီ ဒေါ်စန်းဦးထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**ဒေါ်စန်းဦး (ဖုန်း-၀၉-၂၅၄၆၄၆၆၃)**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း
ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်(RA-III) ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ်(၅၀-ဃ)၊ မြေဧရိယာ(၀ ဒသမ ၇၅)ဧကရှိ မြို့မြေဂရန်မူနံပါတ် (၁၂၁၅/၉၄-၉၅)အရ ဒေါ်နော်ဖဲလာ အမည်ပေါက် အိမ်မြေအကျိုးခံစားခွင့်များကို ဆက်စပ်မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၇၈/၂၀၀၈) ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးစိန်ဦး(ခ)လောရိန်ကြစ် ၁၂/ဗတထ(နိုင်) ၀၂၈၆၇၆က စက်မှုစီးပွား မြေငှားဂရန်အဖြစ် အမည်ပြောင်း၊ သက်တမ်းတိုးထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီပြီးစီးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန**

### သတိပေးကြေညာချက်
မုံရွာဆရာမိုး ကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်မိုးပြည့်ပြည့်ဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

မုံရွာဆရာမိုး ကုမ္ပဏီလီမိတက်နှင့် အစုရှယ်ယာရှင်/မန်နေဂျင်း ဒါရိုက်တာ ဒေါ်မိုးပြည့်ပြည့်ဖြိုး၏ ဂုဏ်သိက္ခာ၊ အကျိုးစီးပွားနှင့် ကောင်းသတင်းကျော်ဇောပျံ့နှံ့မှုကို ထိခိုက်စေမည့် အချက်အလက်အကြောင်းအရာများအား အင်တာနက် လူမှုကွန်ရက်စာမျက်နှာများတွင် နည်းအမျိုးမျိုးဖြင့် ယုံကြည်မှုပျက်ပြားစေသော မမှန်မကန် ရေးသားဖော်ပြခြင်းများကို တွေ့ရှိရပါသည်။ ထို့အပြင် မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၏အမည်နာမနှင့် ဂုဏ်သိက္ခာကို အလွဲသုံးစားပြု၍ မိမိကိုယ်ကျိုးစီးပွားကိုဖြစ်စေ၊ အများပြည်သူထင်ယောင်ထင်မှားဖြစ်စေသည့် အပြုအမူ၊ အပြောအဆိုကိုဖြစ်စေ၊ ခွင့်ပြုချက်မရှိဘဲ အသုံးပြုခြင်း၊ ဖော်ပြခြင်းများအား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း မပြုလုပ်ရန် သတိ ပေးတားမြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ မုံရွာဆရာမိုး ကုမ္ပဏီလီမိတက်နှင့်တကွ အစုရှယ်ယာရှင်/မန်နေဂျင်းဒါရိုက်တာ ဒေါ်မိုးပြည့်ပြည့်ဖြိုးတို့နှင့်ပတ်သက်၍ ဂုဏ်သိက္ခာထိခိုက်ညှိုးနွမ်းစေသည့် မသမာသော စိတ်ထားဖြင့် မဟုတ်မမှန်ရေးသားဖော်ပြခြင်းများကို ကျူးလွန်ခြင်းမပြုပါရန်နှင့် ယင်းသို့ကျူးလွန်မည်ဆိုပါက ကျူးလွန်သူနှင့်အတူ ပူးတွဲ ကျူးလွန်သူများ၊ အားပေးကူညီသူများအား မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများအရ ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမအကြောင်းအရဖြစ်စေ၊ နှစ်ရပ်စလုံးဖြင့်ဖြစ်စေ ထိရောက်စွာ ပြင်းပြင်းထန်ထန် တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတိပေး ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်လတ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၉၀၃၈)**
**အမှတ်-၃၆(မြေညီထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၁၁၇၈၅၄**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း
ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး (၈)၊ နယ်မြေ(၂)၊ ပဲခူး-ရန်ကုန်ကားလမ်းမ၊ အမှတ်(၁၃၄)ဟုခေါ်တွင်သော အရှေ့လားသော်-ပဲခူး-ရန်ကုန်ကားလမ်းမ၊အနောက်လားသော်-ဦးစန်းမောင်၏လယ် မြေ၊ တောင်လားသော်-ဦးဇော်မျိုးလှိုင်၏ အဆောင်၊ မြောက်လားသော်-ဦးကောက်၏ နေအိမ်အလားလေးရပ်အတွင်း တည်ရှိသည့် (၂၅x၁၇၆)ပေ အကျယ်အဝန်းရှိ ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော သစ်သား တစ်ထပ်လုံးချင်းအိမ်(၁)လုံး(ဦးကြည်သိန်း အမည်ပေါက်အိမ်သုံးလျှပ်စစ်မီတာတစ်လုံး၊ အဝီစိတွင်းတစ်တွင်းအပါအဝင်)တို့သည် မူလပိုင်ရှင် ဒေါ်တင်တင်နွဲ့ဆိုသူထံမှ ဦးလှရွှေ-ဒေါ်ခင်မြလွင်တို့က လွှန်ခဲ့သော နှစ်ပေါင်း(၂၅)နှစ်ကျော်ခန့်ကတည်းက ဝယ်ယူကာ တစ်ဆက်တည်း လက်ရှိထားနေထိုင်ပိုင်ဆိုင်ခဲ့ကြပြီး ဦးလှရွှေ-ဒေါ်ခင်မြလွင်တို့ ကွယ်လွန်ခဲ့ကြပြီးဖြစ်၍ ၎င်းတို့၏ သားသမီးများဖြစ်သော (၁)ဦးတင့်လွင်ဦး၊ (၂)ဦးအောင်လွင်ဦးနှင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (၃)ဦးဟန်လွင်ဦး ၁၂/သဃက(နိုင်)၀၈၃၈၀၂တို့က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်သည့် အိမ်နှင့်ခြံမြေကွက်တို့ဖြစ်ပါသည်။ ယခုအခါ အဆိုပါအိမ်နှင့် ခြံမြေကွက်အား ဦးတင့်လွင်ဦး၊ ဦးအောင်လွင်ဦး၊ ဦးဟန်လွင်ဦးတို့က ဥပဒေနှင့်အညီ အခြားသူတစ်ဦးဦးထံ ရောင်းချတော့မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လူကိုယ်တိုင် ဤကြေငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေ ဦးဟန်လွင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်သိန်းထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၃၆/၁၆)**
**အမှတ်(၁၇၈၆)၊ သာယာကုန်း(၁)လမ်း၊ မဇင်းရပ်ကွက်၊ ပဲခူးမြို့။**
**ဖုန်း-၀၉-၄၂၈၁၄၈၄၉၁**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 2G/9072, DAIUATSU HITET S 201P, Pick Up (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးလှတင် ၁၂/သကတ(နိုင်)၀၇၁၇၇၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း
လားရှိုးမြို့၊ ရပ်ကွက်(၂)၊ နယ်မြေ(၆)၊ အကွက်အမှတ်(၃၄/စံကောင်းရပ်)၊ ဦးပိုင်အမှတ်(၃၀/က+၃၀/ခ)၊ ဧရိယာ(၀ဒသမ၂၆၅)ဧကအား ဦးလော်စစ်မင်း ၁၃/လရန(နိုင်)၀၈၁၆၁၃မှ အမည်ပေါက် မြေငှားဂရန် အမွေတွဲ ဇနီးဖြစ်သူ ဒေါ်ပေါ်လင်းပေါင်း ၁၃/လရန(နိုင်)၀၁၈၆၁၂မှ တရားဝင်ဇနီးဖြစ်ကြောင်း လားရှိုးမြို့နယ် တရားရုံးတွင် ကျမ်းကျိန်လွှာအမှတ်(၂၇၂IV/၂၀၂၃)ဖြင့်ကျမ်းကျိန်ဆိုပြီး စာချုပ်စာတမ်း မှတ်ပုံတင်အမှတ်(၂၇၃IV/၂၀၂၃)ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ်ချုပ်ဆိုခဲ့ပါသည်။ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် ၅၅၆I/၂၀၂၃ဖြင့် ဒေါ်ပေါ်လင်းပေါင်း ၁၃/လရန(နိုင်)၀၁၈၆၁၂၏ အထွေထွေကိုယ်စားရရှိသူ ဦးသိန်းထိုက်အောင် ၁၂/ဒဂမ(နိုင်)၀၂၂၉၆၂မှ ဦးအောင်ကျော်မင်း ၁၃/လမန(နိုင်)၁၃၇၇၉၇၏ အထွေထွေကိုယ်စားလှယ်ရရှိသူ ဒေါ်သွယ်သွယ်အောင်စိုး ၁၂/ရကန(နိုင်)၀၇၆၇၀၀ ရရှိသူထံသို့ အိမ်မြေကွက် အရောင်းအဝယ်စာချုပ်အမှတ် (၅၅၆I/၂၀၂၃)ဖြင့်ရောင်းချပြီးဖြစ်ပါသဖြင့် ဦးအောင်ကျော်မင်း ၁၃/လမန(နိုင်) ၁၃၇၇၉၇မှ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ၁၅ရက်အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆)အပိုင်း၊ (၁)ရပ်ကွက်၊ သုမန(၄)လမ်း၊ အမှတ် (၈၅၄/ခ)၊ အကျယ်အဝန်း ပေ ၂၀xပေ၆၀၊ နှစ် ၆၀ မြေငှားဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေ စာရင်းတွင် ဒေါ်အေးကြည် ၁၂/သဃက(နိုင်)၀၀၅၈၄၈ အမည်ပေါက်လျက်ရှိပြီး အဆိုပါမြေကွက်နှင့် ယင်းမြေပေါ်ဆောက် လုပ်ထားသော (၅)ထပ်တိုက်မှ (၁၈ပေx၅၅ပေ) အကျယ်အဝန်း ပထမထပ်တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်တစ်တိုက်လုံး၏မြေရှင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်သူ ဒေါ်ခင်မာညို ၁၂/ပဇတ(နိုင်)၀၀၉၂၅၉ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါပြီး (၇)ရက်အတွင်း လာရောက်ကန့်ကွက်ရန်၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်မြတ်မြတ်ဝင်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၇၃)**
**အမှတ် (၁၇)၊ (မြေညီထပ်)၊ သမာဓိ (၂)လမ်း၊ (ဆ/က)ရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၇၆၆၅၈၆၊ ၀၉-၉၅၉၅၁၆၅၁၅**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9V/50183 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့**

## မွေးသက္ကရာဇ်အမှန်

မြိတ်မြို့၊ ကန်ဖျားရပ်နေ (ဘ) ဦးအောင်သန်း၏သား ဦးစိန်လွင် ၆/မအရ(နိုင်)၀၅၄၀၂၆၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင် အောင်လက်မှတ်အရ ၃၀-၅-၁၉၆၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကျွန်းစုမြို့နယ်၊ သဇင်ကျေးရွာနေ မမေသိမ့်ဦး ၆/ကစန(နိုင်)၁၀၀၁၆၆၏ ဖခင်အမည်မှန်မှာ တက္ကသိုလ်ဝင် အောင်လက်မှတ်အရ ဦးမောင်မောင်ညွန့် ဖြစ်ပါကြောင်း။

**ဦးမောင်မောင်ညွန့်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၈၄၄၂, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိမွေး ၆/ပလန(နိုင်)၁၀၁၈၄၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြိတ်)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၁၃၇)၊ ဧရိယာ(၀ ဒသမ ၀၅၅) ဧကရှိ ဦးကျော်လင်းလှိုင် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၆၃၉/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးထွန်းအောင်ကျော် ၁၂/ဥကမ(နိုင်)၂၂၆၆၆၅ မှ မြေငှားစာချုပ်၊ နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများ တင်ပြပြီး ဒေါ်မိမိခိုင် ၁၂/ဥကမ(နိုင်)၁၀၃၂၁၇ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ် နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက် လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၉/မစိုးရိမ်တောင်၊ ဦးပိုင်အမှတ်(၁၉ᵃ)၊ ဧရိယာ(၀ဒသမ၁၇၂)ဧကရှိ ဒေါ်မြ (ပါ)၂-ဦး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးဇော်မြင့်နိုင် ၉/ပမန(နိုင်)၁၂၂၅၄၈ မှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၆/၁၉၅၀)၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများ တင်ပြပြီး အဆောက်အအုံဆောက်လုပ်မိန့် တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ဇော်အောင်(၁၂/ဒပန(နိုင်)၀၄၇၆၂၈)နှင့် ဒေါ်ငြိမ်းမမ (၁၂/ဒပန(နိုင်)၀၄၉၂၃၈) တို့သည် ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ အောင်သီတာလမ်း၊ အိမ်အမှတ်(၄၈၁)ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၂)၊ လူနေရပ်ကွက် အမှတ်(နွယ်အေး)၊ မြေကွက်အမှတ်(၄၈၁)၊ ဧရိယာ(၁၂၅၀) စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ပတ်သက်၍အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၁၁၉၉/၂၀၁၇) ဖြင့် (၆-၁၂-၂၀၁၇)ရက်တွင် ဦးနေလင်းထွန်း (၁၃/တကန(နိုင်)၁၄၉၆၀၇)သို့ အထူးကိုယ်စားလှယ်လွှဲစာလွှဲအပ်ခဲ့ပါသည်။ ယခုအခါ ထိုအထူးကိုယ်စားလှယ်လွှဲစာသည် လွှဲအပ်ပေးသူများနှင့် လက်ခံယူသူတို့အကြား ဆက်လက်သုံးစွဲရန် မလိုအပ်တော့ပါသဖြင့် အဆိုပါအထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဝင်းဝင်းနွယ်** | **ဒေါ်အိအိခိုင်** |
| **LL.B, B.A(Business Law)** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၉၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၀၅၉)** |

**အမှတ်(၁၂၂၉)၊ ပင်လုံလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၉၈၂၉၃၅၉၉၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (သကမ-၁၆)ရပ်ကွက်၊ ရွှေရင်အေးဘုရားလမ်း၊ အမှတ် (၁၀၈၁/က)၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)ရှိ ဦးရိုန်မြင့် အမည်ပါရှိသော ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်များနှင့်တကွ ပိုင်ဆိုင်ထားပြီး အမွေဆိုင် အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် တရားဝင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံသူ ဦးစိန်အောင်သန်း ၁၂/ထတပ(နိုင်)၀၃၇၀၈၁ မှ ရောင်းချရန်အဆိုပြုကမ်းလှမ်းလာသည်ကို ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးကျော်စွာဝင်း ၈/ရစက(နိုင်)၁၉၀၂၈၅ က ဝယ်ယူရန် သဘောတူညီလျက် မြေကွက်၏ တန်ဖိုးအဖြစ် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားခဲ့ပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများ၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက ဤအရောင်းအဝယ်အား ဥပဒေ နှင့်အညီ အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မို့မို့ဇင်ကို (LL.B,D.B.L,D.I.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၉/၁၁)၊အခန်းအမှတ်(၁၀၄)၊မြေညီထပ်၊၃၆လမ်း(အောက်)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း-၀၉-၅၁၄၅၆၃၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သီရိ လမ်း၊ အမှတ်(၁၂၅၀)၊ 6B-ဖလ္လာ၊ မြေရင်းခန်း (၁၃.၅)ပေ x (၄၈)ပေ ခတ်လေ့ကား ပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးမင်းဇင်ဦး ၁၂/တမန(နိုင်)၁၁၄၇၇၈ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်ကြသော ဒေါ်ထက်ထက်ရွှေစင် ၁၂/ပဇတ(နိုင်)၀၃၅၇၆၄ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** | **ဒေါ်ခင်စောသိန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၉၊ ၀၉-၄၄၃၀၂၆၁၉၉၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ (၁၉)လမ်း၊ အိမ်အမှတ်-၇၄၈(B)၊ စတုတ္ထထပ်တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်သဥ္ဇာအောင် ၁၂/ဥကမ(နိုင်)၁၉၀၉၆၆ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဆုရည်လွဲ့ ၁၂/ရပသ(နိုင်)၀၆၅၈၉၆ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** | **ဒေါ်ခင်စောသိန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၈၆)** |

**တိုက် (၁၀/၁၂)၊ ပထမထပ်၊ အခန်း (၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၉၊ ၀၉-၄၄၃၀၂၆၁၉၉၉**

## တစ်ဦးတည်းဖြစ်ကြောင်း

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကရုပ္ပိ(ကျေးရွာ)၊ အနောက်ပိုင်းနေ (ဘ)ဦးဝင်းဟန်၏သား မောင်အောင်ဇင်ဦးနှင့် မောင်ဗလိုင်ချမ်း ၁၀/ရမန(နိုင်)၂၇၁၆၃၉ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မောင်အောင်ဇင်ဦး (ခ) မောင်ဗလိုင်ချမ်း**

## တစ်ဦးတည်းဖြစ်ကြောင်း

ပုဏ္ဏားကျွန်းမြို့နယ်၊ နတ်ဆိပ်ကျေးရွာနေ မအေးငြိမ်းနွယ် ၁၁/ပဏတ(နိုင်)၁၁၄၂၃၅၏ ဖခင် ဦးမောင်ထွန်းမြနှင့် ဦးမောင်ထွန်းလှ တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်ထွန်းမြ(ခ) ဦးမောင်ထွန်းလှ**

## ဖခင်အမည်မှန်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အထက(၂) Grade-12 အခန်း(D)မှ မမိုးစန္ဒာ၏ ဖခင်အမည်မှန်မှာ ဦးမောင်အေးခင် ၁၁/ကဖန(နိုင်)၀၁၆၉၉၉ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ဦးကျော်မောင်သန်း-ဒေါ်ကြည်ကြည်ဝင်းတို့၏သားနှင့် သမီးဖြစ်သော ပေါက်တောမြို့နယ်၊ အထက (မောက်ပြား) Grade-12မှ မောင်ကိုဝင်းဇော်နှင့် မမလှိုင်လှိုင်ဝင်းတို့၏ မွေးသက္ကရာဇ်အမှန်မှာ (၄-၅-၂၀၀၅) ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ နောင်ယား(က)ရပ်ကွက်၊ ကွင်းအမှတ်-၇၅၊ ဦးပိုင်အမှတ်-၁၀၃၊ ဧရိယာ (အလျား ၆၀ ပေ x အနံ ၃၇ ပေ) (၀ ဒသမ ၀၃၈)ဧကရှိ (၁၀)နှစ်ဂရန်မြေကွက် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဦးသက်လွင် ၂/လကန(နိုင်)၀၄၁၈၈၈ မှ မြို့ပြမြေယာနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက် ပိုင်ဆိုင်လျက်ရှိကြောင်း၊ အပေါင်အနှံ အရှုပ်အရှင်းကင်းကြောင်းနှင့် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေအားရောင်းချရာတွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ငဲငဲ(ခ) မိခလုတ် ၂/လကန(နိုင်)၀၈၁၃၈၉ မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီး ၁၆-၈-၂၀၂၃ ရက်တွင် တရားဝင်စာချုပ်ချုပ်ဆို၍ ဝယ်ယူခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ ယင်းမြေကွက်နှင့်ပတ်သက်၍ နောက်ပိုင်းတွင် ဂရန်မြေ အမည်ပေါက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော တရားဝင်စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၆၉၂၉/၂၁)**
**ခူ/၅၀၆(ခ) ၊ လမ်းသွယ်(၃) ၊ အုပ်စု(၆) ၊ ဒေါဥခူရပ်ကွက်၊ လွိုင်ကော်မြို့။**
**ဖုန်း-၀၉-၄၂၁၆၆၉၁၁**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ ကွင်းအမှတ် (၁၆က/၃က)၊ ဦးပိုင်အမှတ်(၅၈/မ)၊ မြေဧရိယာ ၀ ဒသမ ၁၃၇ ဧကရှိ မြေကွက်သည် မူလက ဦးအောင်ကျော်ထူး၊ ဒေါ်ရင်ရင်လှ(၂)ဦး အမည်ဖြင့် ခရိုင်အမှုတွဲအမှတ်၊ ၃၁၂/V ၂၀၁၇-၂၀၁၈ အရ ၂၀-၁-၂၀၃၂ ရက်ထိ(၁၀)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဦးအောင်ကျော်ထူး ပါ(၂)ဦး (၎င်းတို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်တိန့်မျှော်)က ၁၀-၇-၂၀၂၃ရက်စွဲပါမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၃၀၉/၂၀၂၃) အရ ဦးရင်ခေါ်ဝမ်(ခ)ရင်ဝင်း ၁/မကန(နိုင်)၁၀၇၃၀၆ ထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးရင်ခေါ်ဝမ်(ခ)ရင်ဝင်းက ၎င်း၏သား ဖြစ်သူ ဦးသက်တင်စိုး ၁/မကန(နိုင်)၁၈၃၃၄၃ အမည်အားပူးတွဲ၍ ဦးရင်ခေါ် ဝမ်(ခ)ရင်ဝင်းပါ(၂)ဦးအမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထား လာမှုအပေါ်ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူ မဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ကလေးမြို့၊ အမှတ် (၉)ရပ်ကွက်၊ ကွင်းအမှတ်နှင့်အမည် - ၈၈/ မျက်ရဲအင်းအနောက်၊ ဦးပိုင်အမှတ်-၇၁/၁၊ မြေကွက်အမှတ်- ၆၂/၃၁၆၊ ဧရိယာ ၀ ဒသမ ၂၃၀ ဧက ထဲမှ ဧရိယာ ၀ ဒသမ ၁၃၉ ဧကရှိ မြေကွက်၏ အကျိုးခံစား ခွင့်အရပ်ရပ်အား လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သူဇာဝင်း ၁၃/ကလန(နိုင်)၀၀၀၁၅၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်စိုးစိုးကြည် ၁၂/မဂတ(နိုင်)၀၀၉၆၆၀ က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်ရက်မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းများနှင့် တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ဒေါ်စိုးစိုးကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လွန်းလွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၈၇)**
**အမှတ် -၁၇၉ ၊ ဥမင်လမ်း၊ (၁၀)ရပ်ကွက်၊ ကလေးမြို့။**
**ဖုန်း-၀၉-၄၀၀၀၃၃၉၇၈**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀ )
## တောင်ကြီးမြို့နယ်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၇၂

| | | |
|---|---|---|
| ဦးစိုင်းပေါင်ခေး | နှင့် | ဦးကောင်းဆုံကျင် |
| **(တရားလို)** | | **(တရားပြိုင်)** |

အေးသာယာမြို့၊ ရပ်ကွက်(၁၀)၊ ခိုင်ရွှေဝါလမ်း၊ အမှတ်(၃၀၈)နေ တရားပြိုင် ဦးကောင်းဆုံကျင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစိုင်းပေါင်ခေးက “မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု” လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့် အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ ဖြစ်စေ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက် (၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်) မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူက တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်၌ သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြု လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုင်းခမ်းလိတ်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ဒဂုံမြို့နယ်၊ (၁၂၁)ရပ်ကွက်၊ မြေကွက် အမှတ်(၁၁၆၈)၊ မြေအကျယ်အဝန်း(၄၀'x၆၀')ကျယ် မြေကွက်၏ အကျိုးခံစား ခွင့်အားလုံးကို လက်ရှိပိုင်ဆိုင်သူ ရန်ကုန်မြို့၊ အမှတ်(၃၁၆)၊ အောင်ဆန်း သူရိယလှသောင်းလမ်း၊ (၄၆) ရပ်ကွက်၊ မ/ဒဂုံနေ ဒေါ်နန်းညွန့်မေ ၁၃/ တကန(နိုင်)၀၈၅၇၀၀ ထံမှ ကျွန်ုပ်ဦးစိုးခန့် ၁၂/စခန(နိုင်)၀၅၁၇၀၇ မှ စရန်ပေးဝယ်ယူခဲ့ပါသည်။ အဆိုပါ မြေကွက်အရောင်း အဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်ရက်အတွင်း အရောင်းအဝယ်ဆက်လက် လုပ်ဆောင်သွားမည် ဖြစ်ကြောင်း။

**ဦးစိုးခန့်**
**၁၂/စခန(နိုင်)၀၅၁၇၀၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၀)၊ မြေကွက်အမှတ်(၄၅၁)၊ အကျယ်အဝန်း( အလျား ၄၀ x အနံ ၆၀) ပေ ဒေါ်သန်းသန်းအေး အမည်ပေါက်မြေချပါမစ်မူရင်းမြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား မြေချပါမစ်မူရင်းနှင့်တကွ အဆက် အစပ်စာချုပ်စာတမ်းမူရင်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇော်မိုးအောင် ၁၂/သလန(နိုင်) ၀၀၀၀၄၇ မှ တရားဝင် ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ သည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူ မဆို ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းစုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြူကြူခိုင် ၁၂/ဥကတ(နိုင်)၁၄၉၆၇၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဒေဝီ LL.B**
**အထက်တန်းရှေ့နေ (စဉ်-၅၃၄၃၁)**
**အမှတ်(၉၁၄)၊ ရေသန့်လမ်း၊ (၁၃၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း-၀၉ ၇၉၃၀၆၀၅၀၈**

## ကန့်ကွက်နိုင်ပါကြောင်း

မိုးညှင်းမြို့နယ်၊ နန်းမားကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့်အမည် ၂၇၇/ နန်းခမ်းကွင်း၊ မြေကွက်အမှတ်(၁၂၄၂) ၊ ရွာမြေ ၊ မြေဧရိယာ ၀ ဒသမ ၁၈ ဧကရှိ မြေကွက်အား ဦးစိန်မြင့် (ဘ) ဦးဘအေး ၁/မညန(နိုင်)၀၃၂၃၃၈ - ဒေါ်အေး အေးမော်(ဘ)ဦးကျွန်းမောင် ၁/မညန(နိုင်)၀၃၃၃၇၀ အမည်တို့ဖြင့် မြေငှား ဂရန်အသစ် လျှောက်ထားဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှ စ၍ (၁၅)ရက် ပြည့်မြောက်သည်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူ မရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိန်မြင့် ၁/မညန(နိုင်)၀၃၂၃၃၈၊ ဒေါ်အေးအေးမော် ၁/မညန(နိုင်)၀၃၃၃၇၀**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၄၉)၊ ရွှေဇီးကုံဘုရား အကွက်၊ ဦးပိုင်အမှတ် (၁၂-ခ)၊ ဧရိယာ ၀ ဒသမ ၇၅၄ ဧကရှိ မြို့မြေ(B)သည် တောင်ငူမြို့၊ အိမ်အမှတ်(၁၉) ရပ်ကွက်နေ နော်အယ်ဗလင်းနှင့် မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အိမ်အမှတ်(၇/၉၅)၊ ရန်ကုန်- အင်းစိန်လမ်းနေ စောလာဒူးတို့မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကိုဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေနံ့သာအနောက်ရပ်၊ မြေကွက်အမှတ်(ဥ-၅၇၈)၊ မြေရိယာ ၀ ဒသမ ၀၈၂ ဧက၊ မြေကွက်၏အမည်ပေါက် ဦးထွန်းငြိမ်းဦး(ဘ)ဦးထွန်းဖေ ၉/ပမန(နိုင်)၀၃၂၄၂၆ ကွယ်လွန်သွားသဖြင့် အမွေဆက်ခံခွင့်ရှိသော တရားဝင်ဇနီးဖြစ်သူ ဒေါ်စိုး(ဘ)ဦးလှအောင် ၉/ဥတသ(နိုင်)၀၂၁၈၃၀ မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်(၅၁၁/၂၀၂၃)မူရင်း၊ မြေပေးမိန့်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ သေဆုံးခြင်းလက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး မြေကွက်အမှတ် (ဥ-၅၇၈)ကို ၎င်းအမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၂/အောင်မြေမြောက်ရပ်)၊ ဦးပိုင်အမှတ်(၉၉)၊ မြေရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးကိုကြီးအမည်ပေါက် ဘိုးဘပိုင် မြေကွက်အား တရားဝင်အမွေဆက်ခံပိုင်ခွင့်ရှိသူ ဦးကျော်လှိုင်(ဘ)ဦးထွန်းရှိန် ၉/လဝန(နိုင်)၀၁၁၅၂၇ မှ တရားရုံး မှတ်ပုံတင်ကျမ်းကျိန်လွှာ(၂၄/၂၀၂၂)(၄-၁၀-၂၀၂၃)မူရင်း၊ သေဆုံးကြောင်းထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ် ၇၁၊ ဦးပိုင်အမှတ်(၉)/ ၁၄ x ၁၅ လမ်းကြား၊ ၈၆ x ၈၇ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ခင်ပွန်း ဦးမောင်မောင်ကြီးကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ဝေဝေ ၉/မနမ(နိုင်)၀၃၈၉၈၈ က ဘိုးဘအမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ် ၁၂၁၊ ဦးပိုင်အမှတ်(၁၂/က)/ လမ်း ၂၀ x ၈၇(B)လမ်းထောင့်ရှိ ဦးစိန်သန်း၊ ဒေါ်ခင်မေသန်းအမည်ပေါက်ဘိုးဘမြေကွက်အား၊ ခင်ပွန်း ဦးစိန်သန်းကွယ်လွန်၍ ကျန်ရစ်သောပူးတွဲအမည်ပေါက်သူ ဇနီး ဒေါ်ခင်မေသန်း ၉/မနမ(နိုင်)၀၄၇၃၄၉ က ဘိုးဘစာအုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ် ၄၁၃/၃၊ ဦးပိုင်အမှတ်(၆၆)/၆၃ Aလမ်း၊ ၃၃ x ၃၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ခင်ပွန်း ဦးတင့်ငွေကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်မြင့်မြင့်ဆွေ ၉/မရမ(နိုင်)၀၄၀၈၃၃ က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအနောက်ရပ်ကွက်၊ အကွက်အမှတ် ၅၁၊ ဦးပိုင်အမှတ်(၄၆-ခ)/ ၁၂ လမ်း၊ ၈၁ x ၈၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ခင်ပွန်း ဦးသန်းမြင့်ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်လတ်လတ် ၉/မနမ(နိုင်)၀၀၁၄၆၆ က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၈၉၉)၊ ဒေါ်သောင်း၊ ဒေါ်ချိုချိုမြင့်၊ ဦးထွန်းရီ အမည်ပေါက် အလျား x အနံ(၄၀x ၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်ကြီး၏ မခွဲမစိတ်ရသေးသည့် အစိတ်အပိုင်း အလျားxအနံ(၂၆ ဒသမ ၈ x ၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အမှတ်(၈၉၉)၊ သုဇိတာလမ်း၊ ၂-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော (၂)ထပ်အိမ်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အားလုံးတို့ကို လက်ရှိပိုင်ဆိုင်၍ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးထွန်းရီ ၁၂/ဥကမ(နိုင်)၀၇၈၆၂၇ ထံမှ ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်ရောင်းဝယ်ခြင်းနှင့် စပ်လျဉ်း၍အကျိုးသက်ဆိုင်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း နောက်ဆုံးထားပြီး စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောတာကပေါ် (LL.B, D.B.L, D.M.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၀၃)**
**တိုက် ၉/၁၁၊ မြေညီထပ်၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၈၀၀၃၃၂၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ တပ်ကြပ်တင်ထွန်း (ကိုယ်ပိုင်အမှတ် ၄၇၂၇၆၁) ၁၂/လကန(နိုင်)၀၃၇၈၉၁ (ဘ)ဦးထွန်းဆိုင် အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၄၉၅၇ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံသားသမီးဖြစ်သူ ဒေါ်တင်ဟေမာထွန်း၊ မိုးသက်ပိုင်ထွန်း ၉/ပမန(နိုင်)၂၃၂၂၂၂၊ ၉/ပမန(နိုင်)၂၃၂၁၃၀ (ဘ)ဦးတင်ထွန်းမှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တပ်ကြပ်တင်ထွန်း သေဆုံးခြင်း လက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံ ပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေငှားစာချုပ် လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မြေရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အမှတ်(ပ-၂၃၉၀၇)ကို အမည်ပေါက် ဦးစိုးတင့် (ဘ)ဦးထွန်းရှင် ၇/ပခန(နိုင်)၀၁၈၀၁၈ ၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဦးသန့်ဇင်ဦး (ဘ)ဦးအောင်သန်း ၅/ခဥန(နိုင်)၀၈၂၂၈၆ မှ ဒေါ်မေဖြိုးသူ (ဘ)ဦးမြင့်နိုင်ဦး ၁/မကန(နိုင်)၂၀၆၁၅၀ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေငှားရမ်းခပြေစာ၊ မိတ္ထီလာမြို့စာချုပ်စာတမ်းမှတ်ပုံတင် ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၉၆/၂၀၁၆(၈-၁၂-၂၀၁၆) တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီးလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## လူမှုကွန်ရက် ( Facebook) Account Name -Yakaxsuki Alarm အသုံးပြုသူနှင့်အများသိစေရန်သတိပေးတားမြစ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ရိပ်သာလမ်းနှင့် ဦးအောင်မြတ်လမ်းထောင့်၊ Kantharyar Office Towerရှိ ၁၆-လွှာတွင် ရုံးခန်းဖွင့်လှစ်တည်ရှိသည့် Manulife Myanmar Life Insurance Company Limited (Reg No-120528238) (ဤမှနောင်တွင် "Manulife Myanmar") ၏ လွှဲအပ်ညွှန်ကြားချက်အရ လူမှုကွန်ရက် (Facebook) Account Name-Yakaxsuki Alarm အသုံးပြုသူနှင့် အများသိစေရန်သတိပေးကြေညာလိုက်သည်။

Manulife Myanmar သည် အသက်အာမခံလုပ်ငန်းနယ်ပယ်တွင် ကောင်းသောဂုဏ်သတင်းနှင့်အညီ တရားဝင်တည်ထောင်လုပ်ကိုင်လျက်ရှိပြီး လုပ်ငန်းမှာလည်း တိုးတက် ကောင်းမွန်လျက်ရှိပါသည်။ ဤကဲ့သို့သော Manulife Myanmar ၏ နာမည်ကောင်းဂုဏ်သတင်း (Goodwill) ထိခိုက်စေရန်နှင့် အကျိုးစီးပွားထိခိုက်နစ်နာ ဆုံးရှုံးစေရန် ရည်ရွယ်လျက် လူမှုကွန်ရက် (Facebook) Account Name-Yakaxsuki Alarm ကို အသုံးပြု၍ Manulife Myanmar ရဲ့ ဖုံးကွယ်ထားသော ရုံးတွင်းဖြစ်ရပ်မှန် အချစ်ဇာတ်လမ်းတွဲများဟု ဖော်ပြလျက် လူအများ ထင်ယောင်ထင်မှားဖြစ်စေရန် လူမှုကွန်ရက်(Facebook)ကို အသုံးပြု၍ ဖြန့်ဝေရေးသားခြင်းများပြုလုပ်လျက်ရှိသည်ကို Manulife Myanmar မှ အထောက်အထားများ ရရှိထားပြီးဖြစ်ပါသည်။

သို့ပါ၍ လူမှုကွန်ရက် ( Facebook) Account Name -Yakaxsuki Alarm သည် Manulife Myanmar ၏ ရုံးကိစ္စရပ်များကို ဝင်ရောက်စွက်ဖက်ရေးသားနိုင်သည့် အခွင့်အရေးရှိသူ မဟုတ်သည့်အပြင် Manulife Myanmar အမည်နာမကို အသုံးပြု၍ ရေးသားခွင့်ရသည့် အခွင့်အရေးရှိသူတစ်ဦးလည်း မဟုတ်သည့်အတွက် နောက်နောင်တွင် Manulife Myanmar ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ Manulife Myanmar အမည်နာမကို အသုံးပြု၍ လူမှု ကွန်ရက် (Facebook) စာမျက်နှာနှင့် Manulife Myanmar ၏ အခြားမိတ်ဖက် အဖွဲ့အစည်း လူပုဂ္ဂိုလ်များသို့ တစ်နည်းနည်းဖြင့် ဖြန့်ဝေပေးပို့ခြင်းများကို လုံးဝ(လုံးဝ)မပြုလုပ်ပါရန်နှင့် ရပ်တန့်ရန် ပြင်းထန်စွာအသိပေးကြေညာအပ်သည်။ ထိုသို့အသိပေးတားမြစ်နေပါလျက်နှင့် ဆက်လက်၍ ရေးသားဖြန့်ဝေနေခြင်းများ ပြုလုပ်ဆောင်ရွက်နေပါက Manulife Myanmar၏ အမည်နာမကို ခွင့်ပြုချက်မရှိဘဲ အသုံးပြုသည့်အတွက် သော်လည်းကောင်း၊ Manulife Myanmar ၏ နာမည်ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားကို ကာကွယ်ရန်အတွက်သော်လည်းကောင်း တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး တားမြစ်အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီစလင်း တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၈၅)**
**အမှတ်-၅၅၊ ဒုတိယထပ်၊ အခန်း-၇ ၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၉၃၁၁၅**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ် ZC-၀၀၉(၃)၊ ဧရိယာ ၀ ဒသမ ၂၈၇ ဧကရှိ မန်းပြည်တံခွန်ကုမ္ပဏီလီမိတက် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား ကုမ္ပဏီကိုယ်စား ဦးမျိုးသီဟ(MD) (ဘ)ဦးမျိုးမြင့်၊ ၉/ပကခ(နိုင်)၀၀၆၈၉၄ မှ မြေငှားစာချုပ်၊ ကုမ္ပဏီအစည်းအဝေးဆုံးဖြတ်ချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဦးထက်ဇံလင်း(ဘ) ဦးတင်ဇံကျော် ၁၂/ဗဟန (နိုင်)၀၉၁၅၀၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေ ရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရတနာသိဒ္ဓိရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် ၅/ဥတ္တရသီရိရပ်၊ မြေကွက်အမှတ် (ဥ- ၂၀၅၂)၊ မြေရိယာ ၀ ဒသမ ၅၁၆ ဧက၊ ဗိုလ်မှူးချုပ်မျိုးအေး(ဘ)ဦးခင်ညို ၅/ရဘန(နိုင်)၀၀၃၅၃၅ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား ဗိုလ်မှူးချုပ်မျိုးအေး (ဘ) ဦးခင်ညို ၅/ရဘန(နိုင်)၀၀၃၅၃၅ မှ ဒေါ်မေမြတ်နိုးကိုကို(ခ) မေစပယ်မျိုး (ဘ)ဦးမျိုးအေး ၁၃/ဖခန(နိုင်)၀၅၄၇၁၈ အမည်ဖြင့် မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်း သဘောတူ စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မိခင်အမည်မှန်

လှိုင်မြို့နယ်နေ မောင်ဥက္ကာပိုင်၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဒေါ်အေးသန်းစိန် ၁၂/လမန(နိုင်)၀၂၉၅၉၈ ဖြစ်ပါသည်။

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်မ မအိဖြူဖြူမောင်(ဘ)ဦးမောင်မောင်စိုး ၁၂/မဂဒ(နိုင်)၁၄၄၁၀၂ ၏ ပတ်စ်ပို့ MB-101888 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၅၃၂၄၃၈**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇာနည်အောင် (ဘ)ဦးကျော်ခဲ ၈/ရခန(နိုင်) ၁၀၃၆၇၄ ၏ ပတ်စ်ပို့ MB-101777 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၅၃၂၄၃၈**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်နေ ဦးစိုင်းဆမ်၏သား စိုင်းအောင်ဦး ၁၃/နခန(နိုင်)၀၅၄၃၇၀ သည် နိုင်ငံကူးလက်မှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၅၅၂၈၆၃၆၊**
**၀၉-၆၉၈၅၀၃၁၃၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မင်းဘူးမြို့၊ အမှတ်(၄)သစ်ချိုကုန်းရပ်နေ ဦးသောင်းရွှေ-ဒေါ်စန်းတို့၏သမီး ဒေါ်ချိုချိုမာနှင့် ဒေါ်ချိုမာ ၈/မဘန(နိုင်)၀၁၁၆၆၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ချိုချိုမာ(ခ)ဒေါ်ချိုမာ**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၉-၂၀၂၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ (၃၁) ဦးဝင်းမောင် (ဘ)ဦးဘကွန့် ၁၂/ပလန(နိုင်)၀၂၈၃၇၀ အများသိစေရန် ကြေညာတွင် ဦးဝင်းမောင် အစား ဦးဝင်းအောင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## Facebook အကောင့်ပိုင်ရှင်များဖြစ်သော Tin Oo နှင့် Daw Ni Ni Hla အကောင့်ပိုင်ရှင်တို့နှင့် ၎င်းအကောင့်များတွင် မှတ်ချက်ရေးသားသူများသိရှိရန် အသိပေး ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်-၁၁၃/၃(ဘီ)တွင် ဖွင့်လှစ်ထားသော Beik Thano Art Gallery ၏ ပြခန်းတာဝန်ခံဖြစ်သူ ဒေါ်ပန်းဇာဖြူ ၁၂/ဗဟန(နိုင်) ၀၈၃၇၇၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်-

Beik Thano ပန်းချီပြခန်းမှ U Ba Yin Gyi ရေးဆွဲသော ပန်းချီကားချပ်အား ရောင်းချရန် ကြော်ငြာခဲ့ရာ ယင်းပန်းချီကားချပ်အပေါ် Tin Oo Facebook အကောင့်နှင့် Daw Ni Ni Hla Facebook အကောင့်တို့မှ Beik Thano ပန်းချီပြခန်းမှ အတုပြုလုပ်သယောင် ရေးသား၍ Beik Thano ပန်းချီ ပြခန်း၏ ပုံရိပ်ကျဆင်းစေရန်နှင့် ဂုဏ်သိက္ခာထိခိုက်စေရန် ရေးသားမှုများ ပြုလုပ်ခဲ့ပြီး ၎င်းတို့၏ ရေးသားမှုအပေါ် တစ်ခြားသူများမှလည်း မှတ်ချက်များ ဝင်ရောက်ရေးသားခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

အထက်ဖော်ပြပါ ပန်းချီကားသည် ၂၀၂၀ ပြည့်နှစ် (၁)လပိုင်း (၁၉)ရက်က Inyalake ဟိုတယ်(Mingalar Ballroom)တွင်ပြုလုပ်ခဲ့သော ပန်းချီ လေလံပွဲ၌ ပန်းချီကားအမှတ်(Lot No.2/010) ဖြင့် ပါဝင်ခဲ့သော ပန်းချီကားဖြစ်ပြီး Beik Thano ပန်းချီပြခန်းမှ ဝယ်ယူထားခဲ့ခြင်းဖြစ်၍ အထောက်အထားများလည်း ရှိပါသည်။

ထိုကဲ့သို့အခြေအနေကြောင့် Beik Thano ပန်းချီပြခန်း၏ ပုံရိပ်နှင့် ဂုဏ်သိက္ခာထိခိုက်စေရန် ရေးသားသူ Tin Oo Facebook အကောင့်နှင့် Daw Ni Ni Hla Facebook အကောင့် အပါအဝင် မှတ်ချက်ပြု ရေးသားသူများမှ မိမိတို့ ရေးသားချက်များအား ဤသတင်းစာပါသည့်ရက်မှ (၇)ရက်အတွင်း Online ပေါ်မှ ဖယ်ရှားပေးရန်နှင့် စတင်ရေးသားသူ Tin Oo Facebook အကောင့်နှင့် Daw Ni Ni Hla Facebook အကောင့်ပိုင်ရှင်များမှ နိုင်ငံပိုင်သတင်းစာတွင် လည်းကောင်း၊ Facebook အကောင့်များ Online ပေါ်မှ လည်းကောင်း မှားယွင်းစွပ်စွဲမိကြောင်း ပြန်လည်ဖြေရှင်း ဖော်ပြပေးရန် အသိပေး ကြေညာအပ်ပါသည်။

ဆောင်ရွက်ပေးခြင်းမရှိပါက Beik Thano ပန်းချီပြခန်း၏ ပုံရိပ်နှင့် ဂုဏ်သိက္ခာထိခိုက်စေရန် ဆောင်ရွက်သည့်အပေါ် ဥပဒေနှင့်အညီ တရားစွဲဆိုခြင်း၊ နစ်နာထိခိုက်မှုအတွက် တရားစွဲဆို တောင်းခံခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ပန်းဇာဖြူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထင်လင်းနိုင်(LL.B) တရားလွှတ်တော်ရှေ့နေ**
**စဉ်-၇၁၁၂ (၁၀-၁၂-၂၀၀၂)**
**ဖုန်း-၀၉-၅၀၃၉၃၀၆၊ ၀၉-၇၈၅၀၃၉၃၀၆**

## အမည်မှန်

ဦးဝင်းမြင့်ဦး ၈/မကန(နိုင်) ၁၂၂၇၁၇ ၏သမီး မကွေးမြို့၊ ABC ကိုယ်ပိုင်မူလတန်းကြိုနှင့် မူလတန်းကျောင်း Grade-5 မှ မအိမ့်မှူးသဒ္ဒါချို၏ အမည်မှန်မှာ မအိမ့်မှူးသဒ္ဒါချို ဖြစ်ပါကြောင်း။

**မအိမ့်မှူးသဒ္ဒါချို**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5F/4115, Hilux SURF, STATION WAGON ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထလာဆုန် ၄/ထတလ(နိုင်)၀၂၉၀၂၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 49W/61861 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ စံအောင်ပြည့်စုံ ၁၄/လမန(နိုင်) ၁၂၉၅၇၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟသ်ာတ)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၁)၊ ဦးပိုင်အမှတ်(၇၁)၊ ၅၃ x ၅၄ လမ်းကြား၊ မနော်ဟရီလမ်း x နှင်းဆီလမ်းကြားရှိ တောဂရန်မြေကွက်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးမောင်မောင်ညီ ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၁၀၀၈/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ဝင်းဝင်းမြင့် ၉/အမရ(နိုင်)၀၃၀၂၀၂က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၄၄၆၀/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ် သ-၁၂၊ ဦးပိုင်အမှတ်(၁၁၉ + ၁၂၀)၊ ၆၁.A လမ်း၊ ၁၁၅ လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မြတ်ပွင့်ဖြူ ၉/ခအဇ(နိုင်)၀၃၇၇၉၄၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ်(၅၈၉၇/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုးမိုးဌေး ၈/နမန(နိုင်)၀၉၀၂၉၂၊ ဦးမြသိန်း ၉/ခမစ(နိုင်)၀၀၃၂၂၄ တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် ဠ-၇၊ ဦးပိုင်အမှတ်(၁၄၆)၊ ၆၅ လမ်း၊ ၁၁၇ လမ်းနှင့် ၁၁၈ လမ်းကြား မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၃၄၀၉/၉၀-၉၁)အရ ဦးချစ် ၉/ရမသ(နိုင်)၀၁၁၅၅၄ (TTA-၁၃၉၂၁၄) အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဦးကြည်ဆင် ၉/မရတ(နိုင်)၀၇၇၇၄၉ မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် ဠ-၇၊ ဦးပိုင်အမှတ်(၁၄၃)/၊ ၆၅ Aလမ်း၊ ၁၁၇ လမ်းနှင့် ၁၁၈ လမ်းကြား မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၁၄၄၉/၉၀-၉၁)အရ ဦးမောင်ဟန် မှတ်ပုံတင်အမှတ် DE-၀၁၂၇၀၃ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဦးအောင်သိုက်ထွန်း ၉/ပကခ(နိုင်)၀၁၂၇၉၆ မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ဒက္ခိဏသီရိအရှေ့ရပ်၊ မြေကွက်အမှတ် ဒ-၂၃၁၃၊ မြေရေိယာ ၀ ဒသမ ၂၂၉ ဧကရှိ ဒေါ်ညွန့်ရီ(ဘ)ဦးစံပို ၁၃/ကမန(နိုင်)၀၂၅၁၂၅ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်ညွန့်ရီထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၈၈/၂၀၂၃ (၁၅-၆-၂၀၂၃)ဖြင့် ရရှိထားသူ ဦးသိန်းဇော်ထွန်း (ဘ)ဦးကပ်ကျော် ၈/တတက(နိုင်)၁၁၉၄၉၇ မှ ဒေါ်ဇင်မာထွန်း (ဘ)ဦးတင်ထွန်း ၁၄/ကပန(နိုင်)၁၃၅၂၂၆ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 41W/40274 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေစိုးဦး ၁၄/ဇလန(နိုင်)၀၉၉၅၀၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 57W/84040 Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဝင်း ၁၄/ဟသတ(နိုင်)၀၄၄၂၀၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## မွေးသက္ကရာဇ်အမှန်

မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ နယ်မြေ(၂)နေ ဦးစန်းယုနိုင် ၉/မထလ(နိုင်)၁၈၁၁၄၃ ၏သားဖြစ်သူ မောင်ကောင်းဆက်ဟန်၏ မွေးသက္ကရာဇ်အမှန်မှာ ၇-၇-၂၀၀၃ ဖြစ်ပါကြောင်း။

## နိုင်ငံကူးလက်မှတ်ပျောက်ဆုံးကြောင်း

ဦးတင်ဝင်း၏သား မြောက်ဒဂုံမြို့နယ်၊ ၃၄ ရပ်ကွက်တွင် နေထိုင်သော ကျွန်တော် ဦးသက်နောင်ဝင်း ၁၀/မဒန(နိုင်)၀၉၈၅၄၆၏ နိုင်ငံကူးလက်မှတ်အမှတ် M213636 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၅၂၃၈၆၀၅**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/5549 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၂၀၁၉၂၀၂၀)၊ ဧရိယာ ၀ ဒသမ ၁၆၈ ဧကရှိ ဒေါ်နန်းဌေးဌေးလတ် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးသိန်းထိုက် (ဘ) ဦးဖိုးတုပ် ၉/လဝန(နိုင်)၁၉၅၇၈၁ မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၃၃၇/၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်စမ်းစမ်းဝင်း (ဘ) ဦးဘစိုး ၁/မညန(နိုင်)၀၇၁၅၅၀ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် စစ-၉၊ ဦးပိုင်အမှတ်(၂၉)/၁၀၆ လမ်း၊ ၅၀ x ၅၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မြသန်း ၉/မနတ(နိုင်)၀၇၀၂၆၈ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၆၈၁၃/၂၀၁၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဖြိုးလပြည့်ဝန်း ၉/ပမန(နိုင်)၁၆၃၀၅၂ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် ညည-၁၄၊ ဦးပိုင်အမှတ်(၃၉-ခ)/၅၈ x ၅၉ ကြား၊ သမိန်ဗရမ်းနှင့် ဗညားဒလလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသူရလင်း ၉/မရတ(နိုင်)၀၀၀၆၃၆ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၆၊ ဦးပိုင်အမှတ် ၁၃(ခဲစင်း)၊ ၅၄ x ၅၅ လမ်းကြား၊ အောင်ဆန်းနှင့် ငကြွဲလမ်းကြားရှိ တပ်သားသန်းထွန်း အမည်ပေါက်ဂရန်မြေကွက်အား ဦးသန်းထွန်း၏ (GP ရသူ ဒေါ်စန္ဒာထွန်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၁၇၂၄/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အိအိဖြိုး ၁၃/နခန(နိုင်) ၀၈၆၀၉၅ က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၄၄၆၂/၂၀၂၃-၂၀၂၄ ဖြင့် တောမှ မြို့ပြောင်း/သက်တမ်းတိုး/ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၆၊ ဦးပိုင်အမှတ် ၁၃(ခဲစင်း)၊ ၅၄ x ၅၅ လမ်းကြား၊ အောင်ဆန်းနှင့် ငကြွဲလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ တပ်သားသန်းထွန်း ၉/မနမ(နိုင်)၁၀၈၉၁၃၏(GPရသူ ဒေါ်စန္ဒာထွန်း)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၄၄၆၁/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/ သက်တမ်းတိုး/ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4H/4284, Honda Civic FD3 ယာဉ်လက်ဝယ်ရှိသူ ဦးလှနိုင် ၁၂/မရက(နိုင်)၀၁၇၀၈၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 11W/13966 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော် ၉/ပမန(နိုင်)၁၈၂၄၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/45179 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဝင်း ၇/ရတရ(နိုင်)၀၂၁၆၆၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3N/4890 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းစိုး ၁၄/ကခန(နိုင်)၀၀၁၄၈၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း

ကျွန်မ ဒေါ်စန်းစန်း၏ သမီးဖြစ်သူ မစိုးနှင်းဖြူ (ဘ) ဦးစံခေါင် ၉/အမဇ(နိုင်)၀၇၁၁၄၀ သည် မိဘဆိုဆုံးမမှုကို နားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ခဲ့သည့်အတွက် ၂၇-၉-၂၀၂၃ ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စရပ်များအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**
**ဒေါ်စန်းစန်း**

**မီး သတိပြု**

## ကြော်ငြာစာ
### ( အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ - ၂၈၃ )
### ညောင်ဦးခရိုင်တရားရုံးတော်၌
### ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၂၄
### ကွယ်လွန်သူ ဦးထွန်းထွန်း ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ဒေါ်မြင့်မြင့်စန်း (ဘ)ဦးအောင်မြင့် **လျှောက်ထားသူ**
တောင်ဘီလယ်ယားကျေးရွာ၊ တောင်ဘီအုပ်စု
ညောင်ဦးမြို့နယ်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ တောင်ဘီအုပ်စု၊ တောင်ဘီလယ်ယားကျေးရွာတွင် နေထိုင်ခဲ့သော ကွယ်လွန်သူခင်ပွန်း ဦးထွန်းထွန်း၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်မြင့်မြင့်စန်းက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက် (၁၃၈၅ ခုနှစ် သီတင်းကျွတ်လဆန်း ၁၃ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ခင်ပွန်း ဦးထွန်းထွန်း၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူ ဟူသမျှတို့သည် အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဤရုံးတော်သို့ အထက်ပါအမှုကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက် (၁၃၈၅ ခုနှစ် သီတင်းကျွတ်လဆန်း ၁၃ ရက်)တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့် သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်မြင့်မြင့်စန်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ဆုံးဖြတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီတာနွယ်)**
**ခရိုင်တရားသူကြီး**
**ညောင်ဦးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ (၁၇)ရပ်ကွက်၊ အကွက်အမှတ်(၁၉၅၊ လုပ်စာ) ဦးပိုင်အမှတ် ($၁၄၈^{၁.၇}$ + $၁၄၈^{၁.၆}$) ဧရိယာ ၀ ဒသမ ၁၀၃ ဧကရှိ မြေအား ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ (၄)ရပ်ကွက်၊ အောင်ဆုမင်္ဂလာလမ်းနေ ဒေါ်ခင်နွဲ့ယဉ် ၈/နမန(နိုင်)၀၀၅၂၀၀ မှ မြေငှားဂရန်အသစ်ရရှိရေးအတွက် နှစ်ဦးသဘောတူအိမ်ခြံမြေ အရောင်းအဝယ်စာချုပ်၊ မြို့နယ်တရားရုံးကျမ်းကျိန်လွှာ၊ မြို့နယ်လမ်းဦးစီးဌာန ထောက်ခံချက်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အသစ် ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မအူပင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာ

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့ အမှတ်(၁)ရပ်ကွက် ပွဲစားလမ်းနေ ကွယ်လွန်သူ အပျိုကြီး ဒေါ်သန်းသန်း (ဘ)ဦးတင်ကြည်၏ ကျန်ရစ်သော အမွေပစ္စည်းအရပ်ရပ်နှင့် စပ်လျဉ်း၍ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ ကျွန်ုပ်၏မိတ်ဆွေ စောမန်းဝင်း ၁၄/မအန(နိုင်) ၁၉၅၄၀၇ က ဒေါ်သန်းသန်း၏ သဘောဆန္ဒရှိခဲ့သည့်အတိုင်း ဒေါ်သန်းသန်း ပိုင်ဆိုင်သည့် အမွေပစ္စည်းအားလုံးကို ထူးကြီးမြို့ ဝါဆိုမဟာစည် သာသနာ့ရိပ်သာ၊ မဟာစည်ဝိပဿနာပြန့်ပွားရေးအဖွဲ့သို့ ကွယ်လွန်သူ ဒေါ်သန်းသန်းအားရည်စူး၍ ရေစက်ချလှူဒါန်းခြင်း၊ ဥပဒေနှင့်အညီ လှူဒါန်းခြင်းများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကွယ်လွန်သူ ဒေါ်သန်းသန်း၏ အမွေပစ္စည်းများတွင် အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများ ယူဆောင်လျက် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ရုံးချိန်အတွင်း၌ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ပေးအပ်လှူဒါန်းမှုများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်ဇော်ဝင်း ( LL.B )** | **ဦးတင်ထွဋ်ဇော် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၄၅)** | **အထက်တန်းရှေ့နေ (စဉ်-၅၄၁၆၁)** |
| **ဖုန်း-၀၉-၂၅၄၉၉၃၄၁၁** | **ဖုန်း-၀၉-၂၅၀၆၈၅၀၀၇** |

**အမှတ်(၃၁၇) ဦးရွှေဒွေးလမ်း၊ ရုံးကြီးရပ်ကွက်၊ ဟသ်ာတမြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေကွက်အမှတ်(၂၂၈)ဟုခေါ်တွင်သော အလျား(၆၀)ပေ x အနံ(၆၀)ပေ၊ ဧရိယာ ၀ ဒသမ ၀၈၂၅ ဧကရှိ မြေကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ဦးခင်မောင်ဝင်း(ဘ)ဦးအေးမောင် ၉/ပမန(နိုင်)၁၀၉၇၀၇ အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပြီး အဆိုပါ မြေကွက်အား ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့် ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင်အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇင်မင်းထိုက် (LLB)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၉၂၁/၂၀၁၆)**
**ပုရွက်ဆိတ်ကုန်းရွာ၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်။ ဖုန်း-၀၉- ၄၃၀၄၅၉၁၁**

❖ **ခေါင်းဆောင်များသည် အကျင့်စာရိတ္တကောင်းရမည်၊ သမာသမတ်ရှိရမည်၊ လက်အောက်အပေါ် စိတ်ကောင်း စေတနာကောင်းရှိရမည်ဖြစ်ပြီး ကိုယ်ချင်းစာစိတ်ဖြင့် ကွပ်ကဲအုပ်ချုပ်ရမည်ဖြစ်...**

❖ **ကိုယ်ချင်းစာမှုအပိုင်းတွင် နှစ်ပိုင်းရှိပြီး သဘောကောင်းခြင်းနှင့် စေတနာကောင်းခြင်းဟူ၍ရှိ...**

❖ **ရေတိုအလုပ်ဖြစ်စေရေးကြည့်၍ သဘောကောင်းသည့် ပုံစံမဟုတ်ဘဲ ရေရှည်အကျိုးကိုကြည့်၍ စေတနာထား ဆောင်ရွက်ရန်လို...**

❖ **မိမိအထက်အရာရှိများ၏ တာဝန်ထမ်းဆောင်မှုနှင့် မိမိလက်အောက်မှ အရာရှိ စစ်သည်များ၏ တာဝန်ထမ်းဆောင်မှုများ၊ အခက်အခဲများကို နားလည်မှုရှိရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) မှ နည်းပြအရာရှိကြီးများ၊ အမျိုးသမီးဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီးခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## အာရှအားကစားပြိုင်ပွဲတွင် မြန်မာဝူရှူးအားကစားမယ် စန္ဒီဦး အဆင့် ၉ နေရာရရှိ

ရန်ကုန် စက်တင်ဘာ ၂၇

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပလျက်ရှိသည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဝူရှူးပြိုင်ပွဲ စတုတ္ထနေ့ကို စက်တင်ဘာ ၂၇ ရက်က ဆက်လက်ကျင်းပရာ မြန်မာဝူရှူးအားကစားမယ် စန္ဒီဦး အဆင့် ၉ နေရာရရှိသည်။

စန္ဒီဦးသည် အမျိုးသမီး ကျန့်စု - ချန်းစုပြိုင်ပွဲ နှစ်ခုပေါင်းတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး အဆင့် ၉ နေရာသာရရှိခဲ့ခြင်း ဖြစ်သည်။ စန္ဒီဦးသည် ကျန့်စုပြိုင်ပွဲတွင် ၉ ဒသမ ၂၆၆ မှတ်၊ ချန်းစုပြိုင်ပွဲတွင် ၉ ဒသမ ၆၇၀ မှတ် စုစုပေါင်း ၁၈ ဒသမ ၉၃၆ မှတ် ရရှိခဲ့ခြင်း ဖြစ်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၅* ❖



မြန်မာဝူရှူးအားကစားမယ် စန္ဒီဦး ယှဉ်ပြိုင်စဉ်။

## လိဂ်ဗလားတတိယအဆင့် ပဲလေ့စ်ကို ဂိုးပြတ်အနိုင်ယူပြီး မန်ယူနောက်တစ်ဆင့်တက်



တိုက်စစ်ကစားသမား မာရှယ် မန်ယူအသင်းအတွက် တတိယဂိုး သွင်းယူစဉ်။

စက်တင်ဘာ ၂၈ ရက် နံနက် ၁ နာရီခွဲက အိုးထရက်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် လိဂ်ဗလားတတိယအဆင့်မှ မန်ယူနှင့် ခရစ္စတယ် ပဲလေ့စ်အသင်းပွဲစဉ်တွင် မန်ယူအသင်းက သုံးဂိုးပြတ်အနိုင်ရရှိကာ နောက်တစ်ဆင့်သို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့သည်။

မန်ယူအသင်းသည် ပြီးခဲ့သည့်ပွဲစဉ်မှ ကစားသမားစာရင်းကို ခုနစ်ဦးအထိ အပြောင်းအလဲပြုလုပ်ကာ ပဲလေ့စ်အသင်းကို ရင်ဆိုင်လာခဲ့ပြီး ပွဲချိန်တစ်လျှောက် ခံစစ်၊ ကွင်းလယ်နှင့် တိုက်စစ် အချိတ်အဆက်

*စာမျက်နှာ ၁၂ ကော်လံ ၅* ○

## အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံး ရှုံးထွက်ပွဲအဖြစ် မြန်မာနှင့် ဂျပန် ယနေ့ ယှဉ်ပြိုင်ကစားမည်

ရန်ကုန် စက်တင်ဘာ ၂၇

(၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ ရှုံးထွက်အဆင့် ဒုတိယနေ့ပွဲစဉ်များကို စက်တင်ဘာ ၂၈ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အာရှထိပ်သီး ဂျပန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရှုံးထွက်ပွဲစဉ် ရှစ်ပွဲအနက် ငါးပွဲကို စက်တင်ဘာ ၂၇ ရက်က ကျင်းပခဲ့ပြီး ကျန်သုံးပွဲကိုသာ ယနေ့ ကျင်းပမည်ဖြစ်သည်။ ရှုံးထွက်အဆင့် ဒုတိယနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဥဇဘက်ကစ္စတန်အသင်းနှင့် အင်ဒိုနီးရှားအသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် ဂျပန်အသင်းနှင့် မြန်မာအသင်း၊ အိန္ဒိယအသင်းနှင့် ဆော်ဒီအာရေဗျအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ *စာမျက်နှာ ၁၂ ကော်လံ ၅* ＊

**ယနေ့ သတင်းအညွှန်း**

**ဂီတစွမ်းအား ပြည်ထွန်းကား**
ဆောင်းပါး စာ ၁၀

**နျူကလီးယားလက်နက် မသုံးပါဟု ကတိပြုကြရန် နျူကလီးယားအင်အားကြီး နိုင်ငံများကို ကုလအကြီးအကဲ တိုက်တွန်း**
နိုင်ငံတကာသတင်း စာ ၁၃

**မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ ငွေကျပ် ၈ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)၄၃၅ ကီလို ဖမ်းဆီးရမိ**
ပြည်တွင်းသတင်း စာ ၁၆